၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

ပို့ဆောင်ဆက်သွယ်

သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၈)၊ အမှတ် (၁၈)

၂၀၁၈ခုနှစ်၊ စက်တင်ဘာ (၂၆)ရက်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် 1st ARIMM နှင့် GICC 2018 အစည်းအဝေးများတက်ရောက်

စာ-၁၆ »

ရန်ကုန်စာတိုက်ကြီးအဆောက်အအုံ နှစ် (၁၁၀) ပြည့်အခမ်းအနား ကျင်းပ

စာ-၁၅ »

အယ် ဒီ တာ့ အာ ဘော်

နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက် (၃)ရပ် မျက်ခြေမပြတ်ပြည့်ဖော်ဆောင်

နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက် (၃)ရပ် Government Mission ကို အောက်ပါအတိုင်းတွေ့ရသည်-

၁။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး၊

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟူ၍ ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေပြောကြားသည့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များအား အစီရင်ခံတင်ပြချက်မှ ကောက်နုတ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၂၈)၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြရန် ၂၀၁၈ခုနှစ် စက်တင်ဘာလ (၃)ရက်စွဲဖြင့် ဖိတ်ကြားခဲ့သည့်အတွက် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် ပြည်ထောင်စုအစိုးရအနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံခြင်းဖြစ်သည်။

စာမျက်နှာ (၂၀)ပါဝင်သည့် အစီရင်ခံစာ၏ နိဂုံးတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများရွေးချယ်တင်မြှောက်စဉ်က အပ်နှင်းခဲ့သည့် လုပ်ပိုင်ခွင့်များအား ပြည်သူအတွက် ဦးထိပ်ထားပြီး ပြည်သူနှင့်အတူ ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင် (၃)ရပ် Government Mission ကို ချမှတ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် အစိုးရအဆက်ဆက် ဖြေရှင်းရန်ကြိုးစားခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း (၇၀)ကျော်ကတည်းက မီးခဲပြာဖုံးတငွေ့ငွေ့ လောင်မြိုက်နေခဲ့ခြင်းဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် မီးတောက်အသွင် ပြင်းထန်စွာလောင်ကျွမ်းခဲ့သည်။ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလတွင် ARSA အကြမ်းဖက်အဖွဲ့အစည်းက တိုက်ခိုက်မှုများစတင်ခဲ့သည်။ ၂၀၁၇ခုနှစ်၊ ဩဂုတ်လအတွင်း ရဲစခန်းပေါင်း (၃၀)နှင့် တပ်မတော်တပ်ရင်းဌာနချုပ် (၁)ခုကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ပြီး အရှိန်ပြင်းစွာလောင်ကျွမ်းစေခဲ့သည်။

၎င်းဖြစ်စဉ်နှင့်ဆက်စပ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လူပေါင်းများစွာထွက်ခွာသွားခဲ့သည်။ အကျိုးဆက်အဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းအလယ်တွင် ပြစ်တင်ဝေဖန်ပြောကြားမှုများ အပြင်းအထန်ထွက်ပေါ်ခဲ့သည်။ ၂၁ရာစု ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ် Globalization နှင့် လိုက်လျောညီထွေဖြစ်စေမည့် ချဉ်းကပ်မှုအသစ်၊ ဒေသအမြင်၊ ကမ္ဘာ့အမြင်များဖြင့် လိမ္မာပါးနပ်စွာ ဖြေရှင်းရမည်ဖြစ်သည်။

သို့သော် တရားမျှတမှုမရှိသည့် စိန်ခေါ်မှုများ၊ တစ်ဖက်သတ်ဖိအားပေးစိန်ခေါ်မှုများကို ပြည်သူများ၏ညီညွတ်မှုအင်အားဖြင့် စုပေါင်းရင်ဆိုင် ကျော်လွှားရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး နိုင်ငံတော်အတိုင်ပင်ခံနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်များမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုပေါ်မှာ တိတိလင်းလင်းဝင်ရောက်စွက်ဖက်သည့် အနေအထားဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းမှ အကြမ်းဖက်မှုကိစ္စရပ်များသည် နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေသကဲ့သို့ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်စေသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လမ်းလွဲစေနိုင်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည်များလာရောက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ထက် ရခိုင်အရေးအား ရှေ့တန်းတင်ဆွေးနွေးနေကြခြင်းမှာ လည်းကောင်းမွန်သည့် လက္ခဏာမဟုတ်ချေ။ နိုင်ငံ၏အရေးကြီးသည့် လူတွေအကြားနှင့် တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်မှု ဖြိုခွဲဖျက်ဆီးမှုမှန်သမျှကို ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ထုတ်ပြန်ကြေညာခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင် (၃)ရပ် Government Mission ၏ပထမအချက်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးဟူသည့် ရည်မှန်းချက်မှ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအား အစဉ်တစိုက်ကြိုးစားဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက် နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ရန်ကုန်စာတိုက်ကြီး အဆောက်အအုံနှစ် (၁၁၀)ပြည့်အခမ်းအနားနှင့် တံဆိပ်ခေါင်းပြပွဲကိုကျင်းပပြုလုပ်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်နှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုး၊ ဦးသာဦးနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ Yangon City Heritage မှတာဝန်ရှိသူများ၊ JICA, MIC နှင့် Japan Post တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စာတိုက်လုပ်ငန်းနှင့် တံဆိပ်ခေါင်းဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် စာပို့သင်္ကေတ (Post Code) စာအုပ်ကို ထုတ်ဝေခဲ့သည်။ Post Code စာအုပ်အား ၁၉၈၀ပြည့်နှစ်နှင့် ၂၀၁၁ခုနှစ်တွင် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ စာပို့သင်္ကေတသည် ယခင်က စာတိုက်ဝန်ထမ်းများသာ သိရှိကြပြီး ပြည်သူများအနေဖြင့် မိမိနေထိုင်သည့်လိပ်စာမှာ မည်သည့်စာတိုက်က ပေးဝေနေသည်ကို မသိနိုင်ပဲ နီးစပ်ရာစာတိုက်များသို့ သွားရောက်မေးမြန်းစုံစမ်းမှုသာ သိရှိခွင့်ရခဲ့ကြသည်။

စာပို့သင်္ကေတဆိုသည်မှာ ပို့မည့်စာနှင့် ပစ္စည်းများကိုခွဲခြားပြီး လျင်မြန်လွယ်ကူစွာ ပို့ဆောင်နိုင်ရေးအတွက် ပို့ဆောင်မည့်နေရာ၏ စာတိုက်နံပါတ်ဖြစ်သည်။ ပို့မည့်စာနှင့် ပစ္စည်းတွင် စာပို့သင်္ကေတကို မှန်ကန်စွာရေးပေးခြင်းဖြင့် မိမိပေးပို့လိုသောနေရာများသို့ လျင်မြန်မှန်ကန်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ မိမိပေးပို့လိုသော လိပ်စာနှင့် စာပို့သင်္ကေတကို သေချာစွာရေးပေးရပါမည်။

စာပို့သင်္ကေတတွင် ဂဏန်းငါးလုံးပါရှိသည်။ ပထမနှင့် ဒုတိယဂဏန်းနှစ်လုံးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် တတိယနှင့် စတုတ္ထဂဏန်းနှစ်လုံးမှာ မြို့နယ်၊ ပဥ္စမမြောက်ဂဏန်းမှာ စာတိုက်ကို အသီးသီးကိုယ်စားပြုသည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်း (၃)တိုင်းရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်း၊ ကျေးရွာအုပ်စု၊ ကျေးရွာများအထိ ဖော်ပြပါရှိသည်။ ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှရရှိသည့် အချက်အလက်များနှင့် မြန် မာ့စာတိုက်ဝန်ထမ်းများ ကွင်းဆင်းလေ့လာပြုစုရေးဆွဲ ထားခြင်းဖြစ်ပါသည်။

စာပို့သင်္ကေတသည် နိုင်ငံတကာ၌ တွင်ကျယ်စွာအသုံးပြုနေသကဲ့သို့ မြန်မာ့စာတိုက်လုပ်ငန်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများပေးပို့လိုသည့် စာနှင့် ပစ္စည်းများလျင်မြန်မှန်ကန်တိကျစွာ ရောက်ရှိနိုင်စေရေး ဖြည့်ဆည်းဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပေသည်။

အနှစ်ချုပ်ဆိုရသော် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးဟူသည့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင် (၃)ရပ်၏ ပထမရည်မှန်းချက်အား ပို့ဆောင်ဆက်သွယ်ကဏ္ဍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် ပါဝင်တည်ဆောက်လျက်ရှိပါကြောင်း တင်ပြရေးသားအပ်ပါသည်။ ။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ တတိယ (၁၀)ရက်ပတ် အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၂- ၂၇) ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် စက်တင်ဘာလ (၂၈)ရက်နေ့မှ အောက်တိုဘာလ (၃)ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ အသီးသီးဆုတ်ခွာသွားနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆)ရက်မှ (၈) ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၄)ရက်မှ (၅)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၃-ပေမှ ၅-ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လက်ရှိရေမှတ်များအထက် ၁-ပေမှ ၃-ပေခန့် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၄-ပေမှ ၆-ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လက်ရှိရေမှတ်များအထက် ၁-ပေမှ ၃-ပေခန့် မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

ပုသိမ်မြို့၏ အနောက်မြောက်ဘက် သဘာဝဓာတ်ငွေ့ထွက်ရှိ

ပုသိမ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ (၁၀၀)ခန့်အကွာရှိ အကဲဖြတ်တွင်းရှေ့ရည်ထွန်း (၂) မှ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ကြောင်း စမ်းသပ်တွေ့ရှိကြောင်းသိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်မြို့၏ အနောက်မြောက်ဘက် (၁၀၂)ကီလိုမီတာခန့်အကွာ ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် အကဲဖြတ်တွင်းရှေ့ရည်ထွန်း (၂)ကို တူးဖော်နေသော တွင်းတူးစက် Dhirubhai Deep Water KG2 (DDKG2) သို့ ၂၂.၉. ၂၀၁၈ရက်နေ့ နံနက်ပိုင်းက သွားရောက်၍ တွင်းတူးဖော်စမ်းသပ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား တွင်းတူးစက်ပေါ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ အစုရှယ်ယာဝင်များဖြစ်သည့် MPRL E&P၊ Woodside နှင့် Total ကုမ္ပဏီတို့မှ တာဝန်ရှိသူများက တွင်းတူးဖော်ခဲ့မှုအခြေအနေ၊ သဘာဝဓာတ်ငွေ့စမ်းသပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အကဲဖြတ်တွင်းတူးဖော်စမ်းသပ်နေမှုအခြေအနေများအား လိုက်လံစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် အကဲဖြတ်တွင်း ရှေ့ရည်ထွန်း (၂)အား ၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် စတင်တူးဖော်ခဲ့ပြီး ဩဂုတ်လ (၂၉) ရက်နေ့တွင် ရည်မှန်းအနက် ၄,၈၅၀ မီတာ (၁၅,၉၁၂ ပေ) အထိ တူးဖော်ခဲ့ရာ အနက် (၄၃၇၃) မီတာခန့်တွင် သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် အသားတင်ထုတ်ယူရရှိနိုင်မည့် သဲကြောအထု (၄၀) မီတာခန့်ကို စမ်းသပ်တွေ့ရှိခဲ့ပါသည်။

မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် MPRL E&P Pte Ltd. မှ ရင်းနှီးမြှုပ်နှံမှု (၂၀%)၊ ဩစတြေးလျနိုင်ငံ Woodside Energy (Myanmar) Pte Ltd. မှ (၄၀%)၊ ပြင်သစ်နိုင်ငံ Total E&P Myanmar Co., Ltd. မှ (၄၀%) အသီးသီးအချိုးကျပါဝင်ကာ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အကဲဖြတ်တွင်း ရှေ့ရည်ထွန်း-၂ကို လုပ်ကွက် A-6 ၏ ပဋ္ဌမမြောက်တွင်းအဖြစ် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၏ အနောက်မြောက်ဘက်ကီလိုမီတာ (၁၀၀) ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်တွင် ရေအနက် (၂၃၂၅) မီတာနေရာ၌ တူးဖော်ခဲ့ခြင်းဖြစ်ပြီး ရှာဖွေရေးတွင်း၊ အကဲဖြတ်တွင်းများ တူးဖော်ခြင်း၊ ရှာဖွေခြင်းဆိုင်ရာလုပ်ငန်းများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည်။

ဝါဖလေ

Data
CarryPlus

MPT

1GB

၉၉၉ ကျပ်

***777#**

2GB	၁၉၉၉ ကျပ်
4GB	၃၉၉၉ ကျပ်

သက်တမ်းကုန်ပြီး (၇) ရက်အတွင်း နောက်ထပ် Data Carry Plus Package
ဝယ်ယူပါက လက်ကျန် data များကို ဆက်လက်အသုံးပြုနိုင်ပါမည်။

မြန်မာအမျိုးသားလေကြောင်းမှ ယခုနှစ်အကုန်ပိုင်းတွင် ပြည်ပခရီးစဉ်အသစ်များပြေးဆွဲရန်စီစဉ်

ပလက်တီနမ်ရတု(နှစ်၇၀)ပြည့်ပြီဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းသည် ယခုနှစ်အကုန်ပိုင်းတွင် ပြည်ပခရီးစဉ်အသစ်များပြေးဆွဲပေးရန် စီစဉ်နေပြီးလေကြောင်းလိုင်းတွင်အသုံးပြုရန်အတွက် ATR လေယာဉ်အသစ်များလည်း မှာယူထားကြောင်းသိရသည်။

၁၉၄၈ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းသည် ပလက်တီနမ်ရတု(နှစ်၇၀)သို့ရောက်ရှိလာပြီဖြစ်ပြီး လက်ရှိတွင်Boeing၊ Embraer ATR၊ Carvan လေယာဉ်များဖြင့်ပြည်တွင်းလေဆိပ်ပေါင်း ၂၈ ခုနှင့်ပြည်ပခရီးစဉ်များအဖြစ်စင်္ကာပူ၊ ဘန်ကောက်၊ ဟောင်ကောင်၊ ချင်းမိုင်၊ ဗုဒ္ဓဂါယာမြို့များသို့ ပြေးဆွဲပေးလျက်ရှိသည်။ ထို့ပြင်တရုတ်နိုင်ငံချန်ဒူး၊ ဂူဟမ်မြို့များသို့ ယခုနှစ်အတွင်းခရီးစဉ်တိုးချဲ့ပြေးဆွဲပေးနိုင်ရန်စီစဉ်နေကြောင်း မြန်မာအမျိုးသားလေကြောင်းမှစီးပွားရေးအရာရှိချုပ် ဦးနိုင်စောလွင်ကပြောသည်။

"အခုလောလောဆယ်မှာတော့ပြည်တွင်း ၂၈မြို့ကိုပြေးဆွဲပေးနေပါတယ်။ ပြည်ပကတော့ဟောင်ကောင်၊ စင်္ကာပူ၊ ဘန်ကောက်၊ ချင်းမိုင်၊ ဂါယာတို့ကိုလက်ရှိပြေးဆွဲပေးနေပါတယ်။ လာမယ့်အောက်တိုဘာ၊ နိုဝင်ဘာလောက်မှာဆိုရင် တရုတ်နိုင်ငံချန်ဒူးမြို့ကိုပြေးဆွဲဖို့စီစဉ်နေပါတယ်။ ဒီဘက်ကစာရွက်စာတမ်းကိစ္စအတွက်တော့ပြီးပါပြီ။ ဟိုဘက် DCA (လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) ကအစစ်ဆေးခံဖို့ကိစ္စတွေရှိသေးတော့အဲဒါတွေလုပ်ပြီးသွားရင်ကြေငြာပေးပါမယ်။ အခုလောလောဆယ်မှာက Boeing က၄ စီးရှိတယ်။ Embraer ၂စီးရှိတယ်။ ATR က၈စီးရှိပါတယ်။ Carvan က ၂စီးရှိပါတယ်။ လက်ရှိမှာတော့အဲဒီလေယာဉ်တွေနဲ့ ပြေးဆွဲပေးနေပါတယ်။ လာမယ့်နိုဝင်ဘာလမှာ ATR 72-600 အသစ်တစ်စီးထပ်ရောက်မယ်။ ဒီဇင်ဘာမှာနောက်ထပ်အသစ်တစ်စီးထပ်ရောက်ပါမယ်"ဟုင်းကပြောသည်။

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် တစ်နှစ်ထက်တစ်နှစ်ခရီးသည်တိုးမြှင့်ရရှိရေးကိုဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင်ငါးသိန်း၊ ၂၀၁၆ ခုနှစ်တွင်တစ်သန်း၊ ၂၀၁၇ ခုနှစ်တွင်တစ်သန်းခွဲရရှိခဲ့ပြီး ယခုနှစ်တွင်နှစ်သန်းခန့်ရရှိနိုင်မည်ဟုခန့်မှန်းထားသည်။ ထို့ပြင်လေကြောင်းပျံသန်းမှုဆိုင်ရာလုံခြုံစိတ်ချမှုအစီအမံများကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများဖြစ်သော ဂျပန်လေကြောင်း၊ ကာတာလေကြောင်း၊ ဂါရူဒါလေကြောင်းတို့နှင့်ခရီးစဉ်ချိတ်ဆက်ပျံသန်းမှုသဘောတူညီချက် (Interline Dealing) ရယူဆောင်ရွက်ခဲ့ပြီးအမ်းမရိတ်၊ ထိုင်းလေကြောင်း၊ ဗီယက်နမ်လေကြောင်းများနှင့်လည်းဆောင်ရွက်နေဆဲဖြစ်ကြောင်းသိရသည်။

တင်မောင်(ပို့/ဆက်)၊
အိမ်စည်

MMU ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်မှ နောက်ဆုံးနှစ်ကျောင်းသားများအား မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ သီလဝါ (MITT) မှ ပညာသင်ဆုပေးအပ်

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ သီလဝါ (MITT) မှ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်မှ နောက်ဆုံးနှစ်ကျောင်းသား/သူများအား ပညာသင်ဆုပေးအပ်သည့် အခမ်းအနားအား စက်တင်ဘာလ (၆)ရက် နံနက် (၁၀:၀၀)နာရီတွင် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား)၊ ပါမောက္ခ/ ဌာန မှူးများ၊ ဆရာ/ဆရာမများ၊ မော်ကွန်းထိန်းများ၊ စာကြည့်တိုက်မှူးနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ သီလဝါ (MITT) မှ General Manager ဦးမင်းကြည်နှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသား/ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ပါမောက္ခချုပ်မှ ဒေါက်တာမြတ်လွင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး General Manager ဦးမင်းကြည်မှ ပညာသင်ဆုထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ General Manager ဦးမင်းကြည်မှ ပညာသင်ဆုရရှိသည့် ကျောင်းသားများအား တစ်ဦးချင်းအလိုက် အမေရိကန်ဒေါ်လာ (၂၀၀)အားပေးအပ်ချီးမြှင့်ခဲ့ပြီး ပညာသင်ဆုရရှိသည့် ကျောင်းသားများကိုယ်စား ဆုရကျောင်းသူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။ ထို့နောက် ပါမောက္ခချုပ်မှ ပညာသင်ဆုပေးအပ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ သီလဝါ (MITT) အားကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

MITT အနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားများ အထူးအဖြင့် ဆိပ်ကမ်းအင်ဂျင်နီယာကျောင်းသားကျောင်းသူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်စဉ်ဆိပ်ကမ်းအင်ဂျင်နီယာနောက်ဆုံးနှစ် ထူးချွန်ကျောင်းသား (၁၀)ဦးအား ရွေးချယ်ပြီး တစ်ဦးလျှင်အမေရိကန်ဒေါ်လာ (၁၀၀)စီပေးအပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ စတင်၍ ကျောင်းသားတစ်ဦးစီအား အမေရိကန်ဒေါ်လာ (၂၀၀)ထိ တိုးမြှင့်ပေးအပ်ချီးမြှင့်ပေးခဲ့ပါသည်။ ထို့အပြင် ၂၀၀၇ခုနှစ်မှစတင်၍ ဆိပ်ကမ်းအင်ဂျင်နီယာ ကျောင်းသားများထဲမှ အထူးချွန်ဆုံးကျောင်းသားတစ်ဦးအား MITT ၏မိခင် ကုမ္ပဏီဖြစ်သော Hutchison Port Holding မှ ရွှေတံဆိပ်ဆု (Hutchison Port Holding HPH) နှင့် ငွေသားအဖြစ် အမေရိကန်ဒေါ်လာ (၁၀၀၀)ကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့ရာ ယခုနှစ်အထိ (၁၂)ကြိမ်တိုင်တိုင် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

MITT အနေဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဆရာ/ ဆရာမများအား လုပ်ငန်းခွင်လေ့လာရေး အနေဖြင့်လည်း ၂၀၀၅ ခုနှစ်တွင် ပါမောက္ခ (၄)ဦးတို့အား ထိုင်းနိုင်ငံ၊ လောင်ချဘန် ဆိပ်ကမ်းတည်ဆောက်ရေး လုပ်ငန်းခွင်လေ့လာရေးကို စေလွှတ်ခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ဆိပ်ကမ်းအင်ဂျင်နီယာ ဘွဲ့ရကျောင်းသားများထဲမှ (၃) ဦးအား ရွေးချယ်၍ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တော်ရှိ Saigon International Terminals Vietnam (SITV) ၏ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင်တွင် (၆)လတာ အင်ဂျင်နီယာ လုပ်ငန်းများတွင် လက်တွေ့ပါဝင်ရန် စေလွှတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း သိရသည်။

တင်မောင်- ပို့/ဆက်

မန္တလေး-ကွမ်ကျိုးတိုက်ရိုက်ခရီးစဉ်ကိုလာမည့် လဆန်းပိုင်းတွင်စတင်ပျံသန်းမည်

တရုတ်နိုင်ငံကွမ်ကျိုးအခြေစိုက်ကျုံယွမ် 9Air လေကြောင်းကုမ္ပဏီသည်လာမည့် အောက်တိုဘာလဆန်းတွင်မန္တလေး-ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်သစ်ကိုစတင်ပျံသန်းပြေးဆွဲနိုင်ရန် စီစဉ်နေကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

အဆိုပါခရီးစဉ်ကို တရုတ်နိုင်ငံဂွမ်ဒေါင်းပြည်နယ်ကွမ်ကျိုး Baiyun အပြည်ပြည်ဆိုင်ရာလေဆိပ်မှမန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကျုံယွမ်လေကြောင်းကုမ္ပဏီမှအောက်တိုဘာ ၂ရက်တွင်တရားဝင်ဖွင့်လှစ်ပျံသန်းပြေးဆွဲရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ထားပြီးဖြစ်ကာတစ်ပတ်လျှင်သုံးကြိမ်ပျံသန်းပြေးဆွဲနိုင်ရန် လျှာထားကြောင်းဎင်းကဆိုသည်။

"သူတို့ကပြေးဆွဲဖို့အတွက်တင်ပြထားတယ်။ ဒါကိုဝန်ကြီးရုံးကိုတင်ထားတယ်။ တစ်ပတ်ကိုသုံးကြိမ်ပြေးဆွဲပေးနိုင်ဖို့စီစဉ်နေတာပါ"ဟုဎင်းကပြောသည်။

ယင်းသို့ပြေးဆွဲပေးရာတွင် ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်အသစ်ဖြင့် အပတ်စဉ်(အင်္ဂါ၊ကြာသပတေး၊စနေနေ့)များတွင်အသွားအပြန်တစ်ကြိမ်စီပျံသန်းမည်ဖြစ်ကာကွမ်ကျိုးမှ ဒေသစံတော်ချိန် ၁၂:၀၅ တွင်ထွက်ခွာမည်ဖြစ်ပြီးမန္တလေးသို့ ၁၃:၄၀ နာရီတွင်ဆိုက်ရောက်ဖြစ်ကာမန္တလေးလေဆိပ်မှ ၁၄:၄၀ တွင်ထွက်ခွာပြီးကွမ်ကျိုးသို့ ၁၈:၅၅နာရီတွင်ဆိုက်ရောက်မည်ဖြစ်သည်။

9Air လေကြောင်းကုမ္ပဏီသည် ကွမ်ကျိုးအခြေစိုက်စရိတ်သက်သာသောလေကြောင်းလိုင်းတစ်ခုဖြစ်ပြီး လက်ရှိတွင်တရုတ်ပြည်တွင်းမြို့များအပြင် တောင်အာရှ၊ အရှေ့တောင်အာရှ၊ မြောက်အာရှ၊ အရှေ့မြောက်အာရှနှင့်ဩစတြေးလျမြောက်ပိုင်းနိုင်ငံများသို့ ဘိုးရင်းအမျိုးအစားလေယာဉ်ဖြင့်ပျံသန်းပြေးဆွဲပေးနေသည်။ ယခုပြေးဆွဲပေးမည်မန္တလေး-ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်ကို တစ်ပတ်လျှင်သုံးကြိမ်၊ စီစဉ်ထားပြီး အသွားအပြန်တစ်ကြိမ်စီ ပျံသန်းပေးဆွဲရန်စီစဉ်ထားကြောင်းသိရသည်။

တင်မောင်(ပို့/ဆက်)၊အိမ်စည်

ပို့ဆောင်ဆက်သွယ် TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ
ဦးနီအောင်

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
နေလင်း

ငွေစာရင်းအရာရှိ
ကျော်သူရ

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်

စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ဇင်ဘိုထွန်း

သတင်း (ရထား)
အောင်ဆန်းဦး

စာတည်း
တင်မောင်

သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်

သတင်း (ဆက်သွယ်ရေး)
လှမျိုး

ကာတွန်းသရုပ်ဖော်
မောင်တင်ယု

သတင်းထောက်
အိမ်စည်
သဇင်ဖူး
ပိုးဟေမာ

ကွန်ပျူတာ
ခိုင်ယုသွယ်
မင်းခန့်ဇော်
အောင်ကောင်းဆက်
မေသဉ္ဇာငွေး

ထုတ်ဝေသူ
နီအောင်
၀၀၄၉၆

ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာ များအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

တိုက်တည်နေရာ- ၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)
ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃၊

email-thetransportnews@gmail.com

ကြော်ငြာများထည့်သွင်းလိုပါက- ဖုန်း၊ ၀၁-၈၆၁၀၁၉၁၊ ၀၉-၄၂၁၀၁၃၆၆၇

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ သားသမီးများအားပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဩဂုတ်လ (၃၁)ရက်နေ့လည် (၁၂း၀၀)နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပင်မဆောင်၊ အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်သည်။ အဆိုပါအခမ်းအနားသို့ ပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာ ဌာနမှူးများ၊ မော်ကွန်း ထိန်းများ စာကြည့်တိုက်မှူးနှင့် ကျောင်းသားကျောင်းသူ များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပါမောက္ခချုပ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် (၅)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် ပါမောက္ခ/ဌာနမှူး ဒေါ်မြင့်မြင့်ခိုင်၏ သားဖြစ်သူမောင်ချမ်းမြေ့ကျော်အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုအားလည်းကောင်း၊ ရိုးရိုးအောင်မြင်သည့် ကျောင်းသားကျောင်းသူ (၅)ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများအား အသီးသီးပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ဒုတိယပါမောက္ခချုပ် (တာဝန်)နှင့် ဘာသာရပ်ဆိုင်ရာဌာနမှူးများမှ ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွင် တက်ရောက်နေသူ (၇)ဦးနှင့် ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်/ ကောလိပ်တက်ရောက်နေသူ (၁၀)ဦးတို့အားလည်းကောင်း၊ ၂၀၁၈-၂၀၁၉ပညာသင်နှစ်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် တက်ရောက်နေသည့် ဝန်ထမ်းသားသမီး စုစုပေါင်း (၁၀၁)ဦး တို့အားလည်းကောင်း ပညာသင်ထောက်ပံ့ကြေးများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယခုနှစ်အတွက် စုစုပေါင်းထောက်ပံ့ကြေးငွေကျပ် (၉၂၁၄၃၄)ကျပ်အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မောင်- ပို့/ဆက်

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ပြုလုပ်

ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာလ (၁၂)ရက်၊ နေ့လည် (၁း၀၀)နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ဟောပြောဆွေးနွေးခဲ့ပါသည်။ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာဌာနမှူးများနှင့် ဆရာ/ ဆရာမများ၊ စီမံရေးရာဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် မော်တော်ယာဉ်ဌာနမှ ယာဉ်မောင်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအား ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်)မှ ဒု-ဦးစီးမှူးဖြစ်သူ ဦးချမ်းကျော်နှင့် အဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်သည့် သိသင့်သိထိုက်သည်များအား ဟောပြောပေးခဲ့ပါသည်။ ထို့နောက် ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာသူများမှ သိရှိလိုသည်များအား အပြန်အလှန်ဆွေးနွေးပေးခဲ့ပြီး ယာဉ်မောင်းလိုင်စင်ပြုလုပ်လိုသူများကိုလည်း လိုင်စင်များအား ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

တင်မောင်- (ပို့/ဆက်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ထုတ်ဝေသည့် နှစ်ပတ်လည်မဂ္ဂဇင်းတွင် ရေးသားခဲ့ကြသည့် စာမူရှင်များအား ဂုဏ်ပြု

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ နှစ်ပတ်လည်မဂ္ဂဇင်းနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နှစ်ပတ်လည်မဂ္ဂဇင်းတွင် ပါဝင်ရေးသားကြသည့် စာမူရှင်များအား ဂုဏ်ပြုပွဲကို စက်တင်ဘာလ (၁၁)ရက် နေ့ နံနက် (၁၁း၀၀)နာရီတွင် Assembly Hall တွင် ကျင်းပပြုလုပ်ပါသည်။ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာ ဌာနမှူးများ၊ စီမံရေးရာဌာနများမှဌာနမှူးများ၊ မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီမှ ဆရာ/မများနှင့် ဖိတ်ကြားထားသည့်စာမူရှင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ၎င်းနောက် ပါမောက္ခချုပ်မှ မဂ္ဂဇင်းများတွင် ပါဝင်ရေးသားခဲ့ကြသည့် စာမူရှင်များအား တစ်ဦးချင်းအလိုက် စာမူဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား တစ်ဦးချင်းအလိုက်ပေးအပ်ခဲ့ပါသည်။ ထို့နောက် အမှတ်တရစုပေါင်းဓါတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

တင်မောင်- ပို့/ဆက်

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ အတန်းတင်စာမေးပွဲ စတင်ကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပထမနှစ်မှ ပဥ္စမနှစ်ထိ ဘွဲ့ကြိုသင်တန်းများ၊ ပထမနှစ်နှင့် ဒုတိယနှစ်၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ Post Graduate Diploma in Transport & Logistics Management သင်တန်းများ၏ အတန်းတင်စာမေးပွဲနှင့် မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများ၏ ပထမနှစ်ဝက် စာမေးပွဲများအား ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ စက်တင်ဘာလ (၁၇)ရက်နေ့မှစတင်စစ်ဆေးလျက်ရှိပြီး စက်တင်ဘာလ (၂၈)ရက်နေ့တွင် စာမေးပွဲများပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်- ပို့/ဆက်

ကုန်သွယ်ရေကြောင်းအရာရှိလောင်းနှင့် အင်ဂျင်နီယာအရာရှိလောင်း သင်တန်းသားများအား JSM ကုမ္ပဏီမှ Scholarship ပေးအပ်

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ရှိ ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းမှ သင်တန်းသားများအား JSM ကုမ္ပဏီမှ Scholarship ပေးအပ်ပွဲအခမ်းအနားကို လေးထပ်စာသင်ဆောင် မြေညီထပ်ရှိ Multi-media Room တွင် စက်တင်ဘာလ (၁၂)ရက်၊ ညနေ (၁၅း၀၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဆရာ/ဆရာမများ၊ JSM ကုမ္ပဏီ ကိုရီးယားရုံးချုပ်မှ President Mr. S.S.Gim နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဆုရကျောင်းသားများနှင့် မိဘများစုံညီစွာ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးဇင်မောင်ထွန်းမှ အဖွင့်အမှာစကား ပြောကြားပါသည်။

ထို့နောက် JSM ကုမ္ပဏီ ကိုရီးယားရုံးချုပ်မှ President Mr. S.S.Gim မှ နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး Scholarship ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပါသည်။

ထို့နောက် Scholarship ရရှိသော ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းသား (၂၁)ဦးနှင့် ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း (၁၈)ဦး၊ စုစုပေါင်း (၃၉)ဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မောင်-ပို့/ဆက်

The Sixth Seminar for PSCOs on Port State Control in the Indian Ocean MoU Region ကျင်းပ

ဆိပ်ကမ်းနိုင်ငံအစိုးရ၏ နိုင်ငံခြားသင်္ဘောစစ်ဆေးရေး မှူးများ နှီးနှောဖလှယ်ပွဲ (Port State Control Officers - PSCOs Seminar)အား အိမ်ရှင်အဖြစ် ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်၌ စက်တင်ဘာလ (၁၀)ရက်၊ နံနက် (၁၁:၀၀)နာရီအချိန်ကကျင်းပရာ ရေကြောင်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးရဲမြင့်နှင့်တာဝန်ရှိသူများ၊ IOMOU အဖွဲ့ဝင်နိုင်ငံ များမှ ကျွမ်းကျင်သူပညာရှင်များနှင့် ပြည်တွင်း/ ပြည်ပမှ သင်တန်းသား (၃၁)ဦးတက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက် တွင် India Ocean Memorandum of Understanding (IOMOU) on Port State Control ၏ အဖွဲ့ဝင်နိုင် ငံဖြစ်လာခဲ့ပြီး ယခုအခါအဖွဲ့ဝင်နိုင်ငံပေါင်း (၂၀)နိုင်ငံအ ထိရှိလာပြီဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲအား IOMOU အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားသင်္ဘောများစစ်ဆေးခြင်း ကိစ္စရပ်များကို International Conventions ပါ သတ်မှတ်ချက်များအတိုင်း ဟန်ချက်ညီညီပူးပေါင်းဆောင် ရွက်ခြင်းဖြင့် ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စံနှုန်းသတ်မှတ် ချက်များနှင့်ကိုက်ညီမှုမရှိသောသင်္ဘောများ ဝင်ရောက် ခြင်းမှတားဆီးနိုင်ခြင်း ထိရောက်စွာကာကွယ်တားဆီးနိုင် ရန်ရည်ရွယ်၍ IOMOU နှင့် မြန်မာနိုင်ငံ၊ ရေကြောင်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ကျင်းပပြု လုပ်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲအားကျင်း ပပြုလုပ်ခြင်းဖြင့် IOMOU အဖွဲ့ဝင်နိုင်ငံများရှိ Port State Control Officers များအနေဖြင့် ပညာရပ်ဆိုင်ရာ ဗဟုသုတပိုမိုတိုးပွားစေနိုင်ခြင်း၊ အတွေ့အကြုံဖလှယ်ခွင့်ရ ရှိနိုင်ခြင်းနှင့် ခေတ်နှင့်အညီတိုးတက်ဖြစ်ပေါ်ပြောင်းလဲ နေသည့် သတင်းအချက်အလက်များအား ပိုမိုသိရှိနိုင်စေ ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲအား IOMOU အဖွဲ့ဝင်နိုင်ငံ များတွင် အိမ်ရှင်အဖြစ်အလှည့်ကျ ကျင်းပပြုလုပ်ခဲ့ရာယခု ဆဋ္ဌမအကြိမ်မြောက် The Sixth Seminar for PSCOs on Port State Control အား မြန်မာနိုင်ငံမှအိမ်ရှင် အဖြစ်လက်ခံကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်မှ (၁၄)ရက်နေ့အထိ(၅) ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

တင်မောင် (ပို့/ဆက်)၊ အိမ်စည်

ရန်ကုန်-မန္တလေး ရထားလမ်းအား စက်တင်ဘာ ၂၁ရက်မှစ၍ ပုံမှန်ပြေးဆွဲ

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းကို ဩဂုတ်လ ၂၉ရက်ကသဘာဝဘေးဒဏ်အရရပ်နားခဲ့ရာ စက်တင်ဘာ လ ၂၁ရက်မှစတင်ပြီး ပုံမှန်ခရီးစဉ်လမ်း ကြောင်းအတိုင်း ပြန်လည်ပြေးဆွဲပေးခဲ့ကြောင်း မြန်မာ့မီးရထားတိုင်း (၇) မှသိရသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဩဂုတ် ၂၉ရက်၌ဆွာချောင်းရေကြီးမှုဖြစ်ခဲ့သဖြင့် ရေတာရှည် ကုန်းကြီး-ဆွာရထားလမ်းပိုင်းပိတ်ဆို့ထားခဲ့ရာ၌ ယခု အခါတွင်အစုန်လမ်းပြုပြင်ခဲ့ပြီး လမ်းများပုံမှန်ကောင်းမွန် လာမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်းပြေး ဆွဲနေသောရထားအားလုံးကို ပုံမှန်အချိန်စာရင်းအတိုင်း ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

"လမ်းတွေပုံမှန်ကောင်းသွားပြီဖြစ်တဲ့အတွက် ရန်ကုန် -မန္တလေး-ရန်ကုန်ပြေးဆွဲနေတဲ့ ရထားအားလုံးကိုစက် တင်ဘာ ၂၁ ရက်ကစပြီးတော့ ပုံမှန်ခရီးစဉ်အတိုင်းပြေး ဆွဲပေးသွားမှာဖြစ်ပါတယ်"ဟု မန်နေဂျာဦးဇော်လွင်က ပြောသည်။

ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့ထွက်ခွာပေးမည့် ရထားများအနေဖြင့် မနက် ၄နာရီတွင်အမှတ် ၁အဆန် စာပို့ရထား မနက် ၆နာရီအတွင်အမှတ် ၁၁အဆန်အမြန် ရထားညနေ ၃နာရီတွင် အမှတ်၅အဆန်အမြန်ရထား ညနေ ၅နာရီတွင် အမှတ် ၃အဆန်ရထားတို့ပြန်လည် ပြေးဆွဲခဲ့သည်။

ခရီးသွားပြည်သူများ ရန်ကုန်ဘူတာကြီး၌ရထားလက် မှတ်လွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက်မြန်မာ့မီးရထား တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ် သကဲ့သို့ ခရီးသွားပြည်သူများလုံခြုံရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်ထားကြောင်း၊ ခရီးသည်များ၏တစ် ပိုင်တစ်နိုင် ပစ္စည်းများကိုသယ်ယူမှုလွယ်ကူစေရေးအ တွက်လက်တွန်းလှည်း(၂၅)စီးကိုလည်း အခမဲ့အသုံးပြု နိုင်ရန်စီစဉ် ဆောင်ရွက်ပေးထားကြောင်းလည်းသိရ သည်။

ကျော်ကျော်

မော်တော်ယာဉ် မှန်/မမှန်စစ်ဆေးရန် ကညနရုံးများသို့ တိုက်ရိုက်ဆက်သွယ်စစ်ဆေးနိုင်



မော်တော်ယာဉ်မှန်/မမှန် စစ်ဆေးရန်သက်ဆိုင်ရာ ကညနရုံးများသို့ ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ဆက်သွယ် စစ်ဆေးနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဦးစီးမှူးဦးလျန်ကျင့် မန်ကပြောကြားသည်။

ယာဉ်စစ်ဆေးရာတွင်လည်း ဌာနသို့တရားဝင်စစ် ဆေးခ ၅၀၀၀ ကျပ်(ငါးထောင်)ကျပ်သာကျသင့်မှာဖြစ် ကြောင်း၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဩဂုတ်လ ၂၀ရက်မှစပြီးကြိုတင်ရက်ချိန်းရယူသည့် စနစ် (Online Booking System) ဖြင့်ဆောင်ရွက် ပေးလျက်ရှိရာ၊ ယနေ့ချက်ချင်းစစ်ဆေးမှုအဆင်ပြေမည် ဆိုလျှင်ဦးစီးဌာနသို့ အကြောင်းကြားပြီးစစ်ဆေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မှန်/မမှန်စစ်ဆေးရာတွင်ယာဉ်၏ဘောင်အမှတ်၊ ဘောင်အမှတ်ပါ Member တန်းတစ်လျှောက်ဆက် စပ်နေသည့်ယာဉ်အစိတ်အပိုင်းများကို စိစစ်ရပြီး၊ ယာဉ် အတွက်ထုတ်ပေးထားသည့် Certificate of Vehicle Registration(CVR)၊ Vehicle Inspection Sticker (VIS)၊ နှင့်ယာဉ်မှတ်ပုံတင်စာအုပ်တို့အား ဌာနရှိမှတ် တမ်းများနှင့်တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှုရှိမရှိဆောင် ရွက်ရသည်။

ယာဉ်မှန်/မမှန်စစ်ဆေးခြင်းကို ကြိုတင်ရက်ချိန်းရ ယူထားသည့် ယာဉ်စီးရေ၏ရာခိုင်နှုန်း ၆၀ သာလာရောက် ဆောင်ရွက်ကြပြီး ကျန်ရာခိုင်နှုန်းမှာလာရောက်ခြင်းမရှိသောကြောင့် အမှန်တကယ်ဆောင်ရွက်လိုသောယာဉ် များအခက်အခဲများ အဆင်မပြေမှုများရှိနိုင်ကြောင်း၊ သို့ ဖြစ်၍အမှန်တကယ်အခက်အခဲရှိပါက ဦးစီးဌာနသို့ဆက် သွယ်အကူအညီတောင်းနိုင်ကြောင်းသိရသည်။

ကျော်ကျော်

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ပြင်ပယာဉ်ကြီးမောင်းသင်တန်းဖွင့်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ ဆောင်ဆက်သွယ်ရေးကျောင်း၌ ပြင်ပယာဉ်ကြီးမောင်းသင် တန်း အမှတ်စဉ် (၂၄/၂၀၁၈)ကို စက်တင်ဘာလ (၁၇)ရက် နံနက် (၉)နာရီ (၁၅)မိနစ်က ကျောင်းအောင်ဆန်းခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင် သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပြင်ပမှသင်တန်းသူ၊ သင်တန်း သား (၇၀)ဦးတက်ရောက်ကြပြီး က-ည-န မှစာတွေ့လက် တွေ့စစ်ဆေး၍ အောင်မြင်သူများကို (င)လိုင်စင် ထုတ်ပေး သွားမည်ဖြစ်သည်။ သင်တန်းကြေး နှစ်သိန်းသုံးသောင်း ပေးသွင်းရပြီး သင်တန်းကာလ (၃)ပတ်ကြာမြင့်မည်ဖြစ် ကြောင်းသိရသည်။

ပြင်ပယာဉ်ကြီးမောင်းသင်တန်း အမှတ်စဉ် (၂၅/ ၂၀၁၈) အား အောက်တိုဘာလ (၁၅)ရက်တွင် ထပ်မံဖွင့် လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများဗဟိုပို့ဆောင်ဆက် သွယ်ရေးကျောင်း ဦးအောင်မျိုးလွင် ဖုန်း > ၀၉ ၄၀၂၇၃၉၇ ၇၄ သို့စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကျော်ကျော်

ဂြိုဟ်တုဖုန်းအကြောင်း သိမှတ်စရာ

ဂြိုဟ်တုဖုန်းမည်သို့ အသုံးပြုပါသလဲ

ဂြိုဟ်တုဖုန်းသည် မိုဘိုင်းဖုန်းအမျိုးအစား တစ်မျိုးဖြစ်သော်လည်း မြေပြင်တွင်ရှိသော မိုဘိုင်းတာဝါတိုင်ရှိစခန်းများနှင့်ဆက်သွယ်မှုမပြုလုပ်ဘဲ အာကာသပတ်လမ်းတွင် သွားနေသော ဂြိုဟ်တုများနှင့် တိုက်ရိုက်ဆက်သွယ်ပေးထားသည်။

ယင်းတို့သည် မြေပြင်မိုဘိုင်းဖုန်းများကဲ့သို့ ဖုန်းပြောဆိုနိုင်ခြင်း၊ Message ပို့နိုင်ခြင်းနှင့် Internet အသုံးပြုခြင်း စသည့် အလားတူသည့်စွမ်းဆောင်ရည်များကို ပေးစွမ်းနိုင်သည်။

လွှမ်းခြုံဧရိယာ (Coverage) ဟု ခေါ်သည့် ဆက်နွယ်အသုံးပြုနိုင်မှု ဧရိယာ (Satellite Foot Print) သည် အထူးသီးသန့်တည်ဆောက်ထားသော စနစ်ပေါ်မူတည်၍ ကမ္ဘာမြေတစ်ခုလုံး (သို့မဟုတ်) လိုအပ်သော ဒေသများကို လွှမ်းခြုံမှုပေးနိုင်သည်။

ကမ္ဘာပေါ်ရှိ လူအများစုမှာ မြေပြင်လိုင်းဖုန်းများဖြင့်သော်လည်းကောင်း၊ မိုဘိုင်းဖုန်းများဖြင့်သော်လည်းကောင်း အချင်းချင်းဆက်သွယ်ပြောဆိုနေကြပြီး မြေပြင်မိုဘိုင်းဆက်သွယ်ရေးစခန်းများ၏ ဝန်ဆောင်မှုမရရှိနိုင်တော့သော ဝေးလံခေါင်ဖျားသည့် ဒေသများသို့ လေ့လာရေးခရီး သွားရောက်ကြသည့်အခါတွင်လည်းကောင်း၊ လုပ်ငန်းများ ဆောင်ရွက်ကြသည့် အခါတွင်လည်းကောင်း၊ ဆက်သွယ်မှုမပြတ်တောက်စေရန်အတွက် ဂြိုဟ်တုဖုန်းသည် ကမ္ဘာတွင်ပေါ်ပြူလာအဖြစ် လူကြိုက်များလာကြပြီဖြစ်သည်။

ထို့အပြင် တစ်ခါတစ်ရံတွင် မုန်တိုင်းနှင့်သဘာဝဘေးအန္တရာယ်များ ကျရောက်ပြီး မြေပြင်ရှိလိုင်းဖုန်းများနှင့် မိုဘိုင်းဖုန်း စခန်းများချို့ယွင်းပျက်စီး၍ ဝန်ဆောင်မှုမပေးနိုင်တော့သည့်အခါ ဂြိုဟ်တုဖုန်းများသည် ဂြိုဟ်တုနှင့်ဆက်သွယ်ဆောင်ရွက်သဖြင့် ထိုအခြေအနေတွင် ဂြိုဟ်တုဖုန်းများ အလုပ်လုပ်နေဆဲဖြစ်သည်။ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ (Disaster Management) များတွင် များစွာအထောက်အကူဖြစ်ပြီး လူ့ဘဝပေါင်းများစွာကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။

ဂြိုဟ်တုဖုန်းမည်သို့အလုပ်လုပ်ပါသလဲ

ဂြိုဟ်တုဖုန်းတစ်လုံးမှ ဖုန်းခေါ်ဆိုလိုက်သည့်အခါ အချက်ပြ (Signal) သည် သက်ဆိုင်ရာ ကုမ္ပဏီ၏ ဂြိုဟ်တုသို့ရောက်ရှိသွားပြီး ယင်းဂြိုဟ်တုမှဖမ်းယူလုပ်ဆောင်၍ မြေပြင်ရှိ (Gateway Earth Station) နိုင်ငံဝင်ထွက်ပေါက် မြေပြင်စခန်းသို့ထပ်ဆင့်လွှင့်ချပေးသည်။ ထို့နောက် ထိုဝင်/ထွက်ပေါက် မြေပြင်စခန်းမှ ဖုန်းခေါ်ဆိုမှု၏ ဦးတည်ရာ (Destination) အတိုင်း သက်ဆိုင်ရာ မြေပြင်လမ်းကြောင်းနှင့် မိုဘိုင်းကွန်ယက်တို့ကို အသုံးပြု၍ လမ်းကြောင်း (Route) ပေးကာ ဝန်ဆောင်မှုဆောင်ရွက်ပေးသည်။

ဥပမာအားဖြင့် အမေရိကန်နိုင်ငံ၏ Global Star Constellation ဟု ခေါ်ဆိုသော ကြယ်စုများကဲ့သို့၊ ဂြိုဟ်တု (၄၈)လုံး အုပ်စုသည် ကမ္ဘာကြီးတစ်ခုလုံးကို လွှမ်းခြုံ၍ သက်ဆိုင်ရာ ပတ်လမ်းများတွင် အစဉ်လိုက်လမ်းကြောင်းတွင် လည်ပတ်လျှက်ရှိနေပြီး၊ ဂြိုဟ်တုဖုန်းခေါ်ဆိုမှုတိုင်းအတွက် ဂြိုဟ်တုအနည်းဆုံး (၄)လုံးမှ လက်ဆင့်ကမ်းဆက်သွယ်ပြီး မြေပြင်ရှိ Global Star Gateway များဖြစ်သည့် Clifton, Texas သို့ ပေးပို့ကာ ဝန်ဆောင်မှုဆောင်ရွက်ပေးပါသည်။

အကယ်၍ ဂြိုဟ်တုဖုန်းတစ်လုံးမှ အခြားဂြိုဟ်တုဖုန်းတစ်လုံးသို့ ခေါ်ဆိုပါက ခေါ်ဆိုမှုသည် မြေပြင်ရှိစက်ပစ္စည်းများထံသို့ ဆက်သွယ်ခြင်းမပြုတော့ဘဲ သက်ဆိုင်ရာဂြိုဟ်တုမှတစ်ဆင့် လမ်းကြောင်း (Route) ပေးကာ လက်ခံမည့် ဖုန်းသို့ ဂြိုဟ်တုမှတိုက်ရိုက်ဆက်သွယ်ပေးမည်ဖြစ်သည်။

ဂြိုဟ်တုဖုန်းအသုံးပြုရာတွင် အရေးကြီးဆုံးအချက်မှာ ဂြိုဟ်တုဖုန်း (သို့မဟုတ်) ဂြိုဟ်တုဖုန်း၏ အင်တင်နာမှာ အပြင်သို့ထွက်ပြီး ကောင်းကင်နှင့် အကွယ်မရှိဘဲလွှတ်ကင်းနေရပါမည်။ ဂြိုဟ်တုဖုန်းနှင့် ဂြိုဟ်တုသည် အလွှင့်အဖမ်းပြုလုပ်နိုင်ရန်ကြားတွင် မျဉ်းဖြောင့်ကင်းရှင်းမှု (Line of site) ဖြစ်ရန် လိုအပ်ပါသည်။

Iridium အမျိုးအစား ဂြိုဟ်တုဖုန်းများသည် (Non directional Antenna) အသုံးပြုသည့်အတွက် ဂြိုဟ်တုသို့ ဦးတည်ချက် ချိန်ညှိရန်မလိုတော့ဘဲ လွှင့်ဖမ်းနိုင်ပါသည်။

InmarSat ဂြိုဟ်တုဖုန်းများသည် (Geostationary Satellite ကို ချိန်ညှိသည့်အတွက် အင်တင်နာကို ဂြိုဟ်တုလားရာသို့ ချိန်ညှိရပါမည်။ InmarSat ဂြိုဟ်တုများသည် တည်ငြိမ်ပတ်လမ်း GEO (Geostationary Earth Orbit) တွင် တည်ရှိသဖြင့် မြေပြင်မှ အမြင့်၃၅,၇၈၆ကီလိုမီတာတွင်ရှိကာ ၅,၀၀၀ကီလိုဂရမ်လေး၍ တန်ဘိုးကြီးမားသော ဂြိုဟ်တုများဖြစ်သဖြင့် တစ်ကမ္ဘာလုံးဂြိုလ်တုစနစ် (၄)လုံးဖြင့်သာ လွှမ်းခြုံထားနိုင်ပါသည်။

InmarSat သည် ၁၉၇၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရှေးအကျဆုံးဂြိုဟ်တုဖုန်းအော်ပရေတာ ဖြစ်သည်။ ယခင်က သင်္ဘောများအတွက် Fixed Terminal များကို တပ်ဆင်၍ (Maritime Communication) ရေကြောင်းဆက်သွယ်ရေးကိုသာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ACeS နှင့် Joint Venture ဖက်စပ်ပူးပေါင်းဆောင်ရွက်၍ Hand Held ဂြိုဟ်တုလက်ကိုင်ဖုန်းများကို ထုတ်လုပ်ကာ ဈေးကွက်အတွင်းဝင်ရောက်လျက်ရှိသည်။ ဂြိုဟ်တုကိုလည်း (၁၁) လုံးဖြင့် အလုပ်လုပ်ကာ ကမ္ဘာ၏ Polar Region မှလွဲ၍ တစ်ကမ္ဘာလုံးကို ဆက်သွယ်မှုရအောင် လွှမ်းခြုံထားနိုင်ခဲ့ပြီဖြစ်သည်။

ACeS (Asia Cellular Satellite) သည် ၂၀၀၀ ခုနှစ်က တည်ထောင်ခဲ့ပြီး Garuta 1 Satellite တစ်လုံးတည်းဖြင့် အရှေ့အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှအတွင်းရှိ နိုင်ငံများအတွက် Voice & Data Service ကို ဝန်ဆောင်မှုပေးခဲ့သည်။

Thuraya သည် ၁၉၉၇ ခုနှစ်က တည်ထောင်ခဲ့ပြီး၊ ဥရောပ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ အာရှနှင့် ဩစတြေးလျဒေသများကို Voice & Data Service ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

Terrester သည် မြောက်အမေရိကနိုင်ငံများအတွက် ဂြိုဟ်တုဖုန်းဝန်ဆောင်မှုများပေးလျက်ရှိကြောင်း အများပြည်သူသိရှိနိုင်ရန် ဂြိုဟ်တုဖုန်းအကြောင်း တစေ့တစောင်းကို ရေးသားတင်ပြအပ်ပါသည်။

ဝင်းအောင်
ITCS

မင်းဆွေ (ယန္တရား)

ပြန်လည်မွေးဖွား အမှတ် (၃၀၅) ဆွာတံတား

ဆွာရေပိုလွှဲကျိုးပေါက်မှုကြောင့် ပျက်စီးခဲ့ရသည့် ရန်ကုန်-မန္တလေးရထားလမ်းပေါ်ရှိ ဆွာ-ရေတာရှည် လမ်းပိုင်းရှိ တံတားအမှတ် ၃၀၅ နှင့်လမ်းပိုင်းများပြင်ဆင်ပြီးစီး၍ ခရီးသည်တင်အမြန်ရထားများကို စက်တင်ဘာ ၂၀ရက်တွင်ဖြတ်သန်းခွင့်ပြုလိုက်ပြီ။ ထို့ကြောင့်ခရီးသည်ရထားများ ဖြတ်သန်းသွားလာနေသည်ကိုကြည့်ပြီး ရထားလမ်းပြုပြင်မှုများအတွက် မိမိဌာနမှလုပ်ဆောင်ခဲ့ရသည်များလက်တွေ့ပြန်လည်အသက်ဝင်လာမှာ ကြည်နူးစရာကောင်းလှပါသည်။

၂၉.၈.၂၀၁၈ရက်နေ့တွင် ဆွာဆည်ကရေတွေလာသည်။ ၃၀ရက်နေ့အထိရှိနေတုန်းပဲဖြစ်သည်။ ထိုနေ့ညနေတွင်ရေကျသွားသည့်အခါ အပျက်အစီးတွေကို လမ်းလျှောက်ကြည့်ရှုစစ်ဆေးတော့ ရထားလမ်းကမြင်မကောင်းအောင်ပျက်စီးနေသည့်အတွက် အတော်စိတ်မကောင်းဖြစ်ကြရသည်။ လမ်းအမြန်ပြန်ကောင်းလာရေးအတွက် ၃၁ရက်တွင်လူအင်အားသုံးပြီး အမှိုက်တွေဖယ်ကြသည်။ ရထားလမ်းကိုတော့ စက်နှင့်လုပ်မှရမည့်အခြေအနေဖြစ်သည့်အတွက် စက်တွေဝင်နိုင်ရန် အဝင်လမ်းကိုရသလောက်ပြန်ပြင်ကြရသည်။ ထိုနေ့တွင်ပင် ပြန်လည်ပြုပြင်ရေးလုပ်ငန်းစီမံချက်တွေဆွဲကြ၊ Schedule တွေဆွဲကြသည်။ ထို့ကြောင့်ပင် ၁.၉.၂၀၁၈ ရက်နံနက်၀၅း၀၀နာရီအချိန်မှာတော့ လုပ်ငန်းခွင်ကို စက်တွေရောက်လာနိုင်ပြီ။ ထိုနေ့နံနက်၀၇း၀၀နာရီတွင် ပြည်ထောင်စုဝန်ကြီးလည်း ကုန်းကြီးဘက်ကအပျက်အစီးတွေပြုပြင်နေသည်များကို လာရောက်ကြည့်ရှုခဲ့ပြီး ၀၉း၀၀နာရီတွင်တော့ ဆွာဘက်ကအပျက်အစီးတွေနှင့် စက်ယန္တရားသုံးပြီး ပြုပြင်နေသည့်အခြေအနေကိုလာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုလမ်းညွှန် မှာကြားခဲ့ပါသည်။

ထို့နေ့တွင်ပင် သံလမ်းကဒ်တွေကို တစ်ကဒ်ခြင်းဖြုတ်ပြီး သံကြိုးနှင့်ချိတ်ကာ Excavator များဖြင့်ပြန်လည်ကောက်တင်လိုက်သည့်အတွက် ည၁၉း၀၀နာရီတွင်၃၂ကဒ်တင်နိုင်ခဲ့ပြီ။ up line Down line အတွက် တာဘောင်များ ပျက်စီးကုန်သည့်အတွက်ကြောင့် တာဘောင်ကိုအရင်ပြင်ရမည်ဖြစ်သည်။ ထို့ကြောင့်သံလမ်းကဒ်တွေ ပြန်မတင်နိုင်ခဲ့သေး။ up line ကိုအရင် ပြုပြင်ဖို့အတွက်လုပ်ကြရသည်။ တာဘောင်များကိုရေကျော်ပြီးရေတိုက်စားသည့်အတွက် တာဘောင်များ ပျက်စီးသည့်အခါရေဆန်ဘက်နှင့် ရေစုံဘက်ဆိုပြီးရှိသည့်အနက်ရေစုံဘက်ကပိုပျက်စီးပါသည်။ ထိုနေရာတွင် ရထားလမ်းက Down line ဖြစ်သည့်အတွက်ကြောင့် Down line က အလွန်ဆိုးရွားစွာပျက်စီးသွားသည်။ Up line ကတော့ Down line ထက်စာလျှင်ပျက်စီးမှုသက်သာသည်။ ဒါကြောင့် အရင်ပြီးနိုင်သည့် Up line ကို ဦးစားပေးပြုပြင်ပြီး ရထားတွေဖြတ်နိုင်အောင်လုပ်ရသည်။

ရေစုန်ဘက်ကပိုပျက်စီးရခြင်းမှာ Vortex force ကြောင့် ဖြစ်သည်။ ရေလည်ဝဲလှည့်အားနှင့် ဂလိုင်ထိုးပြီး တွန်းဖြိုပစ်တာကြောင့်ဖြစ်သည်။ ဘေလီထိုးလို့တော့ရသည်။ ကျွန်တော်တို့မှာ ဘေလီအလုံအလောက်မရှိတော့။ လက်ကျန်စုစုပေါင်းမှ ပေ၁၂၀ (တစ်ထပ်စာ) ပဲရှိပါတော့သည်။ဘေလီထိုးမယ်ဆိုလျှင် ပေ ၁၆၀ တံတားအတွက် ၃၅+ (၉၀×၂)+၃၅=၂၅၀ပေလိုပါမည်။ အစွန် ၃၅ပေစီ ၂ ထပ်ကို တခြားနည်းနှင့်ထိုးပြီး အလည်ပေ၉၀ကိုဘေလီ နှစ်ထပ်ခင်းမည်ဆိုလျှင်လည်း ပေ ၁၈၀အနည်းဆုံးလို အပ်မည်။ ဌာနမှာရှိတဲ့ ဘေလီက ပေ၁၂၀သာရှိသည်မို့ ဘေလီတံတားကို မရွေးချယ်တော့။ way beam အသုံးပြုပြီး တံတားပြန်ခင်းရန်လုပ်ကြရသည်။

တကယ်တော့ ဘေလီကိုလုံလုံလောက်လောက်ဝယ်ထားပါသည်။ ဇူလိုင်လနောက်ဆုံးပတ်တွင် ရေကြီး၍ပျက်စီးခဲ့သည့်နှင်းပုလဲနှင့် ဒံ့ဝန်းကြားတံတားအမှတ်၇၄တွင် နှစ်ထပ်ဘေလီတံတား (အောက်က ပေ၉၀အပေါ်က ပေ၈၀ထပ်ပြီး)ခင်းခဲ့သည့်အတွက် စုစုပေါင်း ပေ၁၇၀ အသုံးပြုခဲ့ရသည်။ မြန်မာ့မီးရထားအနေဖြင့် နှလန်ထမှာ ပြန်ဖျားတဲ့လူပမာလိုတစ်လသာခြားပြီး ရေကြီးရေလျှံတဲ့ ဒဏ်ကို နှစ်ကြိမ်ခံခဲ့ရသည့်အတွက် ဒုတိယအကြိမ်က ပိုခံရပါသည်။

Way beam ကိုတော့ ကုန်းကြီးဘက်က ကမ်းကပ်ခုံတွင် မပျက်စီးဘဲ တန်းလန်းဖြစ်ကျန်ခဲ့သည်ကို ပြန်ဆယ်ပြီးသုံးရတယ်။ နောက်ထပ် ၃၅ပေ (၂)လုံးကိုတော့ မော်လမြိုင်က သယ်လာခြင်းဖြစ်သည်။ ဆွာဘက်ကိုတော့ မန္တလေးမှသယ်လာသည့် ၃၅ပေ (၁)လုံးနှင့် ပေ ၃၀ (၁) လုံးကိုသုံးရသည်။

Way beam များကိုတံတားပြန်ပြင်ရာမှာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်ကျောက်များ သစ်သားဇလီဖားတုံးအသစ်၊ အဟောင်းများကိုရောသယ်လာပါပြီ။ ထိုသစ်သားဇလီဖားတုံးများ၊ ကျောက်များကို ဒီတံတားရဲ့Post ၅ခုလုပ်သည့်နေရာတွင် အဓိကသုံးသည်။ Post ပြုလုပ်မည့်သတ်မှတ်နေရာတွေကို တွက်ချက်တိုင်းတာပြီး ရေထဲတွင်ဝါးလုံးကို ဘောင်ခတ်ကြိုးချည်ပေးထားသည်။ ထိုနေရာတွေအတွင်းကို သဲမှုတ်သွင်းသည်။ ကျောက်ကြီးများကို လူနှဲ့သယ်ပြီးပစ်ထည့်သည်။ ရေပေါ်ကိုသဲခုံပေါ်လာတဲ့အခါ သဲပုံပေါ်ကျောက်ကြီးစီကြသည်။ ကျောက်ပုံပြင်ညီပေါ် သစ်သားဇလီဖားတုံးအသစ်တွေနှင့်၁၂ဆင့်အထိ ဖားထပ်ခွေပြုလုပ်ကြရသည်။ ဖားထပ်ခွေ ၁ ခုတွင် သစ်သားဇလီဖားတုံးစုစုပေါင်း ၁၅၀တုံးခန့်အသုံးပြုရသည်။ ဖားထပ်ခွေတွေပေါ်မှာ Way beam တင်တယ်။ သတ်မှတ်ချက် level & alignment ရအောင်ချိန်ညှိပြုပြင်ကြသည်။ ကျောက်ပုံဘေးပတ်လည်မှာသံလမ်းပိုင်ရိုက်သည်။

ယခုကဲ့သို့ ရထားလမ်းအမြန်ဆုံးကောင်းမွန်ရေးအတွက်အားထုတ်ကြရာတွင် ၇.၉.၂၀၁၈နေ့တွင်တော့ လုပ်သားတစ်ဦးမှာ ကျောက်တုံးသယ်လာရာတွင် မြင်ကွင်းကမကောင်း၊ မိုးကလည်းရွာနေပြီး ရွှံ့များနှင့်ဆိုတော့ ခြေချော်ပြီး ကျောက်တုံးလွတ်ကျရာမှာ တခြားလုပ်သားနှစ်ဦးပေါ်ပြုတ်ကျပြီး သွေးထွက်သံယိုဖြစ်တာတော့ရှိခဲ့သည်။ ဒီလိုနှင့် ဝိုင်းဝန်းလုပ်ဆောင်ကြရာ လူစီးရထားတွေထက်အလေးချိန်ပိုသည့်ကျောက်ရထားများကို ၄. ၉. ၂၀၁၈ ရက်နေ့ စက်တင်ဘာ ၂၀ရက်နေ့ နံနက်ပိုင်းအထိ တံတားထိပ်ကို အခေါက်ပေါင်းမြောက်များစွာ ဖြတ်သန်းထားတာကြောင့်အသားသေနေပြီး လိုအပ်ချက်များကိုလည်းချက်ချင်းပြန်လည်ပြုပြင်ထားပြီးဖြစ်လို့ လမ်းအတွက်ယခုအခါစိတ်ချစွာဖြင့် ရထားများခုတ်မောင်းနေကြပြီဖြစ်သည်။

ရထားလုပ်ငန်းဆိုတာက တစ်ဦးကောင်းတစ်ယောက်ကောင်းနှင့်လုပ်လို့ရတဲ့ လုပ်ငန်းမဟုတ်။ ဦးဆောင်သူ၏နောက်မှာရည်မှန်းချက်တူညီစွာနှင့် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည်။ ဥပမာပြရလျှင်ရထားတွဲကြီးလိုဖြစ်သည်။ Unity ဖြစ်ရသည်။ အောင်မြင်မှုဆိုတာကလည်း Positive Synergy effect ရဲ့ရလဒ်တစ်ခုပါ။ ဦးဌေးလှိုင် DGM ရဲ့ဦးဆောင်မှုနှင့် အနီးကပ်ကြီးကြပ်မှုအောက်တွင် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်အောင်အပါအဝင် အင်ဂျင်နီယာအရာရှိ(၅)ဦးဖြစ်သည့် တံတားအင်ဂျင်နီယာမှူးဦးချို၊ ဦးအောင်မင်းဦးနှင့် ဦးအောင်ဆန်းဦးတို့ကလည်း သက်ဆိုင်သည့်လုပ်ငန်းခွင်နေရာအသီးသီးမှာ အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြရတာကြောင့် မအားလပ်ကြရပါ။

ကျွန်တော်ကတော့ ယန္တရားအင်ဂျင်နီယာမှူးအဖြစ် ဒီရထားလမ်းကောင်းမွန်ရေးမှာ ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး ယခုကဲ့သို့ပျက်စီးမှုများကို ပြန်လည်ပြုပြင်သည့်အခါယန္တရားများကအဓိကဇာတ်လိုက်နေရာကနေ ပါဝင်ခဲ့ကြပါသည်။ ထိုသို့သော ကြိုးစားအားထုတ်မှုများကြားက ယခုတော့ ဒီလမ်းပေါ်တွင် ခရီးသည်ရထားများ ပုံမှန်ခုတ်မောင်းပြေးဆွဲနေကြပြီ။ ကျွန်တော်တို့အားလုံး၏ ကြိုးစားအားထုတ်မှုအမောကို မီးရထားဥဩသံများက တေးသံသာများကဲ့သို့ပင်ပန်းမှုများအစား ကြည်နူးရသည့်မြင်ကွင်းများ အဖြစ်အသက်ဝင်လို့နေပြီဖြစ်တော့သည်။ ။



အမည်ရင်း - မင်းဆွေ
ကလောင်အမည် - မင်းဆွေ(ယန္တရား)
အင်ဂျင်နီယာမှူး(ယန္တရား)
မြို့ပြအင်ဂျင်နီယာဌာန
မြန်မာ့မီးရထား

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်အား(၂)ပတ်(၁)ကြိမ်၊ ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေခဲ့သည်မှာ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၅)ရက်တွင် (၇)နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။

မိမိဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား ဝန်ထမ်းများနှင့် ပြည်သူအကြား အချိန်မီထိရောက်စွာ အသိပေးနိုင်ရေးအတွက် အွန်လိုင်းသတင်းဖြန့်ချိမှု စီစဉ်ဆောင်ရွက်ရန်ဟူသည့် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အား အကောင်အထည်ဖော်နိုင်ရန် လူမှုကွန်ယက်စာမျက်နှာဖြစ်သည့် "Transcom News Journal" အမည်ဖြင့် စမ်းသပ်ထုတ်လွှင့်ခဲ့ပါသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၅)ရက်တွင် ပြည်ထောင်စုဝန်ကြီးထံ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များအား အမိန့်နာခံတင်ပြခဲ့ပြီး တရားဝင်လူမှုကွန်ယက်စာမျက်နှာအဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

ဝန်ကြီးဌာနမှ ဦးစီး၊ လုပ်ငန်း၊ တက္ကသိုလ်၊ ကောလိပ်များ၏ ထုတ်ပြန်ချက်များ၊ လုပ်ငန်းဆောင်မှုများ၊ သတင်းများ၊ ရှေးမှတ်တမ်းများ၊ သုတ၊ ရသစာပေများအား thetransportnews@gmail.com နှင့် tcnj.transcomnews@gmail.com သို့ အချိန်မီပေးပို့ကြပါရန် လေးစားစွာမေတ္တာရပ်ခံတင်ပြအပ်ပါသည်။

သက်ဆိုင်ရာ လုပ်ငန်းကြော်ငြာများကိုလည်း ချိုသာသောဈေးနှုန်းဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပါကြောင်း ထပ်ဆင့်တင်ပြမေတ္တာရပ်ခံအပ်ပါသည်။

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်

အစိုးသစ်လက်ထက် တိုက်နယ်ဆေးရုံ (၁၁)ခု ကျေးလက်ကျန်းမာရေး ဆေးပေးခန်း(၁၈)ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီးဖြစ်

အစိုးရသစ်လက်ထက် ကျန်းမာရေးဘတ်ဂျက် တိုးမြှင့်သုံးစွဲလာရာတွင် ၁၆ကုတင်ဆံ့ တိုက်နယ်ဆေးရုံ (၁၁)ခု၊ ကျေးလက် ကျန်းမာရေး ဆေးပေးခန်း(၁၈)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၀)ခုနှင့်တိုင်းရင်းဆေးရုံ (၁၆)ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

စက်တင်ဘာ ၁၉ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ပြောကြားသည့်နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်း ဆောင်ရွက်ချက်များကိုအစီရင်ခံရာတွင် ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်များတွင် ယင်းသို့ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျန်းမာရေးဘတ်ဂျက်အနေနဲ့လည်း ယခင်ကာလများထက် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၈၁)ဘီလီယံ၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်(၁၀၇၆)ဘီလီယံတို့ကို နှစ်အလိုက်တိုးမြှင့်သုံး စွဲခဲ့သလို ယခုလာမယ့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ထပ်မံတိုးမြှင့်ပြီး ကျပ်(၁၁၃၁)ဘီလီယံ သုံးစွဲသွားမှာဖြစ်ပါတယ်။အစိုးရ သစ်လက်ထက်မှာ ကျန်းမာရေးဘတ်ဂျက်တိုးမြှင့်သုံးစွဲခဲ့သလို ကျန်းမာရေးစောင့်ရှောက်မှုတွေမှာလည်း ချဲ့ထွင်တိုးမြှင့်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့ရာမှာ (၁၆)ကုတင်ဆံ့တိုက်နယ်ဆေးရုံ (၁၁)ခု၊ ကျေးလက်ကျန်းမာရေးဆေး ပေးခန်း(၁၈)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၀)ခုနဲ့ တိုင်းရင်းဆေးရုံ(၁၆)ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီး ဆေးရုံ(၇)ရုံကိုအဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ဆရာဝန်၊ သူနာပြု၊ သားဖွား၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ၊ ကျန်းမာရေးမှူး စုစုပေါင်း ကျန်းမာရေးဝန်ထမ်း(၂၂၄၂၁)ဦး အသစ်ခန့်ထားခဲ့ကြောင်းထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ၄က်ဖျားရောဂါကင်းစင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိရာ ဆေးယဉ်ပါးတီဘီရောဂါလူနာ(၆၄၀၆၀)ဦး၊HIV ပိုးရှိလူနာ(၁၅၆၃၇၂)ဦးကို ကုသပေးလျက်ရှိပြီး ပြည်သူများ၏ကျန်းမာရေး အသိပညာရေးမြင့်မားလာရန်၊ ကျေးလက်ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် e-Education,e-Consultation,e-Medicine လုပ်ငန်းများဆောင်ရွက်နိုင်ရန် Mobile Tablet များဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်အနေနှင့် ဆရာဝန်(၃၉၅၂)ဦး၊ သွားဆရာဝန်(၄၉၂)ဦး၊ ဆေးဘက်ဆိုင်ရာပညာရှင်(၁၁၂၁)ဦး၊ သူနာပြု(၄၁၄၃)ဦး၊ သားဖွားဆရာမ(၂၅၅၀)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၂၉၉)ဦး၊ ဘွဲ့လွန်ဒီပလိုမာ(၅၂၉)ဦး၊ မဟာသိပ္ပံ ဘွဲ့ရ(၁၅၈၁)ဦးနှင့် ပါရဂူဘွဲ့ရ(၂၂၀)ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ အိမ်စည်

သီတင်းကျွတ်ပွဲတော်သုံး စက္ကူမီးပုံးများ ယခင်နှစ်များထက် ပိုမိုအရောင်းသွက်လျက်ရှိ

မန္တလေးမြို့ရှိ အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သော သီတင်းကျွတ်ပွဲတော်တွင်ထွန်းကြသည့် စက္ကူမီးပုံးများကိုစက်တင်ဘာလမှစ၍ ဈေးကွက်သို့တင်ပို့လျှက်ရှိပြီး ယခင်နှစ်များထက်အရောင်းသွက်၍ မှာယူသူများပိုများလာကြောင်း မီးပုံးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

စက္ကူမီးပုံးများကို ကဆုန်လဆန်းမှစတင်၍ ဝါးကုန်ကြမ်းဝယ်ယူစုဆောင်း၍ အကြမ်းထည်ပြုလုပ်ခြင်းများကိုဆောင်ရွက်ကာ သီတင်းကျွတ်ကာလနီးသည့် ဝါခေါင်လမှစတင်၍ စက္ကူကပ်ခြင်း၊ ပန်းချီရေးဆွဲခြင်းများပြုလုပ်ပြီး ဈေးကွက်အမှာအလိုက်တင်ပို့ရောင်းချခြင်းများပြုလုပ်ကြရာ ယခုနှစ်တွင်အမှာအရ အရင်ထက်များပြား၍ ဒီဇိုင်းအသစ်များကိုလည်း မှာယူရရှိကြောင်းသိရသည်။

“ဈေးကွက်အမှာအရ ဒီနှစ်မှမော်တော်နဲ့ သင်္ဘောအလတ်လေးတွေ အမှာများနေတယ်။ ဒီနှစ်ကပိုပီးတော့ ရောင်းအားကောင်းတယ်။ ဈေးကွက်အနေနဲ့လည်း လုပ်ရကိုင်ရတာအသင့်အတင့်ရှိတယ်။ ဈေးကွက်အမှာပို့ရတာကတော့ အခုတော်သတင်းလဆန်းကတည်းက ပို့နေရတယ်။ အမှာတွေလည်းကျန်နေသေးတယ်။ မြန်မာမှုကိုပြန်ပြီးအားပေးလာကြတယ်လို့ထင်ရတယ်။ ဈေးကွက်လဲရပီးအမှာတွေလည်းများလာတော့ အခုအရပ်ထဲမှာလုပ်တဲ့လူဦးရေလည်းများလာတယ်”ဟု မန္တလေး ၄၁လမ်းခုံးအနီးရှိမြောက်ရွာသစ်အတွက် ၈၄၀ မှစက္ကူမီးပုံးလုပ်ကိုင်သူ ဦးဘော်ကပြောကြားသည်။

လက်ရှိတွင် မီးပုံးအရုပ်များမှ မီးပုံးအရွယ်အစားနှင့် ဒီဇိုင်းပုံစံအလိုက်ကျပ် ၁၀၀၀ မှကျပ် ၅၀၀၀အထိရရှိကြောင်းသိရှိရသည်။

စိတ်ထက်

ကျောက်ကြီးမြို့၌ ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

အကြိမ် (၁၃၀) မြောက်ကျောက်ကြီးမြို့ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျောက်ကြီးမြို့အနောက်ရထာလမ်း မြို့လယ်တံတားထိပ်ရှိမုခ်ဦး၌ စက်တင်ဘာ ၂၁ ရက် နံနက် ၉နာရီ ကကျင်းပခဲ့သည်။ အခမ်းအနားသို့တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အ.ထ.က ကျောင်းမှဘင်ခရာအဖွဲ့များ၊ တိုင်းရင်းသားရိုးရာဝတ်စုံအဖွဲ့များ မြို့နယ်အတွင်းအခြေခံပညာကျောင်းများမှဆရာ၊ ဆရာမများ၊ ကျောင်းသား/သူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အဆိုပါပွဲတော်ကို ကျောက်ကြီးမြို့လယ်ချောင်းအတွင်း တက်ခုတ်ယိမ်းအကဖြင့် ကပြဖျော်ဖြေခြင်းရိုးရာလှေလှော်ပြိုင်ပွဲနှင့် ချောတိုင်တက်ပွဲများပြုလုပ်ကြပြီး ည ၇နာရီတွင်ရှင်ဥပဂုတ္တရဟန္တာမြတ်အား တော်သလင်းလဆန်း ၁၂ ရက်ညမှတော်သလင်းလပြည့်ကျော် ၁ရက်ထိညစဉ်ညတိုင်းမီးကြာခွက်များ မီးမျှောပူဇော်ကြမည်ဖြစ်သည်။

ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာရိုးရာလှေလှော်ပြိုင်ပွဲအား နှစ်စဉ်ကျင်းပလာခဲ့သည်မှာအကြိမ် (၁၃၀) မြောက်ရှိပြီဖြစ်ပြီး အစဉ်လာကြီးမားမွန်မြတ်သည့် ဘာသာရေးပွဲတော်နှင့် တစ်မြို့နယ်လုံး၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်နှင့်အညီ စက်တင်ဘာ ၁၇ရက်မှ ၂၅ ရက်ထိကုန်းပွဲနှင့် ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာပြုလုပ်လျက်ရှိသောကြောင့် အနယ်နယ်အရပ်ရပ်မှပွဲတော်လာ ဧည့်ပရိတ်များဖြင့် အလွန်စည်ကားသောပွဲတော်တစ်ခုဖြစ်ကြောင်းသိရသည်။ ဘုန်းပိုင်ဦး

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၈ ကျင်းပမည်

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားကဏ္ဍများ တိုးတက်စေရန်အတွက် Myanmar Tourism Federation (MTF) နှင့် Myanmar China Friendship Association (MCFA) တို့၏ ပံ့ပိုးမှုဖြင့် International Tourism Expo, Myanmar (ITEM 2018) ပွဲကြီးကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် နိုဝင်ဘာလ ၂ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ (၃)ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

Travel Support Co., Ltd မှ ကြီးမှူးကျင်းပသော International Tourism Expo, Myanmar (ITEM 2018) ပွဲကြီးတွင် ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများ၊ ဘဏ်နှင့် အာမခံလုပ်ငန်းများ၊ ဟိုတယ်များ၊ အပျော်စီးသင်္ဘော ကုမ္ပဏီများ၊ ပြည်တွင်းပြည်ပ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားခြင်းနှင့် ဆက်စပ်နေသော ပစ္စည်းများရောင်းချသည့် ကုမ္ပဏီများ၊ ကားဝန်ဆောင်မှုကုမ္ပဏီများ၊ တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီများ စသည့်လုပ်ငန်းရှင်ကြီးများသည် မိမိတို့၏ ဝန်ဆောင်မှုများကို ခရီးသွားပြည်သူများ ပိုမိုသိရှိစေရန် ဝင်ရောက်ပြသရောင်းချကြမည်ဖြစ်သည်။

International Tourism Expo Myanmar 2018 ၏အဓိကရည်ရွယ်ချက်များမှာ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်မြင့်တိုးတက်လာစေရန်၊ နိုင်ငံတကာ ခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များပိုမိုသိရှိလာစေရန်၊ ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာရရှိနိုင်စေရန် စသည်တို့ဖြစ်သည်။

ခရီးသွားဝန်ဆောင်မှုပြပွဲများပြုလုပ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာနိုင်စေမည်။ ခရီးသွားနှင့်ဆက်နွယ်နေသော ပြည်တွင်းစီးပွားရေးကဏ္ဍအသီးသီးတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပါမည်။ ထို့ပြင် ခရီးသွားနှင့်ဆက်စပ်နေသော နေရာဒေသများ၏ တိုးတက်မှုများကိုလည်း များစွာအထောက်အကူဖြစ်စေပြီး မြန်မာ့ရေမြေသဘာဝအလှအပများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုလည်း နိုင်ငံတကာမှ ပိုမိုသိရှိလာစေမည်ဖြစ်ကြောင်း သိရသည်။ ကျော်ကျော်

Galaxy Note 9 ကြိုတင်မှာယူခြင်းဖြင့် အထူးဆုဆွတ်ခူးရရှိခဲ့သူများအား ဆုမဲပေးအပ်ချီးမြှင့်

Galaxy Note9 ကြိုတင်မှာယူသူ Samsung ချစ်သူများအတွက် ကံစမ်းမဲအစီအစဉ်အား ပြုလုပ်ခဲ့ရာ ဆုဆွတ်ခူးရရှိသူများကို စက်တင်ဘာလ ၁၇ ရက်က Samsung Myanmar မှ ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းမရှိ Samsung Customer Service Plaza တွင် ကျင်းပခဲ့သည်။

ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ခဲ့ကြသော ဝယ်ယူသုံးစွဲသူများမှ အထူးဆုဆွတ်ခူးရရှိသူအနေဖြင့် သန်လျင်မြို့နယ်ရှိ Star City မှ အဆင့်မြင့်တိုက်ခန်းသစ်တစ်ခန်းအား ရရှိပိုင်ဆိုင်ခဲ့ပြီး ပထမဆုရရှိသူအား ၂၀၁၇ ခုနှစ် Mitsubishi Mirage ကားအသစ်တစ်စီးကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် Samsung Myanmar ၏ Head of IT and Mobile Group ကိုဇာနည်ဝင်းထက်မှ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် ထောင်ပေါင်းများစွာသော Galaxy Note9 ဝယ်ယူသုံးစွဲသူများအနက် ဆုကြီး ၂ ဆုအား ရရှိပိုင်ဆိုင်သွားသည့် ကံထူးရှင်များအား ဂုဏ်ပြုစကားပြောကြားခဲ့ကာ တိုက်ခန်းသော့နှင့် ကားသော့များအား ပေးအပ်ခဲ့သည်။

"အခုလို Samsung ရဲ့ Galaxy Note9 ကံစမ်းမဲအစီအစဉ်ကနေအဆင့်မြင့်တိုက်ခန်း တစ်ခန်းမဲပေါက်တယ်ဆိုတာ အရမ်းကိုအံ့ဩဝမ်းသာမိပါတယ်။ ဒီလိုမျိုးဆုကြီးကိုလဲ ပိုင်ဆိုင်ရလိမ့်မယ်လို့လည်း မမျှော်မှန်းထားခဲ့ပါဘူး။ Samsung ကိုတစိုက်မတ်မတ် သုံးစွဲခဲ့တဲ့ သုံးစွဲသူတစ်ယောက်အနေနဲ့ အခုလိုမျိုး Samsung က သူတို့ရဲ့သုံးစွဲသူတွေကို အထူးအလေးထားပြီး ကံစမ်းမဲအစီအစဉ်တွေလုပ်ပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်"ဟု အထူးဆုရရှိသူ ကံထူးရှင်မှ ပြောကြားခဲ့သည်။

Galaxy Note9 အားကြိုတင်မှာယူသူများအတွက် အဆိုပါအထူးဆုကြီး ၂ဆုအပြင် ဒုတိယဆုအဖြစ် Samsung ၄၈ လက်မ တီဗွီအလုံး ၃၀နှင့် တတိယဆုအဖြစ် ရေစိုခံ Clip 2 စပီကာ အလုံး ၄၀၀ တို့အပါအဝင် စုစုပေါင်း ဆု ၄၃၀ မဲနှိုက်ရွေးချယ်ခဲ့သည်။ အဆိုပါကံထူးရှင်များအားလုံးအား Samsung မှတစ်ဦးချင်းစီဆက်သွယ်အကြောင်းကြားလျက်ရှိကြောင်း သိရသည်။ ကျော်ကျော်

တိုင်းရင်းသားစာပေသင်ကြားရေးနှင့် Teaching Assistant များ ရွေးချယ်ခန့်ထားခြင်း (မူကြမ်း) ဆက်လက်ဆောင်ရွက်မှု ကိစ္စရပ်များဆွေးနွေး

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တိုင်းရင်းသား စာပေသင်ကြားရေးနှင့် Teaching Assistant များ ရွေးချယ်ခန့်ထားခြင်း (မူကြမ်း)ဆက်လက်ဆောင်ရွက်မည့် အကြောင်းအရာများ ဆွေးနွေးပွဲကို စက်တင်ဘာလ ၁၉ ရက်က နေပြည်တော်ရှိပညာရေးဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲတွင် Teaching Assistant များအတွက် အရည်အချင်းနှင့်အခြားသတ်မှတ်ချက်များ လျှောက်ထားရမည့်အစီအစဉ်၊ စိစစ်ရွေးချယ်မည့်အစီအစဉ်၊ ခန့်ထားမည့်အစီအစဉ်၊ TA များ၏ တာဝန်ဝတ္တရားများ သင်ကြားသင်ယူမည့်ဖြစ်စဉ်အတွက် နည်းလမ်း၊ ဘာသာစကားအထောက်အကူပြုသင်တန်းများပေးရန် ကိစ္စရပ်များနှင့် ယခင်နှစ် Teaching Assistant များ ခန့်ထားဆောင်ရွက်မှုအခြေအနေနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ Teaching Assistant များ ရွေးခြယ်ခန့်ထားခြင်း (မူကြမ်း)နှင့် ဆက်လက်ဆောင်ရွက်မှုအကြောင်းအရာများကိုဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်၊ ပညာရေးဝန်ကြီးဌာနဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ တိုင်းရင်းသားရေးရာကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တိုင်းရင်းသားကလေးငယ်များ၏ သင်ယူတက်မြောက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းလာရန် ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပြည်နယ်နှင့်တိုင်းအားလုံးအတွက် တိုင်းရင်းသားဘာသာစာပေနှင့် သင်ကြားရေးအထောက်အကူဆရာ၊ ဆရာမ (Teaching Assistant) နေ့စား၊ လပေးစုစုပေါင်း (၅၁၆၁) ဦးခန့်ထားနိုင်ခဲ့ပြီး ဒေသခံတိုင်းရင်းသားဘာသာစကားစာပေတတ်ကျွမ်းသည့် Teaching Assistant များ ခန့်ထားပေးခြင်းဖြင့် ဒေသခံလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းကိုလည်း ပိုမိုတိုးမြှင့်ပေးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အခြေခံပညာသင်ကျောင်း(၁၂၂၄၈) ကျောင်းတွင် ဆရာ၊ဆရာမ(၂၈၇၈၃)ယောက်က ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၇၅၃၆၇၅)ဦးကို သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းသားဘာသာစာပေ (၅၄) မျိုးကို သင်ကြားပေးလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

အိမ်စည်

အွန်လိုင်းမှ ကျန်းမာရေးစောင့်ရှောက်မှု တိုင်ပင်ဆွေးနွေးမှုပြုလုပ်နိုင်

OnDoctor Company Limited သည်အွန်လိုင်းမှကျန်းမာရေးစောင့်ရှောက်မှု၊ တိုင်ပင်ဆွေးနွေးမှုတွေကို မနက်(၉)နာရီမှည(၁၂)နာရီအတွင်း ဆရာဝန်များကိုယ်တိုင်ဝန်ဆောင်မှုပေးနေသော မိုဘိုင်းအပ်ပလီကေးရှင်း ထုတ်လုပ်ထားသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး OnDoctor Company သည်တိုးတက်လာသော အင်တာနက်နည်းပညာနှင့် အတူ မြန်မာနိုင်ငံ၏ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းကနေ ကူညီပေးနိုင်ရန်၊ ဆရာဝန်နှင့်လူနာများကြား နားလည်မှုပိုမိုတိုးပွားစေနိုင်ရန်၊ လူထုကျန်းမာရေးအသိ ပိုမိုတိုးတက်လာစေရန်နှင့် လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုကို ငွေကုန်ကြေးကျနည်းပါးစွာဖြင့် ပံ့ပိုးနိုင်ရန် ရည်ရွယ်ပြီး တည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရသိရသည်။

OnDoctor Company သည် Application မှာသာမက Facebook Page တွင်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆောင်းပါးများ၊ Tips များ၊ အင်တာဗျူးဗီဒီယိုများကိုတင်ဆက်ပေးနေပြီး အလျဉ်းသင့်သလို တုပ်ကွေးကာကွယ်ဆေး အခမဲ့ထိုးပေးခြင်း၊ အခမဲ့ကျန်းမာရေးပညာပေး ဟောပြောပွဲများကိုလည်း ကျင်းပပေးနေပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများတွင် United Nation Global Compact ၏အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သလို မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်၊ Health Literacy Promotion Unit ၏ကျန်းမာရေး ထုတ်ပြန်ချက်များတွင်လည်း ဒီဖိုင်းပံ့ပိုးပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

ထိုင်းနိုင်ငံ Kasikorn Bank (KBank) စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ Renaissance Institute နှင့် University of Thai Chamber of Commerce (UTCC)တို့ပူးပေါင်း၍ မြန်မာ SME လုပ်ငန်းရှင်များနှင့် လုပ်ငန်းရှင်ဖြစ်ချင်သူများ အတွက် ဒီဂျစ်တယ်လုပ်ငန်းစီမံကိန်းပြိုင်ပွဲ"KBank Blz Plan Challenge 2018 : The Digital Marketing for Digital Entrepreneur " ကိုဩဂုတ်လတွင် စတင်ကျင်းပခဲ့ပြီး နောက်ဆုံးစကာတင် အသင်းဆယ်သင်း၏ Pitching Competition ကိုဩဂုတ်လ(၂၀)ရက်နေ့ ရန်ကုန်မြို့ Melia ဟိုတယ်၌ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲတွင် ဒီဂျစ်တယ်လုပ်ငန်းစီမံကိန်းရေးဆွဲသည့် အသင်း(၁၀)သင်းကရင်းတို့ရေးဆွဲထားသည့် စီးပွားရေးလုပ်ငန်းများ အကြောင်းကိုရှင်းလင်းတင်ပြပြီး အကဲဖြတ်ဒိုင်ငါးဦး၏ပေးမှတ်၊ Facebook ၏ Like ရမှတ်များဖြင့်ဆုရွေးချယ်ဆုံးဖြတ်ရာ OnDoctor အသင်းမှ Winner ဆုအမေရိကန်ဒေါ်လာတစ်သောင်း+ Exclusive Business Tip to Bangkok, Thailand ရရှိခဲ့သည်။

OnDoctor အနေဖြင့်ကျန်းမာရေးဆိုင်ရာ ဒီဂျစ်တယ်လုပ်ငန်းစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ကျန်းမာရေး စောင့်ရှောက်မှုများတွင်အင်တာနက်နည်းပညာကို ယခုထက်ပိုမိုကောင်းမွန်အောင် အသုံးချပြီး ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ ကျော်ကျော်

ဒုတိယအကြိမ်မြောက် မြန်မာ့တစ်နှစ်တာအကောင်းဆုံးကားဆုပေးပွဲ

မြန်မာ့တစ်နှစ်တာအကောင်းဆုံးကားရွေးချယ်ပွဲ (MCOTY) သည် နိုင်ငံတကာမှဆုပေးပွဲများကဲ့သို့ မော်တော်ကားသတင်းစာပညာရှင်များမှ ရွေးချယ်၍ အကဲဖြတ်အမှတ်ပေးသော ပြိုင်ပွဲဖြစ်သည်။ ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်ကတော့ မြန်မာ့ကားဈေးကွက်အတွင်း အောင်မြင်မှုအများဆုံးနှင့် အကောင်းဆုံးကားများကိုရွေးချယ်၍ ဆုချီးမြှင့်ရန်ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်ကကျင်းပပြုလုပ်ခဲ့သော မြန်မာ့တစ်နှစ်တာအကောင်းဆုံး ကားရွေးချယ်ပွဲ (MCOTY) တွင် ကားကုမ္ပဏီပေါင်း (၁၆)ခုပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပွဲတက်ပရိသတ် ၃၀၀ နှင့်အတူ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ Toyota Hilux Revo, Volvo XC90 စသည့်အအောင်မြင်ဆုံးသော ကားနှစ်စီးနှင့်တကွ အခြားဆုရရှိသောကားများကိုလည်း ဂုဏ်ထူးဆောင်ဆုများစွာအား ပေးအပ်ခဲ့သည်။

ယခုနှစ်မှာတော့ MCOTY ပွဲကြီးအား ပိုမိုထူးခြားကောင်းမွန်စေရန်နှင့် ပိုမိုထင်သာမြင်သာဖြစ်စေရန်အတွက် အကောင်းဆုံး ပြင်ဆင်ထားပါသည်။ ကျွန်တော်တို့၏ Event ကို Gold Sponsor နှင့် Execlusive Beer Partner အဖြစ် Heineken မှ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပြီး ၎င်းတို့၏ campaign ဖြစ်သော "When you Drink, Never Drive" ကိုပါတစ်ပါတည်း ဆောင်ယူလာမည်ဖြစ်သည်။ ထို့အပြင် Luther Law firm စည်းမျဉ်းအတိုင်း အကောင်းဆုံးနှင့်အမျှတဆုံး ရွေးချယ်နိုင်ရန်စီစဉ်ထားခြင်း၊ Centurion Auto နှင့်ပူးပေါင်းပြီး အကဲဖြတ်ဒိုင်များအားစမ်းသပ်မောင်းနိုင်ရန် စီစဉ်ထားရှိခြင်း၊ AMM အဖွဲ့ချုပ်၏ ကူညီထောက်ပံ့မှုများဖြင့် အကောင်းဆုံးနှင့် အခမ်းနားဆုံး ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဤဆုချီးမြှင့်ပွဲကြီးအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် Rose Garden Hotel, Yangon ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဆုတံဆိပ် ၁၅ ခုအား တရားမျှတစွာ ရွေးချယ်ပေးအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အခြားအိမ်နီးချင်းနိုင်ငံများပါဝင်သော car journalists အကဲဖြတ်ဒိုင်အဖွဲ့မှ ဆုတံဆိပ် ၁၄ ခုအား ရွေးချယ်ပေးအပ်မည်ဖြစ်ကာ ကျန်တစ်ဆုသည် ပွဲတက်ရောက်သူဧည့်သည်တော်များမှ ပေးအပ်မည့် (people's choice) ဖြစ်သည်။ ကျော်ကျော်

Nokia နှင့် အူရီဒူးတို့မှ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်ပူးပေါင်း၍ 5G ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်

အူရီဒူးမြန်မာနှင့် Nokia တို့မှရန်ကုန် နည်းပညာတက္ကသိုလ်နှင့်ပူးပေါင်းပြီးမြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော 5G အပါအဝင်နောက်ဆုံးပေါ်ထိပ်တန်းနည်းပညာများကို လက်တွေ့လုပ်ဆောင်သရုပ်ပြသခဲ့သည်။ အဆိုပါ 5G နည်းပညာသည် ကမ္ဘာ့ထိပ်တန်းနည်းပညာများကိုအသုံးပြုပြီး အလားအလာကောင်းရှိသောဈေးကွက်အတွင်းတွင်နိုင်ငံတော်၏ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုအတွက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ယခုလက်တွေ့သရုပ်ပြသမှုတွင် အူရီဒူး၏အနာဂတ်တွင်ပေးအပ်မည့် 5G စွမ်းဆောင်ရည်သည် Nokia ၏နည်းပညာပံ့ပိုးမှုဖြင့်အမျိုးမျိုးသောအပလီကေးရှင်းများ၊ စက်မှုလုပ်ငန်းများသာမကဘဲ အခြားသောကဏ္ဍမျိုးစုံ၌လုပ်ကိုင်နိုင်ကြောင်းကို ပြသခဲ့သည်။ ဤလက်တွေ့သရုပ်ပြသပွဲ၌ 5G ကိုလက်တွေ့အသုံးချသည့် လုပ်ဆောင်ချက်များတွင်အသိဉာဏ်ထည့်ထားသောစက်ရုပ်များ၊ အများပြည်သူ ဘေးကင်းလုံခြုံမှု၊ လက်တွေ့နှင့်ထပ်တူကျသောပုံရိပ်ယောင်(virtual reality) နှင့် the Internet of Things (IOT) များတွင်လည်း အသုံးပြုပြီးပြသခဲ့သည်။

ဤသရုပ်ဖော်ပြသမှုမှ တစ်ဆင့်နည်းပညာအသစ်ဖွံ့ဖြိုးမှုအတွက်တိုးတက်ရန်အလားအလာရှိမှုနှင့် နိုင်ငံ၏ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံတိုးတက်စေရန်အတွက် 5G ကိုအသုံးပြုပြီး မီးမောင်းထိုးပြခဲ့သည်။ အမြန်နှုန်း၊ စွမ်းဆောင်ရည်အားမြင့်မားနှုန်းနှင့် ဒေတာရောက်ရန်ကြာချိန်မြန်ဆန်သော 5G နည်းပညာတို့ကို အသုံးပြုခြင်းကြောင့်ဆက်သွယ်ချိတ်ဆက်မှုကိုတွန်းအားပေးပြီး မြန်မာပြည်အနှံ့ရှိစက်ရုံအမျိုးအစားမျိုးစုံ၊ စီးပွားရေးလုပ်ငန်းမျိုးစုံနှင့် လူမှုပတ်ဝန်းကျင်မျိုးစုံအတွက်အကျိုးများစွာရရှိစေရန်ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းအသစ်များဖြစ်ပေါ်စေသည်။

5G နည်းပညာသည် လုံခြုံမှု၊ ကြံ့ကြံ့ခံနိုင်သော စလယ်ဆုံးကွန်ရက်ချိတ်ဆက်မှုကို ပြုလုပ်ပေးနိုင်စွမ်းရှိသည့် စတုတ္ထမြောက်နည်းပညာဆန်းသစ်မှုဖြစ်သည်။ ယခုလောလောဆယ်တွင် စက်ရုံများရှိစက်ယန္တရားများသည်တစ်နေရာထဲတွင်တည်ရှိပြီး တစ်ခုနှင့်တစ်ခုဆက်သွယ်ချိတ်ဆက်ထားခြင်းမရှိကြောင်း ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာအပြောင်းအလဲဆိုသည်မှာစက်ယန္တရားများကို အခြားစက်ယန္တရားများနှင့်ချိတ်ဆက်အသုံးပြုနိုင်ရန်ပြောင်းလဲပေးထားဖြစ်သည်။ ယနေ့အခါတွင်ထုတ်ကုန်များစွာလိုအပ်သဖြင့်ထုတ်လုပ်မှုဆိုင်ရာအပိုင်းကို အပြောင်းအလဲပြုလုပ်ရန်အတွက်ရပ်ဆိုင်းရမည်ဖြစ်ပြီး စက်မှုလုပ်ငန်းအဆင့်ရှိအိုင်စီတီအဆောက်အအုံမှတစ်ဆင့် 5G ကိုအသုံးပြုပြီး စက်မှုကဏ္ဍများစွာသည်အစိတ်အပိုင်းတစ်ခုခြင်းစီချိတ်ဆက်အသုံးပြုသည့် စနစ်ကိုအသုံးပြုလျက်ရှိနေသောကြောင့်တစ်စုတစ်စည်းထဲပေါင်းစည်းပြီး လုပ်ဆောင်နိုင်မည်ဖြစ်သည်။ စက်ပစ္စည်းများနှင့်စက်ရုပ်များကို ကွန်ပျူတာနည်းပညာအသုံးပြုကာ၊ မိုဘိုင်းနှင့်ချိတ်ဆက်ပေးပြီးကြိုးမဲ့ဆက်သွယ်မှုစနစ်ကိုအသုံးပြု၍ အဆင်ပြေလွယ်ကူစွာအသုံးပြုနိုင်ရန်ထောက်ပံ့ပေးထားသည်။

ယခုလက်တွေ့သရုပ်ပြသမှုတွင် 5G နည်းပညာဖြင့်နည်းပညာမြင့်မိုဘိုင်း cloud server မှတစ်ဆင့် စက်ရုပ်များကိုချိတ်ဆက်ကာစက်ရုံတစ်ခုအတွက် လိုအပ်သောလုပ်ငန်းဆောင်တာများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်သည်။ ဤပြသမှုတွင် စက်ပစ္စည်းတစ်ခုနှင့် တစ်ခုအကြားချိတ်ဆက်ရန်ကြာမြင့်ချိန်ကို 4G နှင့်နှိုင်းယှဉ်လျှင် 5G မှသိသာစွာ ပိုမိုလျှော့ချနိုင်ကြောင်းလက်တွေ့ပြသခဲ့ကြောင်းသိရသည်။ ကျော်ကျော်

MPT က ဒေတာကုန်ကျမှုမရှိဘဲ၊ ပြန်လည်ဆန်းသစ်ထားသည့် လိုတရ Portal အသစ်ကို သုံးစွဲနိုင်ပြီ

MPT က ဒေတာကုန်ကျမှုမရှိဘဲ ပြန်လည်ဆန်းသစ်ထားသည့် လိုတရ Portal အသစ်ကို စက်တင်ဘာ ၁၄ ရက်က စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ အဆိုပါ အစီအစဉ်တွင် စိတ်ဝင်စားဖွယ်အကြောင်းအရာများ၊ သတင်းထူး၊ သတင်းဦးများ၊ ဂိမ်းဗေဒင်ကဏ္ဍအပါအဝင် ဖျော်ဖြေရေးကဏ္ဍအစုံအလင်ကို ဒေတာကုန်ကျမှုမရှိဘဲ အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ယခုအဆင့်မြှင့်တင်ထားသည့် လိုတရ Portal ကို Andriod နှင့် ios အသုံးပြုသူတိုင်း၊ လွယ်ကူစွာရယူနိုင်မည်ဖြစ်ပြီး အသစ်ပြန်လည်ဆန်းသစ်ထားသည့် လိုတရ Portal တွင် သတင်းနှင့် ကဏ္ဍအကြောင်းအရာများစွာကို တစ်နေရာတည်းတွင် စုံလင်စွာဖတ်ရှုနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် MPT သုံးစွဲသူများအနေဖြင့် အမျိုးမျိုးသော ဝန်ဆောင်မှုများဖြစ်သော ခေါ်သူနားဆင်တေးသံစဉ် ဝန်ဆောင်မှု၊ ဂိမ်းသတင်းအချက်အလက်ဖျော်ဖြေရေးဝန်ဆောင်မှုအစီအစဉ်များအပြင် ဘေလ်လက်ကျန်စစ်ခြင်းနှင့် MPT Club ၏ Point များ စစ်ဆေးခြင်းများကိုပါ အသုံးပြုနိုင်ကြောင်း သိရသည်။ လှမျိုး-ဆ.သ.ရ

တယ်လီနော 4G ကွန်ရက် နိုင်ငံ၏ (၇၅)ရာခိုင်နှုန်းကျော် လွှမ်းခြုံထားနိုင်

တယ်လီနောမြန်မာ၏ 4G/LTE ကွန်ရက်အား နိုင်ငံတစ်ဝန်းတိုးချဲ့ပေးအပ်နိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် (၇၅) ရာခိုင်နှုန်းကျော်အထိ လွှမ်းခြုံထားနိုင်ခဲ့ပြီဖြစ်ကြောင်း စက်တင်ဘာလ (၁၉) ရက်သတင်းထုတ်ပြန်ချက်အရ သိရသည်။ တယ်လီနော၏ 4G/LTE ကွန်ရက်သည် လက်ရှိတွင်မြို့နယ်ပေါင်း (၂၅၅)မြို့နယ်ကို လွှမ်းခြုံထားပြီး ၂၀၁၈ခုနှစ် နှစ်ကုန်တွင် မြို့နယ်ပေါင်း (၃၀၀)နီးပါးကို လွှမ်းခြုံနိုင်ရန် ဆက်လက်ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

တယ်လီနောမြန်မာ၏ 4G/LTE ကွန်ရက်အား ပဲခူးတိုင်းတွင် ဒိုက်ဦး၊ ကဝ၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ သနပ်ပင်၊ ဝေါ၊ ကျောက်ကြီး၊ ဖြူးနှင့် ရေတာရှည်၊ ကရင်ပြည်နယ်တွင် လှိုင်းဘွဲ့နှင့် သံတောင်ကြီး၊ ဧရာဝတီတိုင်းတွင် မအူပင်၊ ကျိုက်လတ်၊ ပန်းတနော်၊ ပုသိမ်၊ မြောင်းမြ၊ အိမ်မဲ၊ ငပုတော၊ သာပေါင်းနှင့် ဝါးခယ်မ၊ မွန်ပြည်နယ်တွင် ချောင်းဆုံ၊ တနင်္သာရီတိုင်းတွင် သရက်ချောင်းတို့တွင် မကြာသေးမီက အသီးသီး ထပ်မံတိုးချဲ့လွှမ်းခြုံနိုင်ခဲ့သည့်အတွက် အဆိုပါဒေသများရှိ အသုံးပြုသူများအနေနှင့် တယ်လီနောမြန်မာ၏ ဈေးနှုန်းချိုသာပြီးဆန်းသစ်မှုရှိသော 4G ဝန်ဆောင်မှုများအား ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

ရေဘေးသင့်ပြည်သူများအတွက် အထောက်အပံ့များ တယ်လီနောမြန်မာ လွှဲပြောင်းပေးအပ်ပြီးစီး

တယ်လီနောမြန်မာနှင့် Network Activities Group (NAG) တို့သည် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နှင့် ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်တို့မှ ရေဘေးသင့်အိမ်ထောင်စုများ ပြန်လည်ထူထောင်ရေးအတွက် ကူညီထောက်ပံ့မှုများ အောင်မြင်စွာလွှဲပြောင်းပေးအပ်ခဲ့ကြောင်း စက်တင်ဘာလ ၁၈ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။ ကနဦး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၅၅၀ ကျော်အား တယ်လီနောမြန်မာက NAG ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်မှစတင်၍ အဆိုပါကူညီထောက်ပံ့မှုများအား လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာပေါင်း ၅၁ ရွာရှိ ရေဘေးသင့်ပြည်သူ ၃၇,၀၀၀ ကျော်အား ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ခဲ့သည်။

အဆိုပါ ကူညီထောက်ပံ့မှုများအပြင် ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိ တယ်လီနောမြန်မာဝန်ထမ်းများကလည်း ရေဘေးသင့်ဒေသများသို့ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက်ထပ်ဆောင်းကူညီထောက်ပံ့မှုအဖြစ် ငွေကျပ် ၇.၂ သန်းနှင့် အိမ်ထောင်စုများအတွက် လိုအပ်သောပစ္စည်းများ ထပ်မံလှူဒါန်းခဲ့ကြောင်းသိရသည်။ ကျော်ကျော်

hoco မှ ananda (အနန္တ)နှင့် ပူးတွဲလုပ်ဆောင်

hoco အမှတ်တံဆိပ် လူမှုဘဝ နေ့စဉ်သုံး ဒီဂျစ်တယ်ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင်တစ်ဦးတည်း မူပိုင်ဖြန့်ဖြူးရေးရရှိထားသည့် Telecity Trading Co.,Ltd သည် 4G+ ဒေတာအော်ပရေတာ ananda (အနန္တ)နှင့် ပူးပေါင်းလက်တွဲကြောင်း စက်တင်ဘာ ၁၄ ရက်က ကြေညာခဲ့သည်။

ဈေးကွက်၏ လိုအပ်ချက်ကိုသတိ ထားမိသော hoco နှင့် ananda (အနန္တ) သည် ဒေတာများနှင့် လူမှုဘဝနေ့စဉ်သုံး ဒီဂျစ်တယ်ဆက်စပ်ပစ္စည်းများကို ဝယ်ယူသူများအဆင်ပြေစေရန် "shop in shop" ပုံစံဖြင့်တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်သည်။ hoco အမှတ်တံဆိပ် လူမှုဘဝနေ့စဉ်သုံး ဒီဂျစ်တယ် ဆက်စပ်ပစ္စည်းများနှင့် ananda(အနန္တ) ၏ အင်တာနက်ဝန်ဆောင်မှုများကို ရန်ကုန်ရှိ ananda (အနန္တ)၏ experience stores များတွင် လွယ်လင့်တကူဝယ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ထားခြင်းသည် ananda (အနန္တ)၏ ဝန်ဆောင်မှုများကို နောက်ထပ်အရှိန်မြင့်တင်လိုက်ခြင်းဖြစ်သည်။

Telecity Trading Co.,Ltd သည်မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်မှစတင်၍ hoco အမှတ်တံဆိပ်လူမှု ဘဝနေ့စဉ်သုံး ဒီဂျစ်တယ်ဆက်စပ် ပစ္စည်းများကို တစ်ဦးတည်းမူပိုင်ဖြန့်ဖြူးခွင့်ရရှိထားသည့် ကုမ္ပဏီတစ်ခု ဖြစ်သည်။ hoco အမှတ်တံဆိပ်လူမှုဘဝ နေ့စဉ်သုံးဒီဂျစ်တယ်ဆက်စပ် ပစ္စည်းများကို ၂၀၁၇ ခုနှစ်ဇန်နဝါရီလမှစတင်၍ စတိုးဆိုင်များတွင်စတင် တင်သွင်းရောင်းချခဲ့သည်။

သဘောတူ စာချုပ်အသစ်အရ hoco အမှတ်တံဆိပ် လူမှုဘဝနေ့စဉ်သုံး ဒီဂျစ်တယ် ဆက်စပ်ပစ္စည်းများကို ananda (အနန္တ) ရုံးချုပ်တွင်ဖွင့်လှစ်ထားသည့် experience store တွင် ယနေ့မှစတင်၍ ဝယ်ယူရရှိနိုင်တော့မည်ဖြစ်သည်။ ဝယ်ယူလိုသူများသည် မိမိတို့ကြိုက်နှစ်သက်ရာ အရည်အသွေးမြင့် hoco အမှတ်တံဆိပ်လူမှုဘဝနေ့စဉ်သုံး ဒီဂျစ်တယ်ဆက်စပ်ပစ္စည်းများကို ဈေးနှုန်းအမျိုးမျိုးဖြင့် လွယ်လင့်တကူ တိုက်ရိုက်ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ hoco မှ ထုတ်လုပ်ရောင်းချသော လူမှုဘဝနေ့စဉ်သုံး ဒီဂျစ်တယ် ဆက်စပ်ပစ္စည်းများမှာ Power Bank များ၊ headphone များ၊ earphone များ၊ car charger များနှင့် cable များနှင့် car phone holder ပစ္စည်းများဖြစ်ပြီး ၎င်းပစ္စည်းများအားလုံးသည် ဆန်းသစ်လှပသည့် ဒီဇိုင်းမျိုးစုံဖြင့် သုံးစွဲသူအကြိုက်တွေ့စေမည့် ပစ္စည်းများဖြစ်ကြောင်း သိရသည်။ ကျော်ကျော်

Viu App ဖြင့် ရုပ်သံဇာတ်လမ်းတွဲများ ကြည့်ရှုနိုင်

အမေရိကန်နိုင်ငံအခြေစိုက် အွန်လိုင်းဒစ်ဂျစ်တယ်ဗီဒီယို ဝန်ဆောင်မှု Viu App ကိုအသုံးပြုပြီး ရုပ်သံဇာတ်လမ်းတွဲများ ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တွင် လွန်ခဲ့သည့်ရက်သတ္တပတ်က တရားဝင်မိတ်ဆက်ခဲ့သည်။

အဆိုပါ ဒစ်ဂျစ်တယ်ဗီဒီယို ဝန်ဆောင်မှုသည် မြန်မာနိုင်ငံအပါအဝင်အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်သည့် ဘာရိန်း၊ အီဂျစ်၊ ဂျော်ဒန်၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် ယူအေအီး စသည့်နိုင်ငံများတွင်လည်း အွန်လိုင်းဒစ်ဂျစ်တယ် ဗီဒီယိုဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး Viu App ကို Google Play မှတဆင့် အခမဲ့ရယူနိုင်ပြီး Viu ဝန်ဆောင်မှုနှင့်ချိတ်ဆက်ထားသော စမတ်ဖုန်းများနှင့် တက်ဘလက်များတွင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

Viu နှင့် Myanmar Net တို့ပူးပေါင်းပြီး အဝသုံးနှင့်အမုန်းကြည့် Package ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ပုံသေဈေးနှုန်းနှင့်အတူ အကန့်အသတ်မဲ့ ဒေတာသုံးစွဲခွင့်ဖြင့် Viu App က ရုပ်သံဇာတ်လမ်းများနှင့် ဗီဒီယိုများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

၂၀၁၆ခုနှစ်က ဒစ်ဂျစ်တယ်ဗီဒီယိုဝန်ဆောင်မှုလုပ်ငန်းများ Viu စတင်လုပ်ကိုင်ခဲ့ပြီး အာရှတိုက်တွင် ဒစ်ဂျစ်တယ်ဖျော်ဖြေရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းအဖြစ် လူသိများကြောင်းသိရသည်။

ကျော်ကျော်

LTE^{+} ကို ၂၀၁၈ ခုနှစ် အကုန်တွင် မြို့နယ်ပေါင်း ၃၀၀ ကျော်တွင် အသုံးပြုနိုင်တော့မည်

မြန်မာ့ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် MPT က သုံးစွဲသူ ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးအပ်နိုင်ရန် မြန်နှုန်းမြင့် LTE^{+} ကွန်ရက်ကို တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ဖြန့်ကျက်ဆောင်ရွက်လျက်ရှိရာ၊ ယခုစက်တင်ဘာလအကုန်တွင် LTE^{+} မိုဘိုင်းလ်ကွန်ရက်ကို မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့နယ်ပေါင်း ၁၈၀ ကျော်တွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် ယခုနှစ်အကုန်တွင် မြို့နယ်ပေါင်း ၃၀၀ ကျော်သို့လည်း LTE^{+} ဖြန့်ကျက်နိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

ဆက်လက်၍ MPT-KSGM ၏ စီးပွားရေးအရာရှိချုပ်ဖြစ်သူ Mr.Rezio က MPT အနေဖြင့် 4 × 4 MIMO နဲ့ Carrier Aggregation နည်းပညာကို အသုံးပြုထားတဲ့ LTE^{+} ကွန်ရက်ကို စတင်ရရှိတဲ့ မြို့နယ်တွေမှာ နေထိုင်ကြတဲ့ အင်တာနက်အသုံးပြုသူတွေအနေနဲ့ ဖိုင်ဆိုဒ်အကြီးတွေ ဒေါင်းလုတ်လုပ်တဲ့အခါမှာဖြစ်စေ၊ အင်တာနက်ဒေတာအသုံးပြုပြီး ဂိမ်းကစားရာမှာဖြစ်စေ၊ ဗွီဒီယိုအွန်လိုင်းကနေ တိုက်ရိုက်ကြည့်ရှုအသုံးပြုတဲ့အခါမှာ LTE^{+} ကြောင့် သိသာတဲ့ပြောင်းလဲမှုကို မြင်တွေ့ရမှာဖြစ်ပြီး၊ ဒ့ါအပြင် MPT ရဲ့ Data Carry Plus ပတ်ကေ့ချ်အသစ်ကိုသုံးပြီး၊ ပိုမိုသက်သာတဲ့ ဈေးနှုန်းတွေနဲ့အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် MPT ရဲ့ မဟာဗျူဟာကျ ကွန်ရက်ချဲ့ထွင်မှုနဲ့ သုံးစွဲသူတွေကို အကောင်းဆုံးအင်တာနက်အသုံးပြုမှုအတွေ့အကြုံပေးအပ်မည်ဆိုသည့် ကတိအတိုင်း ယခုဒီဇင်ဘာလအကုန်တွင် LTE^{+} ကွန်ရက်ကို မြို့ပေါင်း ၃၀၀ ကျော်တွင် အသုံးပြုနိုင်ရေးလုပ်ဆောင်သွားရန် မျှော်မှန်းထားကြောင်း Mr.Rezio က ပြောကြားခဲ့ကြောင်းသိရှိရသည်။

လှမျိုး-ဆ.သ.ရ

တေးသီချင်းချစ်သူများအတွက် တစ်ရက်လျှင် ၉၀ ကျပ်ဖြင့်နားဆင်နိုင်မည့် mJams အက်ပလီကေးရှင်းမိတ်ဆက်

တေးသီချင်းချစ်သူများအတွက် MPT ၏အထူးအစီအစဉ်ဖြစ်သည့် mJams မိုဘိုင်းလ်အက်ပလီကေးရှင်းမှ တစ်ဆင့်ပြည်တွင်းနာမည်ကျော် တေးသီချင်းများကိုနားဆင်နိုင်ပြီဖြစ်သည်။ MPT ဆင်းမ်းကတ်သုံးစွဲသူများအနေဖြင့်မိမိဖုန်းတွင် mJams အက်ပလီကေးရှင်းကိုဒေါင်းလုတ်ရယူပြီး စာရင်းသွင်းပြီးပါက ပြည်တွင်းနာမည်ကျော်ကြားသောတေးသီချင်းများကို ၇ ရက်အခမဲ့နားဆင်နိုင်မည်ဖြစ်ပြီး ၇ ရက်ကျော်လွန်ပါက မိမိနှစ်သက်သည့် သီချင်းများကို(ကုန်သွယ်ခွန်ပါပြီး)တစ်ရက်လျှင် ၉၀ ကျပ်ဖြင့်နားဆင်ခံစားနိုင်မည်ဖြစ်သည်။

စမတ်ဖုန်းများအတွက် ရည်ရွယ်ဖန်တီးထားသော mJams တွင်သုံးစွဲသူနှစ်သက်သည့်အဆိုတော်များ၊ တေးသီချင်းများ၊ တေးသီချင်းအလ်ဘမ်များနှင့်ကိုယ်ပိုင် playlist များကိုချိတ်ဆက်ပေးထားပြီးအိမ်တွင်ဖြစ်စေ၊ လမ်းခရီးတွင်ဖြစ်စေ ၂၄နာရီ ၇ရက်ပတ်လုံးနားဆင်နိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် ကြိုက်နှစ်သက်သည့်တေးသီချင်းများကိုဒေါင်းလုတ်ရယူထားပြီး အင်တာနက်အသုံးပြုရန်မလိုဘဲပြန်လည်နားဆင်ခံစားနိုင်မည်ဖြစ်သည်။

MPT ၏ mJams ဝန်ဆောင်မှုကိုရယူအသုံးပြုလိုပါကလိုတရ Portal ဖြစ်သည့် http://mj.lotayamm.com မှဒေါင်းလုတ်ရယူပြီးသည်နှင့်သုံးစွဲသူများက MPT ဖုန်းနံပါတ်ဖြင့်မှတ်ပုံတင်ရန် လိုအပ်ပြီးဒေါင်းလုတ်(သို့)တိုက်ရိုက်နားထောင်ခြင်းများအတွက် သုံးသလောက်ပေး(PAYG) (သို့)သတ်မှတ်ဒေတာနှုန်းထားများအတိုင်းကျသင့်မည်ဖြစ်ကြောင်းသိရသည်။

လှမျိုး-ဆ.သ.ရ

အလုံးစုံမော်တော်ယာဉ်အာမခံလျော်ကြေးအကြောင်း တစေ့တစောင်း

အလုံးစုံမော်တော်ယာဉ် အာမခံထားသောယာဉ်ကို ယာဉ်မောင်းသူက မူးပြီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီဆိုပါက အာမခံက မပေးလျော်ဘူးလားဆိုသည်ကို သိချင်ကြပါလိမ့်မည်။ ထိုသို့ဖြစ်ပါက မော်တော်ယာဉ်မောင်း လိုင်စင်မရှိခြင်း၊ မော်တော်ယာဉ်သည်မှတ်ပုံတင်သက်တမ်းမရှိခြင်း၊ တည်ဆဲယာဉ်စည်းကမ်းဥပဒေဖောက်ဖျက်ပြီး ယာဉ်တိုက်မှုဖြစ်ခြင်း (မီးနီဖြတ်မောင်းခြင်း၊ လမ်းပြောင်းပြန်မောင်းခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲထားသည်မှာ ပေါ်လွင်ခြင်း)တို့အတွက် လျော်ကြေးပေးခြင်းကိုငြင်းပယ်မည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်ယာဉ်မောင်းလိုင်စင် မဟုတ်ပါကလည်း လျော်ကြေးအတွက် ငြင်းပယ်ခွင့်ရှိပါသည်။

ယာဉ် (၂)စီးဖြစ်စဉ်တွင် သက်ဆိုင်ရာယာဉ်မှုစစ် (သို့)ယာဉ်မှုစစ်တာဝန်ပေးအပ်ထားသော နယ်မြေရဲတပ်ဖွဲ့ဝင်က ဆုံးဖြတ်ချက်သည်အတည်ဖြစ်ပါသည်။ ထို့အတွက် ရဲစခန်းတွင်အမှုဖွင့်ထားကြောင်း ထောက်ခံချက်တော့လိုအပ်မည်ဖြစ်သည်။ ယာဉ်တိုက်မှုဖြစ်စဉ်များတွင် အာမခံကော်မတီက သက်ဆိုင်ရာ Suveyor များစေလွှတ်ပြီး ပျက်စီးမှုဖြစ်စဉ်များကိုအတည်ပြုချက်ယူပါလိမ့်မည်။ သတိပြုရန်မှာ အာမခံကော်မတီတွင် လျော်ကြေးပြန်တောင်းမည်ဆိုပါက ၎င်းတို့၏စာဖြင့်ဖြစ်စေနှုတ်ဖြင့်ဖြစ်စေ အတည်ပြုချက်မရဘဲ မော်တော်ယာဉ်အားပြုပြင်ခြင်း၊ ပေးလျော်ခြင်း၊ ဝန်ခံခြင်း၊ လျော်ကြေးညှိနှိုင်းမှုပြုခြင်းကို လက်ခံခြင်း စသည်တို့ကိုသတိမပြုမိဖို့လည်း အရေးကြီးပါသည်။ အာမခံလုပ်ငန်း၏ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ရယူခြင်းမရှိသေးဘဲ အဆိုပါလုပ်ဆောင်ချက်များကိုလုပ်ဆောင်မိပါက အာမခံလုပ်ငန်းအနေဖြင့် တာဝန်ရှိတော့မည်မဟုတ်ပါ။

လျော်ကြေး ပေးခြင်းများအတွက် အာမခံလုပ်ငန်းက သင့်တော်မည်ဟု ယူဆသည့်အချက်နှင့် ပေးလျော်သွားမည်ဖြစ်သည်။ ပျက်စီးသွားသည့်အစိတ်အပိုင်းကို ပြန်လည်ပြင်ဆင်၍ရမည်ဆိုလျှင်လည်း ပြုပြင်ပေးမည်။ အစားထိုးလဲလှယ်ရန် လိုအပ်ပါကအစားထိုး လဲလှယ်ပေးသွားမည်ဖြစ်သည်။ လိုအပ်ပါက အာမခံပစ္စည်းတစ်ခုလုံးကို ပေးလျော်ခြင်းကိုလည်း အာမခံလုပ်ငန်းက ဆုံးဖြတ်လုပ်ဆောင်သွားမည်ဖြစ်သည်။ အာမခံထားသည့်ကားကို ထိခိုက်မှုဖြစ်လျှင် ဦးစွာလုပ်ဆောင်ရမည်မှာ မှတ်တမ်းဓါတ်ပုံရိုက်ထားရမည်ဖြစ်သည်။ ပြီးလျှင် သက်ဆိုင်ရာအာမခံလုပ်ငန်းကို အကြောင်းကြားရမည်ဖြစ်သည်။

အာမခံယာဉ်တွင်ပါဝင်သည့် အစိတ်အပိုင်းတစ်စုံတစ်ရာ ပျောက်ဆုံးသွားပါကလည်း လျော်ကြေးတောင်းခံနိုင်ပါသည်။ အဆိုပါ ပျောက်သွားခြင်းမှာခိုးမှုဖြစ်ပါက သက်ဆိုင်ရာအာဏာပိုင်များ၏ လုပ်ထုံးလုပ်နည်းများအရ တိုင်ချက်ဖွင့်ခြင်း၊ တရားဆွဲခြင်းများကို အာမခံထားသူများက လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းများကိုမူ အာမခံလုပ်ငန်းကဝင်ရောက်စွပ်ဖက်မည်မဟုတ်ချေ။ ကားပျက်ကို ဝပ်ရှော့သို့ဆွဲယူခြင်းအတွက်အာမခံလုပ်ငန်းက ကားဆွဲခအားအများဆုံးအနေဖြင့် ကျပ် (၁)သိန်းပေးလျော်မည်ဖြစ်သည်။ အကြောင်းတစ်စုံတစ်ရာကြောင့် တရားဝင်ဆိုင်ရမည်ဆိုလျှင်လည်း တရားစရိတ်အများဆုံး (၂)သိန်းရရှိမည်ဖြစ်သည်။

မည်သို့ဆိုစေ အာမခံထားခြင်းသည် မိမိပိုင်ဆိုင်ရာများအတွက်အာမခံနေမည်ဖြစ်သည်။ ထို့ကြောင့်ပင် အသက်အာမခံ၊ မီးအာမခံ၊ ကားအာမခံ စသည်ဖြင့်ယုံကြည်စိတ်ချစွာအပ်နှံကြသည့် အာမခံထားသူနှင့်အာမခံလုပ်ငန်းအကြားတွင် အပြန်အလှန်ရိုးသားကြရမည်ဖြစ်သည်။ သို့မှသာ အာမခံထားသူနှင့် အာမခံလုပ်ငန်းအကြားပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာမခံမှုအပြည့်အဝ ရှိနေမည်ဖြစ်တော့မည်ဖြစ်သည်။

E.S

အခြေခံလျှပ်စစ်သင်တန်း (၁/၂၀၁၈)သင်တန်းဆင်းပွဲကျင်းပ

မြန်မာနိုင်ငံစက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း(MTA) မှကြီးမှူးဖွင့်လှစ်သည့် အခြေခံလျှပ်စစ်သင်တန်း(၁/၂၀၁၈)သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက်က M.3 Food Center တွင်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံစက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း (MTA) ဥက္ကဋ္ဌဦးစိုးဟန်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌဦးအောင်မြင့်၊ AGTI အသင်းဥက္ကဋ္ဌဦးငြိမ်းမောင်တို့မှ အမှတ်တရစကားများပြောကြားပေးခဲ့ကြပြီး သင်တန်းသားများကိုသင်ကြားပေးခဲ့ကြသည် ပြည်တွင်းပြည်ပမှဆရာများကိုအမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြသည်။ ထို့နောက်သင်တန်းဆင်းသင်တန်းသား (၃၀)ဦးကိုသင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းကိုမြန်မာနိုင်ငံတွင် စက်မှုလက်မှုကျွမ်းကျင်အလုပ်သမားများ ပိုမိုများပြားလာစေရန်ရည်ရွယ်ချက်ဖြင့် MTA မှကြီးမှူး၍ရန်ကုန်တိုင်းဒေသကြီး၊ သိမ်ဖြူသဘော်ကျင်းရှိရေကြောင်း အင်ဂျင်နီယာသင်တန်းကျောင်းတွင် ပထမဆုံးအကြိမ်အဖြစ်ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့အခြေခံလျှပ်စစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းနှင့် ပတ်သက်၍MTA ဥက္ကဋ္ဌဦးစိုးဟန်က “သင်တန်းကတော့ ကျွန်တော်တို့တိုင်းပြည်မှာလိုအပ် ချက်ဖြစ်တဲ့အခြေခံလျှပ်စစ်သင်တန်းကို ကျွန်တော်တို့အသင်းအနေနဲ့က ပထမဦးဆုံးအကြိမ်ဖွင့်လှစ်တာပါ။ ဒါမှလည်းကျွန်တော်တို့ တိုင်းပြည်အတွက် လျှပ်စစ်နဲ့ပတ်သက်တဲ့အထောက်အကူဖြစ်အောင်လို့ပါ”ဟုဆိုသည်။

ယခုဖွင့်လှစ်သင်ကြားပေးခဲ့သည့် သင်တန်းကို ဩဂုတ်လမှစတင်ကာ အပတ်စဉ်စနေ၊ တနင်္ဂနွေရက်များတွင်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာနှစ်လတာကြာမြင့်ခဲ့ခြင်းဖြစ်ပြီး ပညာအရည်အချင်းသတ်မှတ်ချက်အနေဖြင့် အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်ဟုသိရသည်။

MTA အသင်းကိုနိုင်ငံတော်တွင်လိုအပ်ချက်ဖြစ်သောစက်မှုကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်ပညာရှင်များတိုးပွားလာစေရန်အတွက် သင်တန်းများဖွင့်လှစ်၍သက်မွေးပညာရပ်များဖြန့်ဖြူးပေးရန်၊ ပညာရပ်ဆိုင်ရာများတိုးတက်ဆည်းပူးနိုင်ရန်အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်ရန် ကျောင်းသားဟောင်းများ အသင်းဝင်များအချင်းချင်း လူမှုရေးကူညီရိုင်းပင်းနိုင်မည့် နည်းလမ်းများရှာဖွေလုပ်ဆောင်ရန်၊ အသင်းကိုပါတီနိုင်ငံရေးကင်းရှင်းသောအဖွဲ့အစည်းအဖြစ်ဖွဲ့စည်းရန် နှင့်နိုင်ငံတော်တွင်ဖြစ်ပေါ်နေသောရေဘေး၊ မီးဘေး၊ လေဘေးများဖြစ်ပေါ်ပါက အသင်းမှငွေအားဖြင့် ကူညီနိုင်ရန်စသည်ရည်ရွယ်ချက်များဖြင့်တည်ထောင်ထားခြင်းဖြစ်သည်။

Transcom

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် Seoul Metro နှင့် KORAIL များသို့ သွားရောက်လေ့လာ

ကိုရီးယားသမ္မတနိုင်ငံသို့ Global Infrastructure Cooperation Conference-GICC 2018 တက်ရောက်ရန်ရောက်ရှိနေသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် အဖွဲ့သည် စက်တင်ဘာလ (၁၈)ရက်နေ့ ညနေပိုင်းက ဆိုးလ်မြို့ရှိ Seoul Metro ရုံးချုပ်သို့ သွားရောက်ရာ Seoul Metro ၏ CEO ဖြစ်သူ Mr.Kim Tae Ho က ကြိုဆိုနှုတ်ဆက်၍ ဆိုးလ်မြို့တွင် Seoul Metro ၏ စီမံခန့်ခွဲမှုဖြင့်ပြေးဆွဲလျက်ရှိသည့် မြေအောက်ရထားလိုင်းများ၏ အခြေအနေကိုရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ၏မြို့ပြရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Seoul Metro နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Seoul Metro ၏ Control Center အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာလ (၁၉)ရက်နေ့တွင် ဒေဂျွန်းမြို့ရှိ ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံပိုင်ရထားကုမ္ပဏီဖြစ်သော KORAIL ရုံးချုပ်သို့ ကိုရီးယားအမြန်ရထား KTX ဖြင့် သွားရောက်ခဲ့ရာ KORAIL ၏ Senior Vice President ဖြစ်သူ Mr.Chung In-Soo နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြပြီး၊ မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့မီးရထားနှင့် KORAIL တို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ ကိုရီးယားချေးငွေဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာလ (၂၀)ရက်၊ ညပိုင်းတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

ရန်ကုန်မြစ်ဝ၌ တည်ဆောက်လျက်ရှိသည့် ရေကြောင်းပြအဆောက်အအုံ (Offshore Fixed Pilot Station) ကို ယခုနှစ်အပြီး တည်ဆောက်မည်

ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်အတွင်း ရေကြောင်းပြအဆောက်အအုံ (Offshore Fixed Pilot Station) ကို တည်ဆောက်လျက်ရှိရာ အဆိုပါအဆောက်အအုံကို ယခုနှစ်အတွင်း ပြီးစီးရန်လျာထားကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

အဆိုပါ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းအား ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် စက်ယန္တရားများ ရွှေ့ပြောင်းသယ်ယူခြင်း၊ ယာယီရုံးခန်းနှင့် အလုပ်ရုံများတည်ဆောက်ခြင်း၊ ရေပြင်နှင့် ရေအောက်မြေသားစစ်သပ်ခြင်း၊ အသေးစိတ်ပုံစံဒီဇိုင်းရေးဆွဲခြင်း၊ ဆောက်လုပ်ရေးဆိုင်ရာ Foundation အတွက် Steel Pipe Pile များ ဝယ်ယူသွင်းခြင်း၊ လုပ်ငန်းခွင်ရိုက်သွင်းခြင်းတို့ဖြင့် စီမံကိန်းလုပ်ငန်း၏ (၃၀) ရာခိုင်နှုန်းပြီးစီးခဲ့သည်။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် Foundation အတွက် Steel Pipe Pile (၆၈)လုံးရိုက်သွင်းခြင်း၊ ပိုက်လိုင်းများ၏ခံနိုင်ရည် (Pipe Foundation Testing) စမ်းသပ်ခြင်း၊ အဆောက်အအုံ၏ Basement Floor၊ ဆိပ်ခံတံတားလျှောက်လမ်းနှင့် ဆီသိုလှောင်ကန်လျှောက်လမ်းတို့အတွက် သံကူကွန်ကရစ်ကြမ်းခင်းလောင်းခြင်း၊ လှိုင်းကာကွယ်ဆိပ်ခံတံတား Rubber Fender တပ်ဆင်ခြင်းစသည့် လုပ်ငန်းအစီအမံ လုပ်ဆောင်လျက်ရှိရာ ရေကြောင်းပြအဆောက်အအုံ (Offshore Fixed Pilot Station) စီမံကိန်းမှာ (၆၀) ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။ လုပ်ငန်းတစ်ခုလုံးအနေဖြင့် ယခုနှစ်ဒီဇင်ဘာလတွင် လုပ်ငန်းတစ်ခုလုံးပြီးစီးရန် လျာထားကြောင်းသိရသည်။

"ရန်ကုန်မြစ်ထဲကို ပင်လယ်ကူးသင်္ဘောကြီးတွေ အဝင်အထွက်လုပ်နေတာကြောင့် ဒီစီမံကိန်းက အများကြီး အထောက်အကူဖြစ်မှာပါ"ဟု မြန်မာဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပင်လယ်ဝတွင် ရေကြောင်းပြ သင်္ဘော (Pilot Vessel) (၂)စီးအား ရေကြောင်းပြစခန်းအဖြစ် အလှည့်ကျ ကျောက်ချအခြေစိုက်ထားရှိသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ ထွက်ကြသည့် ပင်လယ်ကူးသင်္ဘောကြီးများအား အန္တရာယ်ကင်းရှင်းစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ထိန်းကျောင်းပေးသူများမှာ ရေကြောင်းပြမှူးကြီးများဖြစ်သည်။ နေ့/ညအချိန်နာရီမရွေး ဦးဆောင်သယ်ပို့ပေးနိုင်ရန် ရေကြောင်းပြသင်္ဘောပေါ်တွင် ရေကြောင်းနှင့် စက်ပိုင်းဆိုင်ရာ အမှုထမ်းအရာထမ်းများ တာဝန်ထမ်းဆောင်ကြ ရသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောကြီးများဝင်ထွက် သွားလာမှု ပိုမိုများပြားလာသည်နှင့်အမျှ တာဝန်ကျဝန်ထမ်းများပိုမိုများပြားလာပြီး နေရာလိုအပ်ချက်ရှိလာသည်။ ရာသီဥတုဆိုးဝါးချိန်များတွင် ရေကြောင်းပြသင်္ဘောအား ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းခြင်း၊ ပြုပြင်ထိန်းသိမ်းမှုစရိတ်ကြီးမြင့်လာခြင်း၊ ဝန်ထမ်းများအတွက် လုံခြုံစိတ်ချရသည့် ပင်လယ်ပြင်အခြေရေကြောင်းပြ အဆောက်အအုံ (Offshore Fixed Pilot Station) သံကူကွန်ကရစ် (၃)ထပ်ဆောက်လုပ်ရခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းအတွက် နိုင်ငံပိုင်သတင်းစာများမှ ပြည်တွင်းပြည်ပတည်ဆောက်ရေးလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့ရာ ကမ်းဝေးပင်လယ်ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံများသည့် China Harbour Engineering Co.,Ltd မှ တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်းတွင် အလျား (၃၃)ဒသမ (၂)မီတာနှင့် အနံ(၃၀)ဒသမ (၄) မီတာအရွယ် သုံးထပ်အဆောက်အအုံ (၁)လုံး၊ သင်္ဘောအရွယ်အစား GRT 1500 အရွယ်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား (၁)စင်း၊ ရေကြောင်းပြအဆောက်အအုံတွင် မီးစက်၊ ရေသန့်စက်၊ ရေကြောင်းဆက်သွယ်ရေးဆိုင်ရာ ကိရိယာများ Radar စက်နှင့် Pilot Boat (၃)စင်းတို့ပါဝင်ပြီး စီမံကိန်းတန်ဖိုးမှာ USD (၂၀) ဒသမ (၉) သန်းဖြစ်ကြောင်းသိရသည်။

တင်မောင်(ပို့/ဆက်)
အိမ်စည်

တွံတေးတူးမြောင်း ဘက်စုံပြုပြင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၃)ခု၌ လူထုနှင့် တွေ့ဆုံဆွေးနွေး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တွံတေးတူးမြောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ပတ်သက်သောပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီအရင်ခံစာကို ကိုရီးယားနိုင်ငံ ISAN Corporation နှင့် မြန်မာနိုင်ငံမှ Resource and Enviroment Myanmar Co.Ltd တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် လိုအပ်သော စီမံကိန်းနှင့်သက်ဆိုင်သူများအား တွေ့ဆုံဆွေးနွေးပွဲ စက်တင်ဘာ (၂၁)ရက် နံနက်ပိုင်းက ဒလမြို့မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

"တွံတေးတူးမြောင်းကို တည်ဆောက်ခဲ့တာနှစ်ပေါင်း ၁၄၅ နှစ်လောက်ရှိပါပြီ။ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရေနက်ကြမ်းပြင်တိုက်စားမှု၊ ကမ်းပါးပြိုတိုက်စားမှုတွေ များလာတဲ့အတွက် သဘာဝဘေးအန္တရာယ်ကို နှစ်စဉ်ရင်ဆိုင်ကြရပါတယ်။ ဒီအတွက် တွံတေး၊ ဒလနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တွေနဲ့ ဆက်စပ်နေတဲ့တွံတေးတူးမြောင်း (၀)မိုင်မှာ လုပ်ငန်းတွေဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် လူထုနဲ့တွေ့ဆုံဆွေးနွေးခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ရေအရင်းအမြစ်တာဝန်ရှိသူတွေအနေနဲ့ တွံတေး၊ ဒလနဲ့ဆိပ်ကြီးခနောင်တိုမြို့နယ်တွေမှာ သွားရောက်ပြီး ဒေသခံပြည်သူတွေအနေနဲ့ ဆွေးနွေးကြပါတယ်" ဟု ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူးက ပြောသည်။

အဆိုပါ စီမံကိန်းအဆင့် (၁)ကို လာမည့်ရှစ်လအတွင်း ဒီဇိုင်းရေးဆွဲမှုပြီးစီးကာ ၂၀၁၉ ခုနှစ် လုပ်ငန်းစတင်နိုင်မည်ဖြစ်သည်။ ယင်းစီမံကိန်းလုပ်ငန်းအတွက်ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၆၉ဒသမ ၂၄၂သန်းဖြစ်ကြောင်း၊ စီမံကာလမှာ ၆ နှစ်ဖြစ်၍ ၂၀၂၅ ခုနှစ်အတွင်းပြီးစီးရန် ခန့်မှန်းထားကြောင်း၊စီမံကိန်းအကျိုးကျေးဇူးအနေဖြင့် ရေလမ်းကြောင်း ကောင်းမွန်စွာသွားလာနိုင်ခြင်း၊ကမ်းပြိုကမ်းစားမှုများမှ ကာကွယ်နိုင်ခြင်း၊ လယ်မြေများရေနစ်ဝင်ရောက်မှုမှ ကာကွယ်ခြင်းစသော အကျိုးကျေးဇူးတို့ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ တင်မောင်-ပို့/ဆက်၊ဘုန်းပိုင်ဦး

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

ရန်ကုန်စာတိုက်ကြီးအဆောက်အအုံ နှစ် (၁၁၀) ပြည့်အခမ်းအနား ကျင်းပ

ရန်ကုန်စာတိုက်ကြီးအဆောက်အအုံ နှစ်(၁၁၀) ပြည့်အခမ်းအနားကို စက်တင်ဘာလ (၂၃)ရက်နေ့ နံနက် (၉း၃၀)တွင် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ရန်ကုန်စာတိုက်ကြီးအဆောက်အအုံတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယဝန်ကြီးဦးသာဦး၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော် ၊ အမြဲတမ်းအတွင်းဝန်ဦးဝင်းခန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဂျပန်သံရုံး၊ JICA, MIC နှင့် Japan Post တို့မှ တာဝန်ရှိသူများ၊ Yangon City Heritage မှ တာဝန်ရှိသူများ၊ မြန်မာ့စာတိုက်မှ အရာထမ်းအမှုထမ်းများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးသာဦး၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော် Yangon City Heritage မှ ဒေါ်မိုးမိုးလွင်တို့က ဖဲကြိုးဖြတ်၍အခမ်းအနားဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် မြန်မာ့စာတိုက်အဆောက်အအုံသက်တမ်း နှစ် (၁၁၀)ပြည့်မြောက်ပြီဖြစ်ပြီး၊ ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းနိုင်ရေးအပြင် ယခုအခါ မြန်မာ့စာတိုက်လုပ်ငန်းတွင် Online ဝန်ဆောင်မှုများ ဆောင်ရွက်နေပြီဖြစ်သည့်အတွက် နည်းပညာသစ်များဖြင့်အများပြည်သူကို ဝန်ဆောင်မှုပေးခြင်းဖြင့် စာတိုက်လုပ်ငန်းသည် ယခင်ကထက်ပိုမိုမြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်ပြီး၊ ဆက်လက်ကြိုးစားဆောင်ရွက်ကြစေရေး တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်မှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခေတ်အဆက်ဆက်ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ၊ တံဆိပ်ခေါင်းဝါသနာရှင်များ ခင်းကျင်းပြသထားသည့် တံဆိပ်ခေါင်းများနှင့် နှစ် (၁၁၀)ပြည့် Post Card နှင့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်း အရောင်းပြခန်းများအား ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး တိုင်းဒေသကြီး (၃)ခုအတွက် စာပို့သင်္ကေတ အသိပညာဝေငှခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ယခင်က ကမ်းနားလမ်းနှင့် ၃၂လမ်းထောင့်တွင် ရန်ကုန်မြို့၏ မူလစာတိုက်ကြီးအဆောက်အအုံတည်ရှိခဲ့ပြီး ထူးခြားသောလက်ရာများဖြင့် သံပန်းအများအပြားဖြင့် အလှဆင်ထားသည်။ ၁၉၃၀ခုနှစ်၊ ငလျင်ဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရပြီးနောက် လက်ရှိဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်တွင် ရှိသည့် Bulloch Brothers & Co ကုန်သွယ်လုပ်ငန်း၏ ရုံးဖြစ်သည့် အဆောက်အအုံတွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းလည်း ဖြစ်သည်။ထိုအဆောက်အအုံကို ၁၉၀၈ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာတိုက်လုပ်ငန်းအဖြစ် ၁၈၂၇ခုနှစ်တွင် ဖွင့်လှစ်ခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၈၅၂ခုနှစ်တွင် ပဲခူးစာတိုက်ကြီးကိုလည်းကောင်း ၁၈၅၄ခုနှစ်တွင် ရန်ကုန်စာတိုက်ကြီးကိုလည်းကောင်းဖွင့်လှစ်လာခဲ့ခြင်းဖြစ်သည်။

Transcom

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် 1st ARIMM နှင့် GICC 2018 အစည်းအဝေးများတက်ရောက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ၊ မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ ၁၇ ရက်နေ့ကကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၊ Intercontinental Seoul COEX ဟိုတယ်၌ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံ-ကိုရီးယားအခြေခံအဆောက်အအုံဆိုင်ရာ ဝန်ကြီးများအစည်းအဝေး(1st ASEAN-ROK Infrastructure Ministers Meeting-1st ARIMM) သို့တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးသို့ ကိုရီးယားသမ္မတနိုင်ငံ၊ မြေယာ၊ အခြေခံအဆောက်အအုံနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Ms.Kim Hyun Mee၊ အာဆီယံနိုင်ငံများမှ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေး၊ အခြေခံအဆောက်အအုံဆိုင်ရာဝန်ကြီးများနှင့်အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးကလက်ရှိမြန်မာနိုင်ငံ၏ပို့ဆောင်ရေး အခြေခံအဆောက်အအုံအခြေအနေနှင့်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါအာဆီယံ-ကိုရီးယားအခြေခံအဆောက်အအုံဆိုင်ရာ ဝန်ကြီးများအစည်းအဝေး(ARIMM)သည်ယခုနှစ်မှစတင်၍ ပထမဦးဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားအခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပိုမို နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံ၊ မြေယာအခြေခံအဆောက်အအုံနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Ms Kim Hyun-Mee နှင့်သီးခြားတွေ့ဆုံခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ ချေးငွေဖြင့်ဆောင်ရွက်လျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစီမံကိန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာလ ၁၈ ရက်နေ့တွင်ARIMM အစည်းအဝေးနှင့် ဆက်စပ်၍ကျင်းပသည့် Global Infrastructure Coorperation Conference-GICC 2018 သို့ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

Transcom

ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် အိန္ဒိယနိုင်ငံ၊ သံအမတ်ကြီး H.E. Mr. Vikram Misri အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် စက်တင်ဘာလ (၁၀)ရက်၊ နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ၊ သံအမတ်ကြီး H.E.Mr. Vikram Misri အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ နယ်စပ်တွင် ဘက်ပေါင်းစုံစစ်ဆေးရေးဂိတ်တည်ဆောက်ရေး၊ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ရန်အတွက် နှစ်နိုင်ငံအကြားသဘောတူညီချက် တစ်ရပ်ပြုစုရေး၊ စစ်တွေဆိပ်ကမ်း Private Port Operator ရွေးချယ်ခန့်ထားရန်အတွက် MOU လက်မှတ်ရေးထိုးရေး၊ အင်ဖာ-မိုရေးနှင့် တမူး-မန္တလေးအကြားဘတ်စ်ကားပြေးဆွဲရေး၊ နည်းပညာအသုံးချမှုများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သံအမတ်ကြီး H.E. Mr. Hong Liang အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Hong Liang နှင့် အဖွဲ့အား စက်တင်ဘာလ (၅)ရက်နေ့တွင် နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် မူဆယ်-မန္တလေးရထားလမ်းသစ်စီမံကိန်းဖြစ်မြောက်နိုင်ခြေလေ့လာမှု ဆောင်ရွက်နိုင်ရန်ပြင်ဆင်နေမှုများ၊ တရုတ်-မြန်မာနယ်စပ်တွင် Border Control Facilities (BCF) တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်-ချန်ဒူး လေကြောင်းခရီးစဉ်ပြေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် လေကြောင်းလိုင်းများ ပူးပေါင်းပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနအတွင်းရှိ သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်
မြန်မာအမျိုးသားလေကြောင်း နှစ် (၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

မြန်မာအမျိုးသားလေကြောင်း နှစ် (၇၀)ပြည့်နှစ်ပတ်လည်အခမ်းအနားကို စက်တင်ဘာလ ၁၅ရက်ညနေပိုင်းက Novotel Yangon Max Hotel တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပေးရာတွင် "လေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆိုတာ အင်မတန်အရင်းအနှီးများတယ်။ အင်မတန်လည်း အပြိုင်အဆိုင်များတယ်။ ကျွန်တော်တို့နှင့်အတူတူ အရှေ့တောင်အာရှနိုင်ငံတွေကြားထဲမှာကိုပဲ အင်အားကြီးမားတဲ့ လေကြောင်းလိုင်းတွေများစွာရှိပါတယ်။ ဒါတွေနဲ့ယှဉ်ပြိုင်ပြီး ကိုယ့်ရဲ့နိုင်ငံသိက္ခာ၊ ကိုယ့်ရဲ့နိုင်ငံမျက်နှာ ဒါတွေကြောင့်ပိုပြီးအောင်မြင်လာတဲ့ လေကြောင်းလိုင်းဖြစ်ပါတယ်။ အထူးသဖြင့်တော့ CEO နှင့်တကွ ဒါရိုက်တာများ၊ ဝန်ထမ်းများအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ပြီးတော့ တက်ညီလက်ညီကြိုးစားမှသာပိုပြီးတော့ အောင်မြင်မှာဖြစ်ပါတယ်။ နှစ် (၇၀)ပြည့်ကနေနှစ်ရာထောင်ချီပြီး ပိုပြီးတိုးတက်အောင်မြင်လာအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပိုပြီးတော့စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်ပါစေလို့လည်းဆုတောင်းပါတယ်။ ဆောင်ရွက်ကြပါစို့လို့လည်း တိုက်တွန်းပါတယ်။ အားလုံးသော ကြွရောက်လာကြတဲ့ ပံ့ပိုးနေကြတဲ့ ပူးပေါင်းဆောင်ရွက်နေကြတဲ့ မိတ်ဖက်ကုမ္ပဏီများ၊ ကိုယ်စားလှယ်များအားလုံးကိုလည်း ဆက်လက်ပြီး ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ကြပါဦးလို့ ပြောချင်ပါတယ်" ဟုထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက်မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ရာတွင် "ကျွန်တော်တို့လေကြောင်းလိုင်းက ၂၀၁၅ခုနှစ်၊ ဩဂုတ်လကနေစပြီး နိုင်ငံတကာကို ပြန်လည်ပြေးဆွဲပေးနေခြင်းဖြစ်ပါတယ်။ တကယ်တမ်းပြည်ပကို ပြေးဆွဲပေးနေတာ သက်တမ်း ၃နှစ်ပဲရှိပါသေးတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေရဲ့ကြိုးစားအားထုတ်မှု၊ ဝန်ကြီးဌာနရဲ့ပံ့ပိုးမှုနဲ့ ကျွန်တော်တို့လေကြောင်းလိုင်းက နိုင်ငံတကာအဆင့်မီဖို့ ကြိုးစားနေတဲ့ အဆင့်ပဲရှိပါသေးတယ်" ဟုဆိုသည်။

ဆက်လက်၍ အမှုဆောင်အရာရှိချုပ်ဦးသန်းထွန်းမှ MNA သို့ ကူညီဆောင်ရွက်ပေးခဲ့ကြသော တာဝန်ရှိသူများ၊ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခဲ့ကြသည်။ ထို့နောက် MNA Employees' Daily Activity မှတ်တမ်း၊ MNA Passenger Wishing၊ MNA Staff Award တို့ကို Movie များဖြင့် ပြသခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များ၊ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြန်မာအမျိုးသားလေကြောင်းကို ၁၉၄၈ခုနှစ်စက်တင်ဘာလ (၁၅)ရက်နေ့တွင် "မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့" (ယူဘီအေ)ဟူသော အမည်ဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုအခါနှစ် (၇၀) ပြည့်မြောက်ပြီဖြစ်ပါသည်။ လေကြောင်း၏ အမည်ကိုလည်း "လေကြောင်း ပို့ဆောင်ရေးကော်ပိုရေးရှင်း "(ဘီအေစီ)၊ မြန်မာ့လေကြောင်း (အမ်အေ)၊ မြန်မာအမျိုးသားလေကြောင်း (အမ်အန်အေ)စသဖြင့် အချိန်ကာလအားလျော်စွာ ပြောင်းလဲမှည့်ခေါ်ခဲ့ပါသည်။ လေယာဉ်များအနေဖြင့် ဒပ်မ်၊ မာရသွန်၊ မိုင်းကောင့်၊ ဘိုးရင်း ၇၂၇၊ ဒါကိုတာ၊ တွင်အော်တာ၊ ဖော်ကာအက်ဖ်-၂၇၊ ဖော်ကာအက်ဖ်၂၈၊ အမ်အေ- ၆၀၊ ဘီချ်ခရပ်စသောလေယာဉ်များကို ခေတ်အလိုက်အသုံးပြုခဲ့ပါသည်။ လက်ရှိအနေအထားတွင် ဘိုးရင်း ၇၃၇-၈၀၀၊ အမ်ဘရေရာ ၁၉၀ စသောဂျက်လေယာဉ်ကြီးများအပြင် အေတီအာရ်လေယာဉ်များ၊ စက်စနာကာရာဗင်လေယာဉ်များ အသုံးပြုလျက်ရှိပါသည်။ မြန်မာအမျိုးသားလေကြောင်းသည် စတင်တည်ထောင်ချိန်မှစပြီး ၁၉၉၂ခုနှစ်အထိ ဒေသတွင်းနိုင်ငံများကို ပြေးဆွဲခဲ့သော်လည်း ၁၉၉၂ခုနှစ်မှစ၍ ပြည်တွင်းတွင်သာပြေးဆွဲခဲ့ရာ နိုင်ငံတကာမျက်နှာစာမှ ပျောက်ကွယ်နေခဲ့ပါသည်။ ၎င်းမှ ၂၃နှစ်အကြာ ၂၀၁၅ခုနှစ်တွင်မှ ဘိုးရင်းလေယာဉ်အသစ်များဖြင့် နိုင်ငံတကာသို့ ပြန်လည်ထိုးဖောက်လာခဲ့ပါသည်။ လက်ရှိအနေအထားတွင် ပြည်တွင်းလေဆိပ်ပေါင်း ၂၈ခုကို ပြေးဆွဲလျက်ရှိပြီး စင်္ကာပူ၊ ဘန်ကောက်၊ ဟောင်ကောင်၊ ချင်းမိုင်၊ ဗုဒ္ဓဂါယာမြို့များသို့ ပြေးဆွဲလျက်ရှိပါသည်။ ထို့ပြင် တရုတ်နိုင်ငံချန်ဒူး၊ ဂွမ်း မြို့များသို့ ယခုနှစ်အတွင်း ခရီးစဉ်တိုးချဲ့ပြေးဆွဲရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာအမျိုးသားလေကြောင်း (၇၀)ပြည့်အထိမ်းအမှတ်အဖြစ် စက်တင်ဘာလ (၁၁)ရက်တွင် ဗဟိုအမျိုးသားသွေးလှူဘဏ်တွင်လည်းကောင်း၊ စက်တင်ဘာလ (၁၄)ရက်တွင် သံဃာတော်အပါး (၇၀)အား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခြင်းနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အလှူငွေများပေးအပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

Transcom

ဒုတိယဝန်ကြီး ဦးကျော်မျိုး အီတလီနိုင်ငံ သံအမတ်ကြီး H.E Mrs. Alessandra SCHIAVO အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးသည် စက်တင်ဘာလ (၂၀)ရက်နေ့ နေ့လည်ပိုင်းတွင် အီတလီနိုင်ငံသံအမတ်ကြီး H.E Mrs . Alessandra SCHIAVO အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးရုံး၌ တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အနာဂတ်အလားအလာများကို ဆွေးနွေးညှိနှိုင်းအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

တင်မောင် (ပို့/ဆက်)

ဒုတိယဝန်ကြီး ဦးသာဦး ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day 2018) သို့ တက်ရောက်

ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးများအား အထူးဂရုပြုဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနား (World Maritime Day 2018) အား စက်တင်ဘာလ ၁၀ရက်နေ့က ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်တွင်ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ ရေကြောင်းဘက်ဆိုင်ရာ ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီးဦးသာဦးက အမှာစကားပြောကြားရာတွင် "မြန်မာနိုင်ငံအနေဖြင့် ရေကြောင်းဘက်ဆိုင်ရာပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ သင်္ဘောသားများ၏ ကျွမ်းကျင်မှု စံသတ်မှတ်ချက်များနှင့် ပတ်သတ်၍ STCW Convention နှင့်အညီ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ၂၀၁၇ ခုနှစ်၌ IMO White list စာရင်းတွင် စတုတ္ထမြောက်သ မိုင်းမှတ်တိုင်အဖြစ် ပါဝင်နိုင်ခဲ့ကြောင်း ယခုနှစ်တွင်လည်း IMO Member State Audit Scheme (IMSAS) အရ IMO Convention များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်နေမှုများအား IMO မှ လာရောက်စစ်ဆေးရာတွင် ပထမအဆင့်အနေဖြင့် အောင်မြင်စွာအစစ်ဆေးခံနိုင်ခဲ့ပြီး တွေ့ရှိချက်များအား လေ့လာသုံးသပ်ချက်များဆက်လက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းစဉ်များချမှတ်ထားပြီးဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနားများအား အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) မှ ကြီးမှူး၍ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး၊ ရေကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များအပေါ် အထူးဂရုပြုဆောင်ရွက်နိုင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်အတွက် ဆောင်ပုဒ်မှာ "IMO နှစ် ၇၀အနာဂတ်ကာလ ကောင်းမွန်ရေး၊ ရေကြောင်းလုပ်ငန်းဦးစားပေး" ဟူ၍ ဖြစ်ပြီး ယင်းဆောင်ပုဒ်အတွက် IMO ၏ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့လာသော သဝဏ်လွှာ၊ ဗီဒီယိုဖိုင်နှင့် မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအခြေအနေများ ပေါ်လွင်ထင်ဟပ်စေရန်ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်နှင့် ပါဝါပွိုင့်များ ပြသခဲ့ကြောင်းသိရသည်။

တင်မောင် - ပို့/ဆက်
အိမ်စည်

ဝါးတန်း-ဒလ ကူးတို့ခရီးလမ်းတွင် အောက်တိုဘာ (၁)ရက်မှစ၍ ဇက်ကူးတို့ရေယာဉ်တစ်စင်း ထပ်မံတိုးချဲ့ပြေးဆွဲပေးမည်

ရန်ကုန်မြို့မှ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး အစရှိသော မြစ်ဝကျွန်းပေါ်ဒေသများသို့ သွားလာရာတွင် ဝါးတန်းမော်တော်ယာဉ်ကူးတို့ဆိပ်မှတစ်ဆင့် တစ်ဖက်ကမ်းဒလသို့ ကူးတို့ဇက်ရေယာဉ်ကို အသုံးပြုသွားလာနေသည့် ခရီးသည်များ သွားလာမှုပိုမိုအဆင် ပြေစေရန်နှင့် အချိန်ပေးရမှုပိုမိုသက်သာစေရန် ရည်ရွယ်၍ လက်ရှိပြေးဆွဲပေးနေသော ဇက်ရေယာဉ်တစ်စင်း အပြင်နောက်ထပ်တစ်စင်းကို အောက်တိုဘာ (၁)ရက်မှ စတင်၍ ထပ်မံတိုးချဲ့ပြေး ဆွဲပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ရေကြောင်းခရီးလမ်းတွေသွားလာဖို့အတွက် အဓိကဦးဆောင်ပြီးလုပ်နေသလို ဈေးကွက်ရှာဖွေမှုတွေ၊ လက်ရှိခရီးစဉ်လမ်းကြောင်းတွေတိုးတက်အောင်လုပ်ဆောင်မှုတွေကို ပြုလုပ်နေပေမယ့် ပြောင်းလဲလာတဲ့ ပို့ဆောင်ရေးစနစ်တွေနဲ့အတူ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ကျဆင်းလာမှုရှိတာတွေ့ရတယ်။ ဘာတွေပြောင်းလဲလာလဲဆိုတော့ အဓိက ကုန်းလမ်းပို့ဆောင်ရေးတွေ တိုးတက်လာတဲ့အတွက်ကြောင့် ရေကြောင်းနဲ့ခရီးသွားလာမှု ကျဆင်းလာတာတွေ့ရတယ်။

ဒါပေမယ့် ရန်ကုန်ကနေ တစ်ဖက်ကမ်းမှာရှိတဲ့ ဒလ၊ တွံတေးဘက်ကို သွားမယ်ဆိုရင် ဘုရင့်နောင်တံတားကနေဖြတ်ပြီး လှိုင်သာယာဘက်ကသွားတဲ့အခါ ကားပိတ်တာနဲ့ဆိုရင် အချိန်သုံးနာရီကျော်လောက် ကြာနိုင်တယ်။ ဝါးတန်းဆိပ်ကနေ ကူးတို့နဲ့သွားရင်တော့ အချိန်တစ်နာရီလောက်ပဲကြာတာဖြစ်လို့ ဒီခရီးစဉ်လမ်းကြောင်းကို အသုံးပြုသွားလာနေတဲ့ မိဘပြည်သူတွေ အရင်ထက်ပိုမိုအဆင်ပြေချောမွေ့စွာ၊ အချိန်ကုန်သက်သာစွာသွားရောက်နိုင်ဖို့အတွက် လာမယ့်အောက်တိုဘာ (၁)ရက်ကစပြီး ဇက်ရေယာဉ်တစ်စင်းကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးဌာနမှ ဌာနမှူး ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကိုအောင်က ပြောသည်။

"ဝါးတန်း-ဒလ ကူးတို့ခရီးစဉ်က တစ်နာရီပဲကြာတယ်။ အဲဒီလိုသွားပြီးရင် ဒလကနေတွံတေးကို ကားနဲ့သွားရင် နာရီဝက်လောက်ပဲကြာပြီး တခြားမြို့တွေကိုဆက်သွားလို့ အဆင်ပြေသွားပြီ၊ အဲဒီဘက်သွားတဲ့ လိုင်းကားတွေတော်များများကလည်း ကူးတို့နဲ့ကူးပြီးသွားတာများပါတယ်။ အခုနောက်ပိုင်းအိမ်စီးကား ကိုယ်ပိုင်ယာဉ်ငယ်တွေလည်း ဒီဘက်ကပဲသွားတာများလာပါတယ်။

အဲဒီလိုများလာတဲ့အခါကျတော့ ဇက်တစ်စင်းတည်းကို စောင့်နေရတာအဆင်မပြေဖြစ်လာတယ်။ အချိန်ပိုပြီးစောင့်လာရတယ်ပေါ့။ အခုလိုနှစ်စင်းပြေးဆွဲမယ်ဆိုရင်တော့ အရင်ကတစ်နာရီစောင့်ရမယ့်ဟာက အခုနာရီဝက်လောက်ပဲစောင့်ရမယ့်အနေအထား ဖြစ်သွားတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ယခုတိုးချဲ့ပြေးဆွဲမည့်အစီအစဉ်တွင် ဝါးတန်းဆိပ်တွင် တစ်စင်း၊ ဒလဘက်ကမ်းတွင် တစ်စင်းထားရှိပြီး နံနက် (၅)နာရီခွဲတွင် တစ်ပြိုင်တည်းပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယခင်ကတစ်စင်းတည်းဖြစ်သည့်အတွက် တစ်ရက်လျှင် အများဆုံး (၁၁-၂၂)ခေါက်သာ ပြေးဆွဲနိုင်ပြီး ညနေ (၆)နာရီအထိ ပြေးဆွဲခဲ့ကြောင်း၊ ယခုအစီအစဉ်တွင် နံနက် (၅)နာရီခွဲမှ ညနေ (၆)နာရီခွဲအထိ (၁၅) ခေါက် နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ပြီး လိုအပ်ချက်များရှိလာပါက အခေါက်ရေ ပိုမိုတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးဌာနမှ သိရသည်။

"အခုနောက်ပိုင်းကာလတွေမှာ ကားလမ်းတွေကကောင်းလာတော့ လိုင်းကားတွေကို အသုံးပြုသွားလာမှုက ပိုများလာတယ်။ အခုတော့ နာရီပိုင်းအတွင်းသွားလာလို့ရနေပြီ။ ကူးတို့နဲ့ သွားတဲ့အတွက်ကြောင့် တခြားတစ်ဖက်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေလည်း အထိုက်အလျောက် သက်သာသွားနိုင်ပါတယ်။ အရင်ကလှိုင်သာယာဘက်မှာ အစီး (၁၀၀)လောက် သွားတာကနေ အခုဒီဘက်ကို အစီး (၃၀)လောက် ရောက်လာတယ်ဆိုရင်တောင် အစီး (၃၀)စာ ကျပ်တည်းမှု လျော့နည်းသွားနိုင်တာပေါ့။ လမ်းကြောင်းနှစ်ခုစလုံးကို ကိုယ်တိုင်မောင်းကြည့်ပြီးတော့မှ ကြုံတွေ့ရတဲ့အခြေအနေပေါ် မူတည်ပြီး အခုလိုတိုးချဲ့ပြေးဆွဲဖို့ လုပ်ဆောင်ဖြစ်တာပါ"ဟု ဦးဝင်းကိုအောင်က ပြောသည်။

ဝါးတန်း-ဒလ မော်တော်ယာဉ် ကူးတို့ခရီးစဉ်လမ်းကြောင်းတွင် မော်တော်ယာဉ်တင်ဆောင်ခများကို သတ်မှတ်ယာဉ် အမျိုးအစားများအလိုက် နဂိုကောက်ခံသည့်နှုန်းထားထက် ငွေကျပ် (၅၀၀)တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ကောက်ခံရာတွင် မော်တော်ယာဉ်အတွက်သာပါဝင်ပြီး ယာဉ်ပေါ်တွင်ပါရှိသော အရာများအတွက် တိုးမြှင့်ကောက်ခံသွားမည်မဟုတ်ကြောင်း၊ စက်သုံးဆီ ဈေးနှုန်းများမြင့်တက်မှုကြောင့် ဈေးနှုန်းတိုးမြှင့်ကောက်ခံရခြင်းသာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးဌာနအနေဖြင့် ကူးတို့ဇက်ရေယာဉ်ပြေးဆွဲမှုကို ၁၉၈၀ ပြည့်နှစ်ကျော်ကာလကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုစဉ်ကာလက လူသိနည်းခြင်းကြောင့် အသုံးပြုမှုနည်းပါးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိကာလတွင် မောင်းတက်၊ မောင်းဆင်းပြုလုပ်နိုင်သည့် ဇက်ရေယာဉ်အမျိုးအစားဖြင့် (Ro Ro Ferry) ဖြင့် ပြေးဆွဲပေးနေကြောင်း၊ အောက်တိုဘာ (၁)ရက်မှစတင်၍ နောက်ထပ်တစ်စင်းတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ပြေးဆွဲနေသည့်ရေယာဉ်တစ်စင်းစင်း စက်ချို့ယွင်းမှုဖြစ်ပေါ်ပါက အစားထိုးပြေးဆွဲရန်အတွက် အရန်ရေယာဉ်တစ်စင်းထားရှိထားခြင်းကြောင့် စုစုပေါင်း ရှိရှိရေယာဉ်သုံးစင်းရှိကြောင်း အဆိုပါဌာနမှ သိရသည်။

Transcom

တတိယအကြိမ် လေဆိပ်မြေပြင်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ANA Holding INC တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် တတိယအကြိမ် လေဆိပ်မြေပြင်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်း၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ (၇)ရက်နေ့တွင် ရန်ကုန်မြို့ရှိ လေကြောင်းပညာသိပ္ပံတွင် ကျင်းပခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်၊ Mr. Toru Maeda (Minister, Japan Embassy) နှင့် ANA Holding INC မှ Vice President Mr. Hidetomo Aramaki တို့က သင်တန်းဖွင့်အမှာစကား အသီးသီးပြောကြားပြီး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ANA Holding INC မှ တာဝန်ရှိသူများ၊ လေဆိပ်မြေပြင် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများမှ အကြီးအကဲများ၊ သင်တန်းသားများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

တတိယအကြိမ် လေဆိပ်မြေပြင်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့မှစတင်၍ (၂)လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး Magadon Cargo Services, Pioneer Aerodrome Services, Yangon Airport Group အဖွဲ့(၃)ဖွဲ့မှ သင်တန်းသား (၁၄)ဦးပါဝင်တက်ရောက်ခဲ့ကြသည်။ အခြေခံသင်တန်းပြီးဆုံးပြီးနောက် အရည်အချင်းပြည့်မီသည့် သင်တန်းသားများသည် ဂျပန်နိုင်ငံတွင်ဖွင့်လှစ်မည့် (၃)နှစ် တန်းမြင့်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ပထမအကြိမ် သင်တန်းကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်သင်တန်းကို ၂၀၁၆ခုနှစ်တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင်စုစုပေါင်း သင်တန်းသား (၂၇)ဦး ဂျပန်နိုင်ငံတွင် တန်းမြင့်သင်တန်းတက်ရောက်လျက်ရှိပြီး ပထမအကြိမ် (၃)နှစ်တန်းမြင့်သင်တန်းသည် ၂၀၁၈ခုနှစ်ဒီဇင်ဘာလတွင်ပြီးဆုံးမည်ဟုသိရပြီး ၎င်းသင်တန်းသား (၁၅)ဦးအနေဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ၍ မိခင်ဌာနများတွင် ပြန်လည်တာဝန်ထမ်းဆောင်သွားမည်ဟု သိရပါသည်။

"အဆိုပါ သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းနှင့်ပတ်သက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးရဲထွဋ်အောင်က ဒီသင်တန်းကတော့ မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ ANA လေကြောင်းလိုင်းတို့ပူးပေါင်းဖွင့်လှစ်တဲ့သင်တန်းတစ်ခု ဖြစ်ပါတယ်။ ဒီ Ground Handing Training Course က လေယာဉ်တွေ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းတွေအတွက်ပေးတဲ့သင်တန်းဖြစ်ပါတယ်။ အခုသင်တန်းကတော့တတိယအကြိမ်မြောက် ဖွင့်လှစ်ပေးတာဖြစ်ပါတယ်။ ပထမအကြိမ်ကတော့ ၂၀၁၅ခုနှစ် နိုဝင်ဘာလမှာဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ခုနှစ် နိုဝင်ဘာလမှာတော့ ဒုတိယအကြိမ်မြောက်အဖြစ်ဖွင့်လှစ်ခဲ့ပါတယ်။ အခုကတော့ တတိယအကြိမ်မြောက်အဖြစ် ဖွင့်လှစ်တာပါ။ အခုကကျွန်တော်တို့လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအောက်မှာရှိတဲ့လေကြောင်းပညာသိပ္ပံမှာ Basic Course (၂) လပေးပါမယ်။ ဒါကိုလည်း ဂျပန်နိုင်ငံကပဲလာရောက်သင်ကြားပေးတာပါ။ ဒါပြီးရင် သင်တန်းက qualified ဖြစ်တဲ့သင်တန်းသားတွေကို ဂျပန်နိုင်ငံ နာရေတာလေဆိပ်မှာရှိတဲ့ Ground Handing Service Center ကိုပို့ပြီး နောက်ထပ်သင်တန်း (၃)နှစ်ပေးမှာဖြစ်ပါတယ်။ အဲ့ဒီမှာကလည်း သင်တန်းဆိုတာထက် On Job Training ဖြစ်တဲ့အတွက် သင်တန်းသားတွေကို လခပေးမယ်။ နေစရာပေးမယ်။ စားစရာကျွေးပါမယ်။ ပြီးရင်တော့ သင်တန်းကာလ (၃)နှစ်ပြည့်တဲ့အခါမြန်မာပြည်ကိုပြန်လာပြီး ကိုယ့်မိခင်ဌာနမှာပြန်ပြီးတာဝန်ထမ်းဆောင်နိုင်ပြီဖြစ်ပါတယ်။ ပထမဆုံးပေးထားတဲ့သင်တန်းဆိုရင် သင်တန်း (၃)နှစ်ပြည့်ပြီဖြစ်တဲ့အတွက် ဒီဇင်ဘာလဆိုရင်ပြန်လာပြီးတော့ မိခင်ဌာနမှာတာဝန်ပြန်ပြီးထမ်းဆောင်ကြတော့မှာဖြစ်ပါတယ်" ဟုပြောသည်။

သတင်းအဖွဲ့

MIP
မြန်မာစက်မှုဆိပ်ကမ်း
MYANMAR INDUSTRIAL PORT
CONTAINER TERMINAL & INLAND CONTAINER DEPOT
NO. 7/2 B, STRAND ROAD, AHLONE TOWNSHIP, YANGON, MYANMAR.
PH : 221416, 221418, 224539, 227091,229880. FAX : 221204, E-mail : mip@mipt.com.mm

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း ယာဉ်တိုက်မှုနှိုင်းယှဉ်ဇယား ကညန မှထုတ်ပြန်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၇ခုနှစ်နှင့် ၂၀၁၈ခုနှစ်၏ ဇန်နဝါရီလမှ ဩဂုတ်လအထိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ယာဉ်တိုက်မှုအခြေပြဇယားနှိုင်းယှဉ်ချက်ကို စက်တင်ဘာလ (၂၁)ရက်က ထုတ်ပြန်လိုက်ကြောင်းသိရသည်။

အဆိုပါ အခြေပြဇယားတွင် နေပြည်တော်တွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၃၀၄)မှု၊ ဒဏ်ရာရမှု (၅၆၅)မှု၊ သေဆုံးမှု (၁၆၁)မှု ဖြစ်ခဲ့ပြီး ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၂၃၃)မှု၊ ဒဏ်ရာရရှိမှု (၂၄၄)မှု၊ သေဆုံးမှု(၁၅၁)မှု ဖြစ်ပွားခဲ့ရာ သေဆုံးမှုနှုန်းခြားနားချက် (၁၀)မှုလျော့နည်းခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၁၅၁၆)မှု၊ ဒဏ်ရာရရှိမှု (၂၅၀၀)မှု၊ သေဆုံးမှု (၅၃၉)မှုဖြစ်ခဲ့ပြီး ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၁၅၃၈)မှု၊ ဒဏ်ရာရရှိမှု (၂၃၁၀)မှု၊ သေဆုံးမှု (၄၉၅)မှု ဖြစ်ပွားခဲ့ရာ သေဆုံးမှုနှုန်းခြားနားချက် (၄၄)မှုလျော့နည်းခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၁၇၈၄)မှု၊ ဒဏ်ရာရရှိမှု (၂၃၀၀)မှု၊ သေဆုံးမှု (၄၂၈)မှုဖြစ်ခဲ့ပြီး၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၁၈၂၆)မှု၊ ဒဏ်ရာရရှိမှု (၂၂၀၁)မှု၊ သေဆုံးမှု (၃၉၉)မှုဖြစ်ပွားခဲ့ရာ သေဆုံးမှုခြားနားချက် (၂၉)မှု လျော့နည်းခဲ့ကြောင်း၊ အမြန်လမ်းမကြီးတွင် ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၃၆၆)မှု၊ ဒဏ်ရာရရှိမှု (၅၈၂)မှု၊ သေဆုံးမှု (၇၄)မှုဖြစ်ခဲ့ပြီး၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်တိုက်မှု (၂၉၇)မှု၊ ဒဏ်ရာရရှိမှု (၅၇၁)မှု၊ သေဆုံးမှု (၆၀)မှုဖြစ်ပွားခဲ့ရာ သေဆုံးမှုခြားနားချက် (၁၄)မှုလျော့နည်းခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတို့တွင် ၂၀၁၇ခုနှစ်နှင့် ၂၀၁၈ ခုနှစ်၏ ဇန်နဝါရီလမှ ဇူလိုင်လအထိ (၂)နှစ်သေဆုံးမှုနှုန်း ခြားနားချက် (၂၀)မှုလျော့နည်းခဲ့ကြောင်း သိရသည်။

ကျော်ကျော်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှဇူလိုင်လအထိ			၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ			၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် သေဆုံးမှုနှုန်း ခြားနားချက်
		ယာဉ်တိုက်မှု	ဒဏ်ရာရမှု	သေဆုံးမှု	ယာဉ်တိုက်မှု	ဒဏ်ရာရမှု	သေဆုံးမှု	
၁	နေပြည်တော်	၃၀၄	၅၆၅	၁၆၁	၂၃၃	၂၄၄	၁၅၁	(-) ၁၀
၂	ကချင်ပြည်နယ်	၃၇၃	၅၅၈	၁၆၁	၃၀၅	၃၉၇	၁၄၀	(-) ၂၁
၃	ကယားပြည်နယ်	၅၀	၇၁	၂၁	၆၀	၈၀	၃၇	(+) ၁၆
၄	ကရင်ပြည်နယ်	၃၃၅	၅၃၀	၁၁၉	၂၆၁	၄၅၉	၁၀၃	(-) ၁၆
၅	ချင်းပြည်နယ်	၆၂	၇၃	၂၄	၇၄	၈၆	၃၂	(+) ၈
၆	စစ်ကိုင်းတိုင်းဒေသကြီး	၁၁၇၅	၂၁၃၀	၃၀၉	၁၀၄၉	၁၇၈၂	၃၅၁	(+) ၄၂
၇	တနင်္သာရီတိုင်းဒေသကြီး	၃၈၃	၅၉၈	၁၄၆	၃၆၁	၅၉၉	၁၄၅	(-) ၁
၈	ပဲခူးတိုင်းဒေသကြီး	၁၇၇၃	၂၉၄၈	၃၆၃	၁၆၂၇	၂၆၀၂	၃၈၃	(+) ၂၀
၉	မကွေးတိုင်းဒေသကြီး	၁၁၀၅	၁၉၇၄	၂၅၆	၁၀၇၂	၁၈၉၅	၂၃၉	(-) ၁၇
၁၀	မန္တလေးတိုင်းဒေသကြီး	၁၅၁၆	၂၅၀၀	၅၃၉	၁၅၃၈	၂၃၁၀	၄၉၅	(-) ၄၄
၁၁	မွန်ပြည်နယ်	၆၀၃	၁၀၅၄	၂၂၁	၅၇၅	၉၃၇	၂၂၆	(+) ၅
၁၂	ရခိုင်ပြည်နယ်	၂၇၀	၄၂၉	၉၇	၂၉၃	၄၅၅	၁၂၀	(+) ၂၃
၁၃	ရန်ကုန်တိုင်းဒေသကြီး	၁၇၈၄	၂၃၀၀	၄၂၈	၁၈၂၆	၂၂၀၁	၃၉၉	(-) ၂၉
၁၄	ရှမ်းပြည်နယ်	၈၁၂	၁၁၄၃	၃၆၁	၇၉၂	၁၁၆၀	၃၄၉	(-) ၁၂
၁၅	ဧရာဝတီတိုင်းဒေသကြီး	၁၃၀၆	၂၃၃၁	၂၆၈	၁၃၈၇	၂၃၃၇	၂၉၄	(+) ၂၆
၁၆	ရထားရဲတပ်ဖွဲ့	-	-	-	၂	၂	-	-
၁၇	အမြန်လမ်း	၃၆၆	၅၈၂	၇၄	၂၉၇	၅၇၁	၆၀	(-) ၁၄
၁၈	အမှတ် (၁)နယ်ခြားစောင့်	၃၃	၃၁	၈	၁၉	၁၈	၁၂	(+) ၄
	စုစုပေါင်း	၁၂၂၅၀	၁၉၈၁၇	၃၅၅၆	၁၁၇၇၁	၁၈၁၃၅	၃၅၃၆	(-) ၂၀

မှတ်ချက်။ (+) တိုးခြင်း၊ (-)လျော့ခြင်း

ကွမ်ကျိုးမြို့၌ကျင်းပသည့် World Routes 2018 ခရီးသွားပြပွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပါဝင်ပြသ

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်မြှင့်တင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) သည် တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့တွင် စက်တင်ဘာလ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော World Routes 2018 အား တက်ရောက်၍ ပါဝင်ခဲ့ကြောင်းသိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် Route Asia နှင့် World Routes စသည့်နိုင်ငံတကာပြပွဲများကို ၂၀၁၄ ခုနှစ်တွင် စတင်တက်ရောက်ပါဝင်ခဲ့ရာယခုပွဲသည် ၁၀ ကြိမ်မြောက်ပါဝင်ပြသခဲ့ခြင်းဖြစ်ပါသည်။ ယခုနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် တက်ရောက်လာကြသူများအား မြန်မာနိုင်ငံမှ ရှုပ်သေးအကများ၊ ခြင်းလုံးအလှပြတင်ဆက်မှုများစသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုများနှင့် မိတ်ဆက်ပေးခဲ့ပါသည်။

အဆိုပါပွဲတွင် YIA သည် လေကြောင်းလိုင်း ၅၀ ကျော်မှ တာဝန်ရှိသူများနှင့် သီးသန့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့အား ဗီဇာကင်းလွတ်ခွင့်ကြေညာချက်အရ အာရှ-ပစိဖိတ်ဒေသမှ လေကြောင်းလိုင်းများနှင့်အတူ နိုင်ငံတကာလေဆိပ် ၂၅ ခုနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

World Routes 2018 တွင် နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးနယ်ပယ်မှ ကျွမ်းကျင်သူများ၊ လေကြောင်းလိုင်း ၃၀၀၊ လေဆိပ် ၇၀၀နှင့် ခရီးသွားလာရေးနယ်ပယ်မှ တာဝန်ရှိသူများ ၁၃၀ ဦးအပါအဝင် ၃၀၀၀ ခန့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပြီး လေကြောင်းပို့ဆောင်ရေးနယ်ပယ်မှ ကျွမ်းကျင်သူများမှ နိုင်ငံတကာခရီးသွားလာရေးချိတ်ဆက်ပေးသော လေကြောင်းဝန်ဆောင်မှုအသစ်များကိုလည်း အစီအစဉ်ရေးဆွဲကာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပြီး မြန်မာနိုင်ငံ၏အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့်စီမံခန့်ခွဲမှုအစရှိသော အဓိကနယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေး စံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံ နေထိုင်ရာအိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာ တည်ရှိနေပြီး တိုကျို၊ ဒူဘိုင်း၊ စင်္ကာပူ၊ ဘေကျင်းနှင့် နယူးဒေလီအစရှိသောမြို့ကြီးများနှင့်လည်း ၆ နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၂၆ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

တင်မောင်(ပို့/ဆက်)
အိမ်စည်

မြန်မာ့စာတိုက်လုပ်ငန်း၊ အရာထမ်းများ၏ လုပ်ငန်းခွင်အတွင်း အုပ်ချုပ်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင် မြန်မာ့စာတိုက်လုပ်ငန်းမှ အရာထမ်းများ၏ ခေါင်းဆောင်မှုအရည်အသွေး တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ PANELLIST BUSINESS SERVICES မှဖွင့်လှစ်ထားသော Tenacity Academy မှ Shifting Mind Set & Transforming Organizational NEEDS ခေါင်းစဉ်ဖြင့် အခမဲ့သင်တန်းအား မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်ရှိ အစည်းအဝေးခန်းမတွင် ဩဂုတ်လက ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြန်မာ့စာတိုက်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အရာထမ်း/အမှုထမ်းများ (၃၉)ဦး၊ Tenacity Academy မှ Founder နှင့် Facilitators များတက်ရောက်ခဲ့ပြီး Thinking I Can, Belief System, Transforming Leadership, Service Excellence, Effective Communication ခေါင်းစဉ် (၅)ခုဖြင့် သင်ကြားခဲ့ပြီး သင်တန်းအောင်မြင်စွာပြီးဆုံးကြောင်း သိရှိရသည်။ လှမျိုး-ဆ.သ.ရ

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ် (၁၁၀)ပြည့် တံဆိပ်ခေါင်း ရောင်းချ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရန်ကုန်စာတိုက်ကြီး၏ နှစ် (၁၁၀)ပြည့်အထိမ်းအမှတ်အဖြစ် (၂၀၀)ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းအား ၂၀.၉.၂၀၁၈ရက်နေ့တွင် စာတိုက်ရုံးများအားလုံးတွင် တပြိုင်နက်စတင်ရောင်းချခဲ့ကြောင်း သိရှိရသည်။ တံဆိပ်ခေါင်းအရေအတွက်အလုံးရေ(၁,၀၀၀,၀၀၀) ပုံနှိပ်ထုတ်ဝေကာ တံဆိပ်ခေါင်းအရွယ်အစားမှာ 42mm *30mm (Horizontal) အမျိုးအစား ပုံစံထုတ်လုပ်ထားပါသည်။ တံဆိပ်ခေါင်းတစ်ရွက်လျှင် အလုံးရေ (၅၀)ပါဝင်ပြီး စတင်ရောင်းချသည့်နေ့တွင် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် တံဆိပ်ခေါင်းဝယ်ယူသူများအား ပထမနေ့စာအိတ်နှင့် တံဆိပ်တုံးရိုက်နှိပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

လှမျိုး-ဆ-သ-ရ

LUX Lavender Lush ရေချိုးဆပ်ပြာရည်အသစ် ဖြန့်ချီ

ရေချိုးဆပ်ပြာရည် အမှတ်တံဆိပ်ဖြစ်သည့် LUX မှ ဆပ်ပြည်ရည်အသစ် LUX Lavender Lush ကို စက်တင်ဘာလ ၁၅ ရက်မှ စတင်ကာ ဈေးကွက်တွင် မိတ်ဆက်ဖြန့်ချီလိုက်ကြောင်း သိရသည်။

အဆိုပါ ရေချိုးဆပ်ပြာရည်အသစ်သည် ပြင်သစ်၊ လာဗန်ဒါပန်းအဆီအနှစ်နှင့် သံပုရာသီးတို့ ပေါင်းစပ်ထုတ်လုပ်ထားသည့် ပန်းပေါင်းစုံအဆီအနှစ်ဖြင့် ဖော်စပ်ထားခြင်းကြောင့် အသားအရေစိုပြေပြီး သင်းပျံ့သည့် မွှေးရနံ့ရရှိမည်ဖြစ်ပြီး ဈေးကွက်တွင် Soft Rose၊ Magical Spell၊ Camellia White၊ Velvet Jasmine၊ Sakura Bloom နှင့် Lavender Lush (အသစ်)၊ အမျိုးအစား (၆) မျိုးကို LUX မှ ဖြန့်ချီလျှက်ရှိကြောင်း သိရသည်။

ကျော်ကျော်

SCG မှ ပညာသင်ဆု (၁၅၀)အား (၇)နှစ်တိုင်တိုင်ပေးအပ်ခဲ့ပြီးယခုနှစ်တွင် တက္ကသိုလ်ကျောင်းသားများပါ ပထမဦးဆုံးပေးအပ်

SCG သည် ရန်ကုန်မြို့၊ IBC (International Business Center) ခန်းမတွင် စက်တင်ဘာလ (၁၈) ရက်က ရန်ကုန်မြို့ရှိ ကျောင်းသားလူငယ် (၁၅၀)အား ပညာသင်ဆုများ ပေးအပ်ခဲ့သည်။ SCG Sharing the Dream 2018 ဟုအမည်ရသော အဆိုပါပဏာမခြေလှမ်းသည် ၂၀၁၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်ခဲ့သော ရပ်ရွာအကျိုးပြု ပရောဂျက်တစ်ခုဖြစ်ပြီး ယခုနှစ်သည် SCG မှ တက္ကသိုလ်ကျောင်းသား (၁၀)ဦးအား ဘွဲ့ရသည်အထိ ပညာသင်ကြေးထောက်ပံ့မည့် အစီအစဉ်ကို ပထမဆုံးတိုးချဲ့လိုက်သောနှစ်ဖြစ်သည်။ ပညာရေးသည် ပိုမိုကောင်းမွန်သောမြန်မာနိုင်ငံအနာဂတ်၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း SCG မှ ယုံကြည်သည်နှင့်အမျှ ကျောင်းသားများအတွက် ပညာရေးအထောက်အပံ့များပေးအပ်ရန် ရည်ရွယ်ထားရှိသည်။ SCG သည် မြန်မာကျောင်းသားများ၏ ထက်သန်ပြင်းပြသော လေ့လာသင်ယူလိုစိတ်ကို ပညာသင်ဆုများမှတစ်ဆင့် အားဖြည့်ပေးနိုင်ရန်မျှော်လင့်ကာ ၎င်းတို့နှင့် မိသားစုအသိုင်းအဝိုင်းသာမက နိုင်ငံအတွက် ပိုမိုကောင်းမွန်သောဘဝကို ဖန်တီးပေးနိုင်မည့် ၎င်းတို့၏အိပ်မက်များ ဖြစ်မြောက်လာရေးအကူအညီပေးရန် SCG မှ ရည်ရွယ်သည်။ အခမ်းအနားကို တက်ရောက်လာသည့် ရန်ကုန်တိုင်းဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ SCG မှ Regional Business, SCG Cement-Building Materials Business ၏ဒုဥက္ကဋ္ဌ Mr. Paramate Nisagornsen အစရှိသော ဂုဏ်သရေရှိဧည့်သည်တော်များမှ ကျောင်းသားအယောက် (၁၅၀)အား ပညာသင်ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အပြင် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများသာမက အခမ်းအနားကို ဒေသခံများပါ တက်ရောက်ကြသည်။

SCG Sharing the Dream 2018 သည် မြန်မာနိုင် ငံရှိ ရန်ကုန်တိုင်းနှင့်မွန်ပြည်နယ်မှ အခြေခံပညာ အထက်တန်းကျောင်းသား (၃၀၀)နှင့် တက္ကသိုလ်ကျောင်းသား (၁၀)ဦးတို့အား ၎င်းတို့၏မိသားစုအခြေအနေ၊ ပညာရည်ထူးချွန်မှုနှင့် ငွေကြေးအခြေအနေတို့ဖြင့် ရွေးချယ်ဆုံးဖြတ်ကာ ပညာသင်ဆုပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ပြည်သူများအပေါ်ဝန်ဆောင်မှုကောင်းသည့် ကြည့်မြင်တိုင်ဘူတာနှင့် ထူးချွန်ကျောင်းသား/သူများအား ဆုချီးမြှင့်

မြန်မာ့မီးရထားတိုင်းအမှတ် (၇)နယ်မြေအတွင်း ခရီးသွားပြည်သူများအပေါ် ဝန်ဆောင်မှုကောင်းမွန်သည့် ကြည့်မြင်တိုင်ဘူတာနှင့်(၂၀၁၇-၁၈) ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့်ဂုဏ်ထူးရကျောင်းသားကျောင်းသူ(၁၁)ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၂၀ရက်နံနက် ၉နာရီခွဲက ရန်ကုန်ဘူတာကြီးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်း၊ မန်နေဂျာသွားလာရေး ဦးဇော်လွင်မှဂုဏ်ပြုအမှာစကားပြောကြားပြီး ကြည့်မြင်တိုင်ဘူတာရုံပိုင်အား ဆုချီးမြှင့်ပေးခဲ့သည်၊ ဆက်လက်၍ တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေချီးမြှင့်ခဲ့ပြီး စုပေါင်း အမှတ်တရဓါတ်ပုံရိုက်ကြသည်၊

ကျော်ကျော်

၂၀၂၁မတိုင်မီ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ တိုးမြှင့်သွားမည်

၂၀၂၁ မတိုင်မီ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ သက်မွေးပညာသင်တန်းကျောင်း စုစုပေါင်း (၃၆) ကျောင်း တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

စက်တင်ဘာ (၁၉)ရက်က ပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေပြောကြားသည့် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံတင်ပြချက်တွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အလုပ်အကိုင် အခွင့်အလမ်းတွေ ခိုင်မာအောင်ရရှိစေနိုင်မယ့် နည်းပညာ၊ အသက်မွေးပညာနဲ့ လေ့ကျင့်ရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အင်းစိန်၊ ပြင်ဦးလွင်နဲ့ ကျိုက်လတ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ကော့သောင်းမှာ အစိုးရနည်းပညာအထက်တန်းကျောင်း၊ စက်မှုနည်းပညာ လေ့ကျင့်ရေးသင်တန်းကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ စင်္ကာပူ-မြန်မာ သက်မွေးပညာကျောင်း Singapore-Myanmar Vocational Training Institute (SMVTI) အပြင် ညောင်ရွှေသက်မွေးပညာသင်ကျောင်း Nyaung Shwe Vocational Training Institute (NVTI) နဲ့ နေပြည်တော် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်းကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ အလားတူ ၂၀၂၁ မတိုင်မီ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ သက်မွေးပညာသင်တန်းကျောင်း စုစုပေါင်း (၃၆) ကျောင်း၊ ဆရာ၊ ဆရာမ (၂၉၃၃)ဦး တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ထည့်သွင်းတင်ပြခဲ့သည်။

ထို့ပြင် ပညာရေးဘတ်ဂျက်အနေနဲ့ ယခင်ကာလများထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၇၂၆)ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၇၅၆)ဘီလီယံတို့ကို နှစ်အလိုက်တိုးမြှင့်သုံးစွဲခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၂၁၇၅) ဘီလီယံ သုံးစွဲသွားမည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

အိမ်စည်

Transcom News journal Cartoons

၄၇ကြိမ်မြောက်နိုင်ငံတကာ ပေးစာရေးပြိုင်ပွဲကျင်းပ

၂၀၁၈ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) တို့၏ပူးပေါင်းဆောင်ရွက်သည့်အစီအစဉ်အဖြစ် အသက် ၁၅နှစ်နှင့် အောက်နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကမ္ဘာ့စာပို့တိုက် သမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အသက် (၁၅)နှစ်နှင့် အောက်လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ်ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ Imagine you are a letter travelling through time.What message do you wish to comvey to your readers? ဟူသောခေါင်းစဉ်ပေးပို့လာပြီး၊ မြန်မာနိုင်ငံအနေဖြင့်(ပြည်တွင်းအဆင့်) အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန် ကြီးဌာနဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီလ၇ ရက်နေ့ကမြို့နယ်များ အလိုက်အခြေခံပညာကျောင်းများ၌ကျင်းပပေးခဲ့ပြီးကျောင်းသား/ ကျောင်းသူစုစုပေါင်း ၁၁၈၆ ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(၄၇)ကြိမ်မြောက်အသက် (၁၅) နှစ်နှင့်အောက်နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)ပထမဆုကို ရောဝတီတိုင်းဒေသကြီး အထက(၁) မြောင်းမြမြို့အဋ္ဌမတန်းမှမဆုနင်းထွဋ်ကလည်းကောင်း၊ ဒုတိယဆုကိုနေပြည်တော် CAE ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မအေးချမ်းမိုးကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ်တောင်ပိုင်း အထက(၁)ဗထူးရပ်စောက်မြို့ နဝမတန်းမှ မောင်ရဲရင့်ဖုန်း တို့ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိကြောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။ ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ၂၀၁၈ခုနှစ် အောက်တိုဘာလ ၉ရက်ကမ္ဘာ့ စာပို့တိုက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂) စုပေါင်းခန်းမတွင်၊ ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းအဖွဲ့)

သားဆက်ခြားခြင်းနှင့် မိသားစုစီမံကိန်းဆိုင်ရာ လမ်းညွှန်စာအုပ်ဖြန့်ဝေ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၌ မိခင်သေဆုံးမှု (maternal mortality ratio) မြင့်မားသော နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်နေပြီး ၎င်းကိုလျှော့ချနိုင်ရန်အတွက် သားဆက်ခြားခြင်းနှင့် မိသားစုစီမံကိန်းဆိုင်ရာ လူ့အခွင့်အရေးအခြေခံမှုများပါဝင်သည့် လမ်းညွှန်စာအုပ်ဖြန့်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါ သားဆက်ခြားကျန်းမာရေးစောင့်ရှောက်မှု လမ်းညွှန်စာအုပ်ဖြန့်ဝေခြင်းအခမ်းအနားကို စက်တင်ဘာ (၁၉)ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

ထို့ပြင် ယခုလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် အသုံးများသော တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုရန်လိုအပ်ကြောင်း၊ ဘာသာပြန်ဆိုထားသောစာအုပ်ကို အခြေခံကျန်းမာရေးဝန်ထမ်းများအသုံးပြုရန် ပေးအပ်မည့် မိုဘိုင်းတက်ဘလက် (mobile tablet) များတွင်လည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သားဆက်ခြားစောင့်ရှောက်မှုလုပ်ငန်းများကို (၁၉၉၁) ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်သည်အမျိုးသမီးများ ခေတ်မီသားဆက်ခြားဆေးဝါးသုံးစွဲမှုသည် (၂၀၀၇)ခုနှစ်တွင် (၃၈)ရာခိုင်နှုန်းရှိခဲ့ရာမှ (၂၀၁၅)ခုနှစ်တွင် (၅၁)ရာခိုင်နှုန်းထိ တိုးမြင့်လာခဲ့သည်။ ကလေးတစ်ယောက်နှင့်တစ်ယောက်အကြား (၃)နှစ်ခြား၍ မွေးဖွားပါက (၅)နှစ်အောက်ကလေးသေဆုံးမှု (၁.၆)သန်းခန့် ကာကွယ်နိုင်ပြီး သားဆက်ခြားနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဖျက်ချမှုကြောင့် မိခင်သေဆုံးခြင်း၏ (၈၁)ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

အိမ်စည်

အိတ် anello (Myanmar) မြန်မာနိုင်ငံတွင် ဝယ်ယူနိုင်

ဂျပန်နိုင်ငံအခြေစိုက် အမှတ်တံဆိပ်တစ်ခုဖြစ်သည့် anello brand အိတ်များကို Wai Sithu international Co.,ltd မှ ဖြန့်ချီရောင်းချသွားမည်ဖြစ်ပြီး Project K အဖွဲ့အား Brand Ambassdor အဖြစ်ခန့်အပ်လိုက်ကြောင်း စက်တင်ဘာ (၂၀) ရက် သတင်းထုတ်ပြန်ချက်အရသိရသည်။

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော လူနေမှုပုံစံနှင့် ခေတ်မီဖက်ရှင်အသုံးဆောင်များကို ပိုမိုသုံးစွဲလာမှုနှင့်အညီ anello အမှတ်တံဆိပ်အိတ်များကို ခေတ်မီလှပစွာအသုံးပြုနိုင်ရန် ဖြန့်ချီခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ကျော်ကြားရေပန်းစားဆုံး Boy Band တစ်ခုဖြစ်သည့် Project K အဖွဲ့ကို anello အမှတ်တံဆိပ်၏ ကိုယ်စားပြုမည့်ပထမဦးဆုံး သံတမန်အဖွဲ့အဖြစ် ခန့်အပ်ရခြင်းဖြစ်ကြောင်း၊ ပထမဆုံးအရောင်းဆိုင်ကို Junction Mawtin ပထမထပ်တွင်ဖွင့်လှစ်ထားပြီး Junction City နှင့် City Mall တို့တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

ဆီဒိုးနားဟိုတယ်ရန်ကုန် ၂၂ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဟင်းလျာပွဲတော် ကျင်းပပြုလုပ်

ဆီဒိုးနားဟိုတယ်ရန်ကုန်မှ "ထိုင်းနိုင်ငံရဲ့ ကျော်ကြားထင်ရှားအရသာများ"အမည်ဖြင့် ဟင်းလျာပွဲတော်ကို ဟိုတယ်၏ D'Cuisine ၌ ယခုလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါဟင်းလျာပွဲတော်သည် ဆီဒိုးနားဟိုတယ်ရန်ကုန် ၂၂ နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ဘန်ကောက်မြို့တွင် ထိုင်းနိုင်ငံရိုးရာ အရသာစစ်စစ်ကို ခံစားနိုင်ရန် ဖွင့်လှစ်ထားသော One Nares စားသောက်ဆိုင်ပိုင်ရှင်နှင့် ဆုရစားဖိုမှူးဖြစ်သူ Yuttaphum Simpalipun က ဧည့်သည်စားဖိုမှူးအဖြစ် တာဝန်ယူချက်ပြုတ်ပေးသွားမည်ဖြစ်သည်။

"ထိုင်းနိုင်ငံရဲ့ ကျော်ကြားထင်ရှားအရသာများ" ဟင်းလျာပွဲတော်တွင်ပါဝင်မည့် ဟင်းလျာအတွဲအစပ်များကို ဧည့်သည်စားဖိုမှူးကြီး Yuttaphum Simpalipun ကိုယ်တိုင်ပြင်ဆင်ချက်ပြုတ်သွားမည်ဖြစ်ပြီး တုန့်ယမ်းဟင်းချို၊ သင်္ဘောသီးထောင်း၊ ကြက်သားအုန်းနို့ဟင်းရည်နှင့် Laab အမဲသားသုပ်စသည့် သူ၏အနှစ်သက်ဆုံး ထိုင်းဟင်းလျာများအပါအဝင် အခြားထိုင်းရိုးရာဟင်းလျာများဖြင့် တည်ခင်းဧည့်ခံပေးသွားမည်ဖြစ်သည်။ "ထိုင်းနိုင်ငံရဲ့ ကျော်ကြားထင်ရှားအရသာများ" ဟင်းလျာပွဲတော်ကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဧည့်သည်စားဖိုမှူးကြီး Yuttaphum Simpalipun သည် စက်တင်ဘာလ ၆ ရက်နေ့မှ ၁၆ ရက်နေ့အထိ ဆီဒိုးနားဟိုတယ်ရန်ကုန်တွင် ရောက်ရှိနေကာ ပွဲတော်အတွက်ဟင်းလျာများကို ပြင်ဆင်ချက်ပြုတ်သွားမည်ဖြစ်သည်။ ပွဲတော်ကာလအတွင်း D'Cuisine စားသောက်ခန်းမတွင် ဧည့်သည်တော်များအတွက် ထိုင်းနိုင်ငံမှ အနုပညာရှင်များမှ ထိုင်းရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

"ထိုင်းနိုင်ငံရဲ့ ကျော်ကြားထင်ရှားအရသာများ"ဟင်းလျာပွဲတော်ကို ဆီဒိုးနားဟိုတယ်ရန်ကုန်၏ ပုံမှန်တည်ခင်းထားသော အနောက်တိုင်းအစားအစာများနှင့် အချိုပွဲ ဘူဖေးများနှင့် အတူတကွ သုံးဆောင်နိုင်မည်ဖြစ်ပြီး ဆီဒိုးနားဟိုတယ်ရန်ကုန်၏ ၂၂ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် "ထိုင်းနိုင်ငံရဲ့ ကျော်ကြားထင်ရှားအရသာများ" ဟင်းလျာပွဲတော်ကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နေ့လယ်စာနှင့် ညနေစာချိန်များတွင် တည်ခင်းပေးသွားမည်ဖြစ်ပြီး အထူးဈေးနှုန်း ၂၂ ဒေါ်လာဖြင့် သုံးဆောင်နိုင်ကြမည်ဖြစ်သည်။

ကျော်ကျော်

ဂျပန်နှင့် ကိုရီးယားနိုင်ငံသားများ ဗီဇာကင်းလွတ်ခွင့်ပေး ခရီးသွားကဏ္ဍအတွက် အသုံးချသွားမည်

အောက်တိုဘာလဆန်းမှ စတင်၍ ဂျပန်နိုင်ငံသားနှင့် ကိုရီးယားနိုင်ငံသားများကို ဗီဇာကင်းလွတ်ခွင့်ပြုပေးမည်ဖြစ်သောကြောင့် အဆိုပါအချက်ကိုအသုံးချ၍ ခရီးသွားကဏ္ဍအတွက် အခွင့်ကောင်းအဖြစ် အသုံးချမည်ဖြစ်ကြောင်းသိရသည်။

"အောက်တိုဘာလ (၁)ရက်နေ့မှာလည်း မြန်မာနိုင်ငံကိုအများဆုံးလာရောက်ကြတဲ့ အာရှမှဂျပန်နိုင်ငံသားနဲ့ ကိုရီးယားနိုင်ငံသားများကို Visa ကင်းလွတ်ခွင့်နဲ့ တရုတ်နိုင်ငံသားများကို Visa on Arrival ခွင့်ပြုပေးတော့မှာဖြစ်ပါကြောင်း၊ ဒီအချက်တွေဟာ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အခွင့်ကောင်းဖြစ်လို့ အမိအရအသုံးချနိုင်အောင် ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါကြောင်း" ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က စက်တင်ဘာ (၁၇)ရက်တွင် ရန်ကုန်မြို့၊ အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်သည့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့များ ညှိနှိုင်းအစည်းအဝေးနှင့် JATA Tourism Expo 2018 သို့ မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းပါဝင်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင်ပြောသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် လာမယ့်အောက်တိုဘာလ (၁)ရက်နေ့မှာလည်း မြန်မာနိုင်ငံကို အများဆုံးလာရောက်ကြတဲ့ အာရှမှ ဂျပန်နိုင်ငံသားနဲ့ ကိုရီးယားနိုင်ငံသားများကို Visa ကင်းလွတ်ခွင့်နဲ့ တရုတ်နိုင်ငံသားများကို Visa on Arrival ခွင့်ပြုပေးတော့မှာဖြစ်ပါကြောင်း၊ ဒီအချက်တွေဟာ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အခွင့်ကောင်းဖြစ်လို့ အမိအရအသုံးချနိုင်အောင် ကြိုးစား ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ အာဆီယံမိတ်ဖက် (၃)နိုင်ငံကို ဦးတည်ပြီး မြန်မာနိုင်ငံရဲ့ အမှတ်တံဆိပ်ကို မြှင့်တင်နိုင်ရေးဆောင်ရွက်သလို အခြားနိုင်ငံများရဲ့ ခရီးသွားဈေးကွက်ကိုလည်း မြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ဒီလိုဆောင်ရွက်ရာမှာ ခေတ်နဲ့အညီ Digital နည်းပညာကိုအသုံးချပြီး ဈေးကွက်မြှင့်တင်ထိုးဖောက်ဆောင်ရွက်ရန်လည်း လိုအပ်မှာဖြစ်လို့ Digital Marketing အဖွဲ့ကိုလည်း ဖွဲ့စည်းပြီးဖြစ်တဲ့အတွက် အရှိန်အဟုန်နဲ့ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြခဲ့ပြီး တက်ရောက်လာသူများမှ အကြံပြုဆွေးနွေးကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ တင်ပြချက်များအပေါ်ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အိမ်စည်

ရေဘေးအန္တရာယ် စုပေါင်းကာကွယ်

ဌေးဌေးသန်း (မိုး/ဇလ)

မြန်မာနိုင်ငံတွင် ရေကြီး၊ ရေလျှံခြင်းကို မုတ်သုံကာလ ဇွန်လမှ အောက်တိုဘာလအတွင်း ကြုံတွေ့ရလေ့ရှိသည်။ ရေကြီး၊ ရေလျှံခြင်းသည် မိုးကြိုကာလနှင့်မိုးဦးကာလတို့တွင် မိုးသည်းထန်မှု၊ မိုးပုံ့ပုံ့နှံ့နှံ့ရွာသွန်းမှုနှင့် မိုးရွာသွန်းရက်ကြာမြင့်မှုတို့အပေါ် မူတည်၍ ဇွန်လတတိယဆယ်ရက်ခန့်မှ စတင်ဖြစ်ပေါ်တတ်သော်လည်း ယခုအခါ ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ မိုးရွာသွန်းမှုပုံစံများ၊ ဖြစ်ပေါ်ချိန်များ ပြောင်းလဲလာသည်ကို တွေ့ရှိရသည်။

မိုးလယ်ကာလ (ဇူလိုင်လနှင့်ဩဂုတ်လ)တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာပါက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုများဖြစ်ပေါ်ပြီး၊ အထူးသဖြင့် ကမ်းရိုးတန်းဒေသများနှင့် မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာပုံ့ပုံ့နှံ့နှံ့ရွာသွန်းခြင်းဖြစ်ပေါ်တတ်ပါသည်။ ထို့အပြင် ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်သော မုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ပြီး ကုန်းတွင်းသို့ဝင်ရောက်လျှင်သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းအနီးမှ ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းသို့ ဝင်ရောက်လျှင်သော်လည်းကောင်း မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီး၊ ရေလျှံခြင်းများကို ကြုံတွေ့ရလေ့ရှိသည်။

မိုးနှောင်းကာလ (စက်တင်ဘာလနှင့် အောက်တိုဘာလ)တွင်လည်း ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်သော မုန်တိုင်း၏အရှိန်ကြောင့် မြန်မာနိုင်ငံတွင် မိုးသည်းထန်စွာ ပုံ့ပုံ့နှံ့နှံ့ရွာသွန်းပြီး ရေကြီးရေလျှံခြင်းကိုဖြစ်ပေါ်စေတတ်သည်။ ထို့အပြင် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်သောတိုင်ဖွန်းမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ပြီး၊ ယင်းတိုင်ဖွန်းမုန်တိုင်း အကြွင်းအကျန်များကြောင့်လည်း မြန်မာနိုင်ငံတွင် မိုးသည်းထန်မှုဖြစ်ပေါ်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်တတ်သည်။

မြစ်ရေကြီးခြင်းအမျိုးမျိုး

မြစ်ရေကြီးခြင်းကို (၃)မျိုးခွဲခြားနိုင်ပါသည်။ (၁) ဒေသကျယ်ရေကြီးခြင်း (၂) လျှပ်တစ်ပျက်ရေကြီးခြင်း (၃) မုန်တိုင်းနှင့် မြေငလျင်လှုပ်ခြင်းတို့ကြောင့် ပင်လယ်ရေလွှမ်းခြင်းတို့ဖြစ်သည်။ မြစ်ဝှမ်းဒေသများတွင် ဖြစ်လေ့ရှိပြီး မြစ်ရေလျှံမှုကြောင့် မြေနိမ့်လွင်ပြင်များတွင် ရေမြုပ်ခံရသော ရေကြီးမှုတို့ဖြစ်သည်။

မြစ်ရေကြီးခြင်းကိုဖြစ်သည့် အကြောင်းရင်းများမှာ မြေအသုံးချမှုစနစ်မကျခြင်း၊ မြေအောက်ရေကို အထိန်းအချုပ်မဲ့ထုတ်ယူခြင်းကြောင့် မြေနိမ့်ဆင်းမှုဖြစ်ခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်းစသည်တို့ကြောင့်ဖြစ်သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက်များကို ထုတ်ပြန်ပေးသည့်အပြင် အခါအားလျော်စွာ မြန်မာ့အသံ၊ ရုပ်မြင်သံကြားအစီအစဉ်မှ ရေဒီယိုအသံလွှင့်ချက်များ၊ တွေ့ဆုံမေးမြန်းခန်းများထုတ်လွှင့်ပေးခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင်သတင်းဆောင်းပါးများ ရေးသားခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် လေ့လာ မှတ်သားနိုင်ပါသည်။

စိုးရိမ်ရေမှတ်

မြစ်ရေကြီးခြင်းဆိုသည်မှာ မြစ်ရေသည်ကမ်းပါးကို ရေကျော်လျှံခြင်းဖြစ်သည်။ ယင်းရေလျှံခြင်းသည် လူနေအဆောက်အဦများနှင့် လယ်ယာမြေများကိုနေရာကျယ်ကျယ်ပြန့်ပြန့်ရေလွှမ်း၍ ပျက်စီးဆုံးရှုံးမှုများကိုဖြစ်ပေါ်စေပါ သည်။ အမြင့်နီးပါးရောက်ရှိမည့် မြစ်ရေမှတ်ကိုစိုးရိမ်ရေမှတ်ဟု ယေဘုယျမှတ်ယူနိုင်သည်။ စိုးရိမ်ရေမှတ်သို့ မြစ်ရေမှတ်ရောက်ရှိပါက မြစ်ရေကြီးခြင်းဘေးအန္တရာယ်တွေ့ကြုံရန်စိုးရိမ်ရကြောင်းနှင့် လိုအပ်သောရေဘေးကာကွယ်ရေးနှင့်လျော့ပါးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း သတိပေးသည့်သတ်မှတ်ချက်ဖြစ်သည်။ မိမိဒေသ၏စိုးရိမ်ရေမှတ်သို့ရောက်ရှိစဉ် မိမိနေအိမ်အဆောက်အဦသို့ရေရောက်ရှိမှုကို သတ်မှတ်ထားသင့်ပေသည်။ သို့မှသာနောက်ထပ်မြစ်ရေတက်လျှင် ရေလွှမ်းခံရဖွယ်ရှိသည်/မရှိသည်ကို မှန်းဆနိုင်မည်ဖြစ်ပေသည်။ သတိပေးချက်များကိုရရှိလာသောအခါ အကျိုးရှိသောကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ကြမည်ဖြစ်ပေသည်။ စီမံခန့်ခွဲဆောင်ရွက်သည့်အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ ဦးစားပေးရမည့်(ဥပမာ-ဈေး၊ ကျောင်း၊ အစိုးရရုံးများ၊ လူနေရပ်ကွက်များ၊ ဆန်စပါး ဂိုဒေါင်စသည်တို့တွင် ဆုံးရှုံးမှုအများဆုံးဖြစ်ပေါ်နိုင်သည့် နေရာ၏အမြင့်ကိုဦးစားပေးရန်ဖြစ်သည်။

ထူးခြားမြစ်ရေအခြေအနေသတင်း

အထူးသဖြင့် မိုးဦးကာလတွင်ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ဖျားဒေသ၌ မြစ်ရေသည်(၂၄)နာရီအတွင်း (၂၀၀) စင်တီမီတာ (၇)ပေခန့်ရုတ်တရက်ထိုးတက်လာပါကမြစ်အလယ်ပိုင်းနှင့် အောက်ပိုင်းတွင်လည်းမြစ်ရေများမြင့်တက်လာမည်ဖြစ်သည်။

မြစ်ရေကြီးမည့် သတိပေးချက်

အရပ်ဒေသတစ်ခုတွင် ရေကြီးမှု(စိုးရိမ်ရေမှတ်ကျော်လွန်မှု)ဖြစ်ပေါ်နိုင်ကြောင်းကို ကြိုတင်၍သတိပြုနိုင်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်ထုတ်ပြန်ပေးသည့်သတိပေးချက်ဖြစ်သည်။

မြစ်ရေကြီးမှု အခြေအနေသတင်း

အရပ်ဒေသတစ်ခု၌ ရေကြီးမှု(စိုးရိမ်ရေမှတ် ကျော်လွန်မှု)ဖြစ်ပေါ်ချိန်တွင် မြစ်ရေသည်စိုးရိမ်ရေမှတ်အထက်သို့မည်မျှဆက်လက်မြင့်တက်လာနိုင်ကြောင်း (သို့မဟုတ်) မည်မျှကျဆင်းနိုင်ကြောင်းကို (၁)ရက်မှ(၃) ရက်ခန့်ကြိုတင်၍ထုတ်ပြန်ပေးသောသတင်းဖြစ်သည်။

ကြိုတင်ခန့်မှန်းချက်

မြစ်ရေခန့်မှန်းချက်များကို မြစ်ဖျားဒေသအတွက် (၁)ရက်မှ (၂)ရက်ကြိုတင်ခန့်မှန်းနိုင်သကဲ့သို့ ဧရာဝတီမြစ်အောက်ပိုင်းအတွက်မူ (၃)ရက်မှ(၅)ရက်ခန့်အခြားသောမြစ်ငယ်များတွင်(၁)ရက်မှ (၂)ရက်ကြိုတင်ခန့်မှန်းတွက်ယူနိုင်ပါသည်။ ထိုသို့ခန့်မှန်းတွက်ယူရရှိသော မြစ်ရေအခြေအနေသတင်းကိုလည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအဖွဲ့အစည်းများသို့အချိန်မီ သတင်းထုတ်ပြန်ပေးပြီး မြန်မာရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ FM ရေဒီယို၊ သတင်းစာများ၊ မိုလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ Website ဖြစ်သော www. dmh.gov.mm နှင့် facebook စာမျက်နှာများထုတ်လွှင့်ပေးလျက်ရှိသည်။

> “စိုးရိမ်ရေမှတ်သို့ မြစ်ရေမှတ်ရောက်ရှိပါက
> မြစ်ရေကြီးခြင်း ဘေးအန္တရာယ်တွေ့ကြုံနိုင်
> ရေဘေး ကာကွယ်ရေးစီစဉ်ဆောင်ရွက်ရန်လိုအပ် ....
>
> ရေကြီးခြင်းဘေးအန္တရာယ် လျော့ပါးရေး၊
> ကြိုတင်ကာကွယ်ရေးတို့သည် အရေးကြီးသကဲ့သို့
> ပြည်သူတို့အသိပညာတိုးပွားရေး၊
> လိုက်နာဆောင်ရွက်တတ်ရေးသည်လည်းအရေးပါ ....
>
> စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်တွင်
> ဤကဲ့သို့သဘာဝကဖန်တီးလာသော
> ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးလျှင်
> “သမင်မွေးရင်း ကျားစားရင်း” ဖြစ်နေ ....”

မြစ်ရေကြီးမှုဘေး ကြိုတင်ကာကွယ်ရေး

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံမြစ်ကြီးများတစ်လျှောက်တွင် ဖွင့်လှစ်ထားရှိသောဇလဗေဒစခန်းများ၏ သတ်မှတ်ချိန်(ဖ၆း၃၀နာရီ၊ ၁၂း၃၀နာရီနှင့် ၁၈း၃၀နာရီ)တို့တွင် တိုင်းထွာရရှိသော မြစ်ရေမှတ်များကို လက်ခံရယူပါသည်။ အဆိုပါမြစ်ရေမှတ်များကိုဆန်းစစ်လေ့လာ၍ နေ့စဉ်မြစ်ရေခန့်မှန်းချက် (Daily Water Level Forecast) များထုတ်ပြန်ခြင်း၊ မြစ်ရေကြီးခြင်း သတိပေးချက်(Flood Warning) နှင့် မြစ်ရေကြီးမှုအခြေအနေသတင်း (Flood Bulletin) များကိုထုတ်ပြန်ပေးလျက်ရှိသည်။ ယခုအခါအလိုအလျောက်တိုင်းတာရေးကိရိယာများ၊ ဂြိုလ်တုမှတိုင်းထွာရရှိသောမိုးလေဝသဆိုင်ရာ အချက်အလက်များ Model များကို အသုံးပြု၍ရရှိသောမိုးလေဝသနှင့်မြစ်ရေဆိုင်ရာခန့်မှန်းချက်များကို အသုံးပြု၍ကြိုတင်သတိပေးစနစ်များကိုထုတ်ပြန်ပေးလျက်ရှိသည်။

ဇလဗေဒဌာနခွဲမှ မြစ်ရေကြီးခြင်းသတိပေးချက်ထုတ်ပြန်သည့်အခါ သဘာဝဘေးအန္တရာယ်နှင့်ဆက်စပ်သည့် သက်ဆိုင်ရာတာဝန်ရှိသည့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ သတင်းမီဒီယာတာဝန်ရှိသူများပေးပို့ခြင်းများကို အချိန်နှင့်တပြေးညီဆောင်ရွက်ကြရသည်။ မြစ်ရေကြီးမှုဘေးကို ထိရောက်စွာကြိုတင်ကာကွယ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများလက်ခံကျင်းပ၍ ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံဉာဏ်များရယူခြင်းသုတေသနစာတမ်းများပြုစုရေးသားတင်ပြခြင်း၊ စီမံချက်ဒေသရွေးချယ်၍ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများစသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နည်းပညာပိုင်းဆိုင်ရာတိုးတက်ခေတ်မီစေရန် ပညာရပ်ပိုင်းဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများတက်ရောက်ခြင်း၊ လက်ခံကျင်းပခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။

ဆိုးရွားသော ရေကြီးခြင်းအန္တရာယ်လျော့ပါးရေး

မြစ်ရေကြီးခြင်းဖြစ်ပေါ်ရခြင်းသည် မိုးသည်းထန်မှုသည် ပုံ့ပုံ့နှံ့နှံ့ရွာသွန်းခြင်း၊ ရွာသွန်းသောမိုးရေသည် မြစ်များ၊ ချောင်းများတွင်လက်ခံနိုင်စွမ်းထက်ပိုမိုခြင်း၊ မြစ်ကြောင်းအတွင်း ရေလက်ခံများနေခြင်း၊ ပင်လယ်ဒီရေတက်သည့် ရက်နှင့်တိုက်ဆိုင်ခြင်း စသည့်အကြောင်းအရာများပေါင်းစုံဖြစ်ပေါ်ပါက ပုံမှန်ထက်သာလွန်သော မြစ်ရေကြီးမှုကို ဖြစ်ပေါ်စေပါသဖြင့်မြစ်ကြောင်းများအတွင်းရေလက်ခံနိုင်စွမ်းအားကို အထောက်အကူဖြစ်စေသည့်ရေစီးရေလာကောင်းမွန်အောင် မြစ်ကြောင်းများပြုပြင်ခြင်း၊ တိမ်ကောနေသောမြစ်၊ ချောင်းများအားပြုပြင်ခြင်း၊ သစ်တောပြုန်းတီးမှုမဖြစ်စေရန်စီမံချက်ချမှတ်ဆောင်ရွက်ခြင်း၊ မိုးသည်းထန်ချိန်တွင် ဆည်များကြံ့ခိုင်မှုရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ ခိုင်ခံ့သည့်ရေကာတာများတည်ဆောက်ထားရှိခြင်းတို့ဖြင့် ဆိုးရွားသော မြစ်ရေကြီးခြင်းအန္တရာယ်ကို မဖြစ်ပေါ်နိုင်အောင်လျော့ချပေးနိုင်မည်ဖြစ်ပါသည်။ ရေကြီးခြင်းဘေးအန္တရာယ်လျော့ပါးရေး၊ ကြိုတင်ကာကွယ်ရေးတို့သည်အရေးကြီးသကဲ့သို့ ပြည်သူတို့အသိပညာတိုးပွားရေး၊ လိုက်နာဆောင်ရွက်တတ်ရေးသည်လည်းအရေးပါလှပေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေချိန်တွင် ဤကဲ့သို့သဘာဝကဖန်တီးလာသော ဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးလျှင် “သမင်မွေးရင်း ကျားစားရင်း” ဖြစ်နေပေသည်။ ထိုကဲ့သို့မဖြစ်အောင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်မီထုတ်ပြန်သော မြစ်ရေကြီးခြင်းသတိပေးချက်နှင့် ဒေသဆိုင်ရာအာဏာပိုင်တို့မှမြစ်ရေကြီးခြင်းကာကွယ်ရေးနှင့် လမ်းညွှန်ချက်တို့ကိုပြည်သူတို့မှသတိရှိရှိတာဝန်သိသိဖြင့် လိုက်နာရန်အထူးလိုအပ်ကြောင်းတင်ပြလိုက်ရပါသည်။ ။

အမည်ရင်း - ဌေးဌေးသန်း၊ ညွှန်ကြားရေးမှူး (ဇလ)
ကလောင်အမည် - ဌေးဌေးသန်း (DMH)

အကယ်ဒမီ မင်းဦး ပထမဆုံးအကြိမ်ဒါရိုက်တာအဖြစ် ဖန်တီးရိုက်ကူးထားတဲ့ "ချူဆီ"

ကာရာအိုကေတစ်ခုကကောင်မလေးတွေနဲ့ ဂျာကြီးလို့ခေါ်တဲ့ကို ကိုကျော်ထက်အောင်တို့ရဲ့ကြားက ဖြစ်ပေါ်လာတဲ့ အချစ်အမုန်းမေတ္တာ အနှောင်အဖွဲ့တွေအကြောင်း ဖော်ပြရိုက်ကူးထားသော"ချူဆီ" . . . .

ဒီဇာတ်ကားက အကယ်ဒမီမင်းဦး ပထမဆုံးအကြိမ်ဒါရိုက်တာအဖြစ် ဖန်တီးရိုက်ကူးထားတဲ့ဇာတ်ကားပါ။

အချစ်ဒရာမာမေတ္တာဖွဲ့ဇာတ်ကားကောင်းကောင်းကိုမှခံစားချင်တဲ့ ပရိသတ်ကြီးတွေအတွက် "ယောကျာ်းဆိုတာ ပိုက်ဆံရှိရင် ကြိုက်တာရွေး ဝယ်စားတယ်၊ ကြာလို့ရိုးသွားရင် အသစ်အဆန်းမြည်းစားကြည့်မှာပဲ၊ ကေတီဗီလာပြီး လင်လာမရှာနဲ့ . . . လာမချုပ်နဲ့၊ လာမရှုပ်နဲ့" ဆိုတဲ့ ဂျာကြီးခေါ် လင်းဦးမောင်၊ ကေတီဗီမှာ အိုးဆားဗစ်၊ ပါရင့်သမ္မာရင့်စွာတေးလန် မဟုတ်မခံ လူလစ်ရင် 'မောင် . . .' လို့ ဂျာကြီးကို ပစ်ခွဲခွဲ ခေါ်တတ်တဲ့ ပွင့်လင်းရဲ တင်းလွန်းတဲ့ "မကေသီ". . .၊ ရုပ်ရည် လှပချောမောသလောက် ငွေမက်လွန်းသူ ခပ်ချေချေ . . . မျက်နှာထားနဲ့ ဆိုင်မှာနာမည်အကြီးဆုံး ခွင်ကြီးကြီးလည်း မိထားတဲ့ "မထက်" . . .၊ မအူမလည်နဲ့ ကေတီဗီမှာ အလုပ်လုပ်ရင် ငွေရလွယ်တယ်ကြားမိလို့ အထုပ်ပိုက်ပြီး ရန်ကုန်တက်လာတဲ့သဘောဖြူ အူစင်းရှာသူလေး ရိုးရိုးရှင်းရှင်းလေးနဲ့လှတဲ့ "မြကလေး"...၊ ငါ့အဖေနဲ့ ငါ့အစ်ကိုက သူပုန်နော် လိုအပ်ရင် လူပါသတ်မယ်ဆိုတဲ့ ချောမောလှပသွယ်လျပေမယ့် လက်ရဲဇက်ရဲ ဘာမဆိုလုပ်ရဲတဲ့ တောင်တန်းပေါ်က တိုင်းရင်းသူ "အက်စ်သာ". . . နောက်ဆုံးပိတ် အိတ်နဲ့လွယ်၊ မရဲတရဲအကဲသွားမစမ်းနဲ့ ခေါင်းကွဲသွားမယ်ဆိုတဲ့ ရန်ကုန်သူ ပန်ကာမလေး ရပ်ကွက်စရိုက်နဲ့မိုက်မယ့် မိုက်ခဲမ "ထိုက် ထိုက်". . . . .

ဒီလို"ချူဆီ"မှာဂျာကြီးခေါ် လင်းဦးမောင်အဖြစ် . . . ကျော်ထက်အောင်၊ မကေသီအဖြစ် . . . မယ်လိုဒီ၊ မထက် အဖြစ် . . . အေးမြတ်သူ၊ မြကလေး အဖြစ် . . . အိချောပို၊ အက်စ်သာအဖြစ် . . . မေ၊ ထိုက်ထိုက်အဖြစ် . . . နန်းဆုဦးနဲ့ အနုပညာရှင်များနဲ့ ရိုက်ကူးထားတာမို့ ရုပ်ရှင်ချစ်ပရိသတ်ကြီးသဘောတွေ့မယ့် ချူဆီဇာတ်ကားဆိုတာ ရုံတင်နေပါပြီ . . . .

အိမ်စည်

ဒါရိုက်တာမိုက်တီးရဲ့ အနုပညာရိုက်ချက်များနဲ့ "ရိုက်စား"

လက်ကီးဆဲဗင်းရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်ပြီးဇာတ်လမ်းဇာတ်ညွှန်း ဂေါက်ကြီးက ရေးသားထားပြီး ဒါရိုက်တာမိုက်တီးရဲ့ အနုပညာရိုက်ချက်များနဲ့ ပုံဖော်ထားတဲ့ "ရိုက်စား"ဒီဇာတ်ကားမှာ ပြေတီဦး၊ စိုးမြတ်သူဇာ၊ ဘေဘီမောင်၊ အင်္ဂလန်မင်းသမီး လစ်ဘီ၊ ခင်လှိုင်၊ ဖေလုဝ၊ ရော၊ မိုးဒီ၊ မေတ္တာ စတဲ့အနုပညာရှင်များ ပါဝင်ထားပါတယ်။

ဇာတ်ကားရိုက်ကူးမှုတွေ ကျဲပါးလာတဲ့ ဟာသသရုပ်ဆောင် ရောနဲ့ဖေလုဝတို့က သူဌေးဦးဘကျော် (ပြေတီဦး) ဆီမှာ အလုပ်လာလျှောက်ကြပါတယ်။ ဦးဘကျော်က သူတို့နှစ်ယောက်ကို အလုပ်ပေးခဲ့ပြီး ငွေများများရမယ့်ရိုက်စားခွင်တစ်ခုမှာအသုံးချခဲ့ပါတယ်။ သူခိုင်းတဲ့အတိုင်း အောင်မြင်ခဲ့ရင်လည်း ဦးဘကျော်က ဘောက်ဆူး ကောင်းကောင်းပေးပါတယ်။ ဦးရောနဲ့ဖေလုဝကတော့ သူတို့နှစ်ယောက်ရဲ့ အနုပညာရှင်ဆိုတဲ့ ပုံရိပ်ကိုအသုံးချပြီး ရိုက်စားခွင်ဖန်တီးနေမှန်းမသိခဲ့ပါဘူး။

ရိုက်စားခွင်တစ်ခုမှာတော့ ဦးရောနဲ့ ဦးဖေလုဝတို့ကို ဦးဘကျော်လိုဘဲ ရိုက်စားသမားတစ်ယောက်ဖြစ်တဲ့ ခင်လှိုင်က ကတုံးပေါ်ထိပ်ကွက်သွားပါသေးတယ်။ ဦးဘကျော်ရဲ့ကြိုးကိုင်မှုအောက်မှာ ဦးရောနဲ့ဦးဖေလုဝတို့က ငွေနည်းနည်းနဲ့လူသိများစေမယ့် ပရဟိတအလှူလေးတွေလုပ်ခဲ့ရာကနေ ပရဟိတသူရဲကောင်းတွေအဖြစ် ကျော်ကြားလာခဲ့ပါတယ်။ သူတို့နှစ်ယောက်ကို ပြည်ပက ပရဟိတ အလှူတွေအတွက် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့အတူချီးမြှင့်ပွဲကို တက်ရောက်လာတဲ့ မင်းသမီးစိုးမိုးသဇင် (စိုးမြတ်သူဇာ)က သူဌေးဦးဘကျော်ကို တွေ့ပြီး ရင်ခုန်သွားပါတယ်။

ရိုက်စား လူလိမ်တစ်ယောက်ဖြစ်တဲ့ ခင်လှိုင်ကလည်း သူ့ရဲ့အယောင်ဆောင်ကြွယ်ဝချမ်းသာမှုတွေနဲ့ မင်းသမီး စိုးမိုးသဇင်ကိုပိုးပန်းခဲ့ပါတယ်။ သူဌေးဦးဘကျော်က မင်းသမီးစိုးမိုး သဇင်နဲ့ရင်းနှီးပြီးနောက်မှာ ရုပ်ရှင်သရုပ်ဆောင် သင်တန်းတစ်ခုဖွင့်ပြီး ရိုက်စားခွင်ရိုက်ဖို့ ကြံပြန်တယ်။ သူ့ကိုသဘောကျနေတဲ့ စိုးမိုးသဇင်ကိုလည်း မာယာတွေသုံးပြီး လှည့်ဖြားထားပါတယ်။ရိုက်စားခွင် ဖန်တီးနေကြတဲ့ သူဌေးဦးဘကျော်နဲ့ ခင်လှိုင်တို့က မြေကွက်အရောင်းအဝယ် ကိစ္စတစ်ခုမှာ ထိပ်တိုက်တွေ့ကြပါတော့တယ်။ နောက်ပိုင်းမှာ မြွေမြွေချင်းခြေမြင်တဲ့ လူလိမ်နှစ်ယောက်ဖြစ်တဲ့ ဘကျော်နဲ့ ခင်လှိုင်တို့ကရိုက်စားခွင်တွေကို နှစ်ယောက်ပေါင်းကြံဖို့ပူးပေါင်း လိုက်တဲ့အခါမှာတော့ . . . အိမ်စည်

ဇိမ်ခံသင်္ဘောကြီးနဲ့ ပင်လယ်ထဲအပန်းဖြေခရီးက စိတ်ဝင်စားစရာများတွေ့ရမယ့် HOTEL TRANSYLVANIA 3

သွေးစုတ်ဖုတ်ကောင်ကြီး ဒရက်ကူလာခေါ် ဒရက်ဟာ မုဆိုးဖိုဖြစ်ပြီး နောက်ပိုင်းမှာ အထီးကျန်ဝေဒနာခံစားနေရတာကြောင့် သူ့သမီးမေးဗစ္စကသူ့အတွက် ချစ်သူအသစ်ရှာပေးရင်းပင်လယ်ကူး အပျော်စီးသင်္ဘောကြီးနဲ့ အပန်းဖြေခရီးထွက်ဖို့ စီစဉ်ပေးပါတယ်။

ဒရက်၊ မေးဗစ္စနဲ့သူ့ခင်ပွန်းဂျော်နီတို့ ဦးဆောင်ပြီး ဒရက်မိသားစုပိုင်ဟိုတယ်မှာ လာတည်းတဲ့ဧည့်သည်တွေအားလုံး ဂယ်လက်ဇီသင်္ဘောကြီးနဲ့ အပန်းဖြေခရီးထွက်ကြတော့ ချောမောလှတဲ့ လူသားရေယာဉ်မှူးအဲရစ်ကာကို ဒရက်က မြင်မြင်ချင်းချစ်မိသွားပါတယ်။ ဒရက်အလစ်မှာ အဲရစ်ကာက သင်္ဘောအပေါ် ထပ်မှာပုန်းပြီး လိုက်ပါလာတဲ့ သူမအဖိုး ဗင်ဟဲလ်ဆင်းနဲ့ သွားတွေ့ပါတယ်။

ဗင်က သွေးစုတ်ဖုတ်ကောင်နဲ့ တခြားကြောက်စရာ သတ္တဝါကောင်တွေ အားလုံးကိုမျိုးဖြုတ်သုတ်သင်ဖို့ အမြဲကြိုးစားနေသူပါ။ ဒရက်ကိုအလျင်စလို မသတ်ဖြစ်ဖို့ဗင်ကမှာထားပြီး အဲရစ်ကာကမလိုက်နာပဲ နည်းမျိုးစုံနဲ့သတ်ဖို့ ကြိုးစားနေပါတယ်။ ဒရက်ကကျွန်းလေးပေါ်မှာ နှစ်ယောက်ချိန်းတွေ့ဖို့ပြောတော့ အဲရစ်ကာကသတ်ခွင့်ရနိုင်မယ့် အခွင့်အရေးတစ်ခုအဖြစ်လိုက်ခံလိုက်ပါတယ်။

နောက်ပိုင်းမှာတော့ အဲရစ်ကာကို မေးဗစ္စက သံသယဝင်လာပါတယ်။ ဆက်လန်းတစ်မြို့ဟောင်းမှာ ဂယ်လက်ဇီသင်္ဘောဆိုက်တဲ့အခါမှာတော့....

အိမ်စည်

Visa Myanmar က Contactless ငွေပေးချေမှုနည်းလမ်းသုံးစွဲမှု ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိလာ

Visa ကမြန်မာနိုင်ငံအတွင်း Visa ကတ်အသုံးပြုငွေပေးချေမှုငါးခုတွင် Contactless နည်းဖြင့်ပေးချေခြင်း (၂၀ရာခိုင်နှုန်းအထိ)ကိုတွေ့ရှိရသဖြင့် Contactless နည်းဖြင့် ငွေပေးချေမှု တိုးတက်ရေးအတွက် ထူးခြားသော အောင်မြင်မှုရရှိကြောင်း စက်တင်ဘာလ ၁၈ရက်နေ့သတင်းထုတ်ပြန်ချက်အရသိရသည်။

Contactless နည်းပညာကိုအသုံးပြုခြင်းအားဖြင့် ကတ်ကိုင်ဆောင်သူများအနေဖြင့် ကတ်ဖြတ်ခြင်း၊ ကတ်ထည့်သွင်းခြင်းများ ပြုလုပ်ရန် မလိုအပ်ဘဲ Contactless နည်းဖြင့် ပေးချေနိုင်သည့်နေရာတွင် Visa Contactless ကတ်ကိုပြလိုက်ရုံဖြင့် ငွေပေးချေနိုင်မည်ဖြစ်သည်။ ဤနည်းလမ်းသည် အသုံးပြုသူများအတွက်ပို၍ မြန်ဆန်လွယ်ကူစေသဖြင့် တန်းစီစောင့်ဆိုင်းရမှုများ လျှော့ချနိုင်ခြင်း၊ ငွေပေးချေမှုအတွက်အချိန်ကုန်သက်သာစေခြင်း၊ ငွေစက္ကူများသယ်ဆောင်ရခြင်းကို ရှောင်ရှားနိုင်ခြင်းတို့ကဲ့သို့ အကျိုးကျေးဇူးများရှိပြီးငွေပေးချေရန်အတွက် လုံခြုံစိတ်ချရဆုံးနည်းလမ်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ ငွေပေးချေမှုတစ်ရပ်ပြုလုပ်တိုင်းတွင် ကိုယ်ပိုင်အကောင့်အချက်အလက်နေရာတွင် အသုံးပြုရမည့်တစ်ကြိမ်သာ အသုံးပြုနိုင်သည့် ကုတ်နံပါတ်တစ်ခုရှိမည်ဖြစ်သဖြင့်ထုတ်လွှတ်လိုက်သော ကတ်၏အချက်အလက်များကို ကတ်အတုပြုလုပ်ရန် အသုံးပြုနိုင်မည်မဟုတ်ကြောင်း မြန်မာနိုင်ငံတွင် Visa Contactless ကတ်ထုတ်လုပ်လျက်ရှိသည့်ဘဏ်များမှ ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်တို့ဖြစ်ပြီး Contactless ငွေပေးချေမှုနည်းလမ်းကို ပိုမိုလက်ခံသုံးစွဲလာရေးအတွက် Visa အနေဖြင့် Visa Contactless ကတ်အသုံးပြု၍ ဈေးဝယ်သူသည့် Customer များအတွက် ဂမုန်းပွင့်နှင့် စိန်ဂေဟာ ဈေးဝယ်စင်တာများတွင် ကျပ်၅၀၀၀ဖိုး Contactless အသုံးပြုဈေးဝယ်ယူခြင်းအတွက် ၁၀ရာခိုင်နှုန်းလျှော့ဈေးကို ရယူခံစားနိုင်မည်ဖြစ်သည်။ ပရိုမိုးရှင်းအစီအစဉ်ကိုစက်တင်ဘာလ ၁၅ ရက်နေ့မှနိုဝင်ဘာလကုန်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲ ဆစ်ဂနယ်မြန်မာက ဂင်းနစ်ကမ္ဘာ့စံချိန်သစ်တင်

ဆစ်ဂနယ်သည် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂,၄၉၉ ယောက်ပါဝင်သည့် ကမ္ဘာ့အကြီးဆုံးသွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကြီးအားကျင်းပပြီး ကမ္ဘာ့စံချိန်သစ်တင်မှုကို ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့အစည်းက အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာလ ၁၉ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၊ အားကစားနှင့်ကာယသိပ္ပံဦးစီးဌာနမှ တာဝန်ရှိသူများ၊ Unilever မှဝန်ထမ်းများနှင့် တာမွေနှင့် သဃ်ာန်းကျွန်းမြို့နယ်အခြေခံပညာကျောင်း ၁၆ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂,၅၀၀ ကျော်တို့သည် စံချိန်ချိုးပွဲကိုတက်ရောက်ခဲ့ကြသည်။ ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ် မိခင်တစ်ဦးလည်းဖြစ်သောဆစ်ဂနယ် Brand Endorser အကယ်ဒမီသက်မွန်မြင့်လည်း အခမ်းအနားကို တက်ရောက်အားပေးခဲ့သည်။

ဆစ်ဂနယ်သည် မြန်မာနိုင်ငံ၏ သွားနှင့်ခံတွင်းကျန်းမာရေး မြင့်တင်သည့်အစီအစဉ်များကို ၂၀၁၃ ခုနှစ်မှစတင်လုပ်ဆောင်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများအားသွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးကြီးပုံများကိုကောင်းမွန်စွာအသိပညာပေးနိုင်ရန် "Brush Day and Night" အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါတွင်ဆစ်ဂနယ်သည် သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာကို မြန်မာနိုင်ငံရှိလူဦးရေ ၁၆ သန်းအထိရောက်ရှိအသိပညာပေးနိုင်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင်လူသန်းပေါင်း ၃၀အား ခံတွင်းသန့်ရှင်းရေးစံနှုန်းများ မျှဝေပေးနိုင်ရန်လည်းရည်ရွယ်ထားကြောင်း သိရသည်။

ကျော်ကျော်

Pond's မှ ရွှံ့စေးမျက်နှာသစ်ဆပ်ပြာ၊ ခရင်မ်နှင့် မျက်နှာသစ်ဆပ်ပြာပစ္စည်းသစ်ဈေးကွက်တွင် ဖြန့်ချီ

Pond's ၏ နောက်ဆုံးပေါ်ပစ္စည်းသစ် သုံးမျိုးဖြစ်သည့် Pond's White Beauty Clay နှင့် Pure White Clay ရွှံ့စေးမျက်နှာသစ်ဆပ်ပြာ၊ Instabright Tone Up Milk ခရင်မ်နှင့် Men Lightning Oil Clear မျက်နှာသစ်ဆပ်ပြာတို့ကို စက်တင်ဘာ (၂၁)ရက်က မိတ်ဆက်ဖြန့်ချီခဲ့ကြောင်းသိရသည်။

အဆိုပါ ပစ္စည်းသစ်သုံးစွဲသူ များအနေဖြင့်အသားအရေသန့်စင် ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း၊ အာဟာရဓာတ်ပြည့်ဝစေခြင်းနှင့် ကျန်းမာသည့်မျက်နှာအသားအရေကို ရရှိစေခြင်း စသည့်အကျိုးရလာဒ်များ ပေးစွမ်းနိုင်သော နောက်ဆုံးပေါ်ထုတ်ကုန်သစ်များဖြင့် မိမိတို့၏နေ့စဉ်လုပ်ငန်းဆောင်တာများကို ယုံကြည်မှုရှိရှိ စီမံဆောင်ရွက်နိုင်စေရေး ပံ့ပိုးမှုဖြစ်စေရန် Pond's က အစဉ်ကြိုးပမ်းလျက်ရှိပြီး မိတ်ကပ်အသုံးပြုရန်မလိုအပ်ဘဲ ဖြူစင်ဝင်းလက်တောက်ပသည့် အသားအရေရရှိရန် ပစ္စည်းသစ်များအား မိတ်ဆက်လိုက်ကြောင်း သိရသည်။

ကျော်ကျော်



Transcom News journal Cartoons

Samsung မှ မော်ဒယ်သစ် Galaxy Watch, Tab S4/A 2018 တို့ကို စတင်မိတ်ဆက်

Samsung မှ မော်ဒယ်သစ် Galaxy Watch စမတ်နာရီသစ်၊ Tab S4 နှင့် Tab A 2018 တို့ကို မြန်မာပြည်ဈေးကွက်သို့ စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

ထုတ်ကုန်တွေကို အမြဲတီထွင်ဆန်းသစ်ဖန်တီးနေရုံတင်မဟုတ်ဘဲသုံးစွဲသူတွေရဲ့ လိုအပ်ချက်အလိုက်ရွေးချယ်မှုတွေပိုပိုပေးနိုင်ဖို့ အစဉ်အမြဲလုပ်ဆောင်လာတာ နစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်ပါတယ်။ အခုထွက်ရှိလာတဲ့ စမတ်နာရီနဲ့ Tablet တွေမှာလည်း Galaxy ထုတ်ကုန်တွေရဲ့ အစဉ်အမြဲဂုဏ်ယူရတဲ့ အားသာချက်တွေကို ဆက်လက်ထည့်သွင်းပြီး ထုတ်လုပ်ထားပါတယ်ဟု Samsung Myanmar ရဲ့ Head of IT and Mobile Group မှ ကိုဇာနည်ဝင်းထက်က ပြောသည်။

အသစ်ထွက်ရှိလာသည့် Galaxy Watch တွင်ရွေးချယ်စရာအဖြစ် 46mm နှင့် 42mm တို့အား အနက်ရောင်၊ ပန်းရောင် (rose gold) ရရှိနိုင်မည်ဖြစ်သည်။ ခံနိုင်ရည်စွမ်းအားသည် အကြမ်းခံနိုင်မှု (Corning Gorilla Glass DX+) အသိအမှတ်ပြုခံရပြီး ရေနှင့်ဖုန်ဒဏ်ခံနိုင်မှုစွမ်းအားကို 5ATM အဆင့်သတ်မှတ်ထားသည်။ Galaxy Watch အား စက်တင်ဘာ (၂၂)ရက်မှစပြီး 42 mm အား (၃၉၉၀၀၀)ကျပ်နှင့် 46 mm အား (၄၂၉၀၀၀)ကျပ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

Galaxy Tab S4 သည် စာအုပ်ကဲ့သို့ထောင်၍ အသုံးပြုနိုင်သော ကီးဘုတ်ပါဝင်သည့် တက်ဘလက်ကာဗာ (သီးသန့်ဝယ်ယူနိုင်) နှင့်ချိတ်ဆက်ထားစဉ် သို့မဟုတ် Quick Panel မှတစ်ဆင့် ဖွင့်လိုက်သည့်အချိန်တွင် Samsung Dex နှင့် ချိတ်ဆက်ခြင်းဖြင့် သုံးစွဲသူများအနေဖြင့် Android အသုံးပြုမှုစနစ်မှ ကွန်ပျူတာတစ်လုံးကဲ့သို့ အသုံးပြုမှုပုံစံပြောင်းလဲ၍ရနိုင်သည်။ Tab S4 အား အနက်ရောင်နှင့် မီးခိုးရောင် နှစ်ရောင်ရွေးချယ်ဝယ်ယူနိုင်ပြီး ဈေးနှုန်း (၁၁၄၀၀၀၀)ကျပ်ဖြင့်ဝယ်ယူနိုင်သည်။

Galaxy Tab A 2018 သည် မျက်နှာပြင် (10.5") ဖြင့်သုံးစွဲသူများ ဂိမ်းကစားခြင်း၊ သီချင်းနားထောင်ခြင်းအပြင် (16:10) ရှိသည်။ Screen- to- body အချိုးအစားတွင် ကြည့်ရှုခံစားနိုင်ပြီး Dolby Atmos အထောက်အပံ့ပါဝင်သည့် စပီကာ (၄)လုံးပါဝင်သည်။ အနက်ရောင်နှင့် မီးခိုးရောင်၊ အရောင်နှစ်မျိုးရွေးချယ်နိုင်ပြီး ဈေးနှုန်း (၆၀၅၀၀၀)ကျပ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။

ကျော်ကျော်

Palmolive Shampoo မှ Miss Palmolive Myanmar 2018 ကိုရှာဖွေနေ

မြန်မာနိုင်ငံ၏ ဆံကေသာစောင့်ရှောက်မှုထုတ်ကုန်တစ်ခုဖြစ်သော Palmolive သည် Miss Palmolive Myanmar ၂၀၁၇ကို မဖင်ဝင်းနန္ဒာနွယ်မှ ဆွတ်ခူးခဲ့ပြီးနောက် ၂၀၁၈အတွက် စစ်မှန်သောမြန်မာ့အလှနှင့် ရင်သပ်ရှုမောဖွယ် ဆံကေသာအလှပိုင်ရှင်ကို ရှာဖွေနေသည်။ Palmolive ကို ကိုယ်စားပြုသောနက်ရှိုင်း သောသဘာဝအလှတရားနှင့် သန်စွမ်းလှပသောဆံကေသာပိုင်ရှင်အမျိုးသမီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရှာဖွေနေပြီး Final prize ဆုယ်သိန်းနှင့် အခြားဆုများအပါအဝင် သိန်းနှစ်ဆယ်ကျော်ကို ချီးမြှင့်မည်ဖြစ်သည်။

ဒုတိယအကြိမ်မြောက်ရွေးချယ်ခံရသော Miss Palmolive Myanmar အနေဖြင့် October လပြိုင်ပွဲအဆုံးအဖြတ်အပြီးတွင် ဆုငွေကျပ်ဆယ်သိန်းရရှိပြီး Palmolive Myanmar ၏ Facebook page တွင် အထူးဖော်ပြခြင်းခံရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် ယခုနှစ်အတွက် Miss Palmolive Myanmar ဖြစ်လာနိုင်ရန် Palmolive's Myanmar Facebook page (www.facebook.com/PalmoliveMyanmar) ကို like လုပ်ပြီး မိမိ၏မကြာသေးမီက ရိုက်ထားသော မြန်မာဆန်ဆန်ရှည်လျားပြီး ကျန်းမာသန်စွမ်းသော ဆံကေသာအလှကို ပေါ်လွင်စေမည့်ပုံကို ၎င်း page တွင် တင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ရန် စက်တင်ဘာလ(၁၃)ရက်မှ စတင်ကာ အောက်တိုဘာလ (၁၅)ရက်နေ့နောက်ဆုံးထိစာရင်းပေးသွင်းနိုင်ပြီး "Miss Palmolive Myanmar 2018" ဆုရရှိသူကို အောက်တိုဘာလ (၂၄)ရက်နေ့ ၂၀၁၈တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

အမေရိကန်ကော်ဖီဆိုင် The Coffee Bean & Tea Leaf® ၏ ဆိုင်ခွဲသစ်ကို မြန်မာပလာဇာ၌ ဖွင့်လှစ်

၁၉၆၃ခုနှစ် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ပထမဆုံး စတင်ဖွင့်လှစ်ခဲ့ပြီးလက်ရှိအချိန်၌ကမ္ဘာ့ထိပ်တန်း Coffee & Tea Franchise Brand အဖြစ်ရပ်တည်လျက်ရှိသည့် The Coffee Bean & Tea Leaf(CBTL) ၏(၄)ဆိုင်မြောက်ဆိုင်ခွဲကို ရန်ကုန်မြို့မြန်မာပလာဇာ၌စက်တင်ဘာလ ၁၅ ရက်နေ့ကဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

CBTL အနေဖြင့် အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့တစ်ဝန်းတွင်ဆိုင်ခွဲပေါင်း ၁၄၀၀ ကျော်ဖွင့်လှစ်ရောင်းချလျက်ရှိနေပြီး မြန်မာနိုင်ငံရှိဆိုင်ခွဲများ၌လည်း ကမ္ဘာ့အနှံ့မှအကောင်းဆုံးသောကုန်ကြမ်းပစ္စည်းများကို အသုံးပြုပြီးအမေရိကန်နိုင်ငံတွင် ထုတ်လုပ်ထားသည့် ကော်ဖီစေ့နှင့်လက်ဖက်ခြောက်များကို မလေးရှားနိုင်ငံတွင်သင်တန်းတက်ရောက်ထားကြသည့် ကျွမ်းကျင်မြန်မာ Coffee Master/ Barista များကိုယ်တိုင်ဖန်တီးဖျော်စပ်ထားသည့် အရည်အသွေးမြင့် Coffee နှင့် Tea Drinks များကို သန့်ရှင်းသပ်ရပ်ပြီး စွဲဆောင်မှုရှိသည့် အမေရိကန်နိုင်ငံ၊ တောင်ပိုင်းကယ်လီဖိုးနီးယား(Southern California) ဒေသ၏ ပျော်ရွှင်ကြည်နူးဖွယ်လူနေမှုပုံစံ ဖန်တီးထားသည့်ဆိုင်နေရာ အခင်းအကျင်းတွင်နွေးထွေးသောဝန်ဆောင်မှုများဖြင့် ပေးအပ်သွားမည်ဖြစ်ပြီး လူနေမှုဘဝပုံစံများပြောင်းလဲလျက်ရှိကာ အဆင့်မြင့်ကော်ဖီအရသာများကို ခံစားသောက်သုံးလာသည့် ယဉ်ကျေးမှုထွန်းကားနေသည့် မြန်မာနိုင်ငံတွင်ယနေ့ဖွင့်လှစ်လိုက်သည့် မြန်မာပလာဇာဆိုင်ခွဲအပါအဝင် CBTL ဆိုင်ခွဲပေါင်း (၄)ဆိုင်ရှိသွားပြီဖြစ်ပြီး မကြာမီတွင်ဆိုင်ခွဲသစ်များ ထပ်မံဖွင့်လှစ်သွားရန်လည်းရှိနေကြောင်း သိရသည်။

ကျော်ကျော်

တေးဂီတ Campaign ဖြစ်သော 'Tuborg Open' အားမိတ်ဆက်

Tuborg မှ ဆီဗိုးနားဟိုတယ်၊ Grand Ballroom တွင်စက်တင်ဘာလ ၁၄ ရက်ကကျင်းပခဲ့သောအခမ်းအနား၌ 'Tuborg Open' ဟုအမည်ရသည့် ကမ္ဘာ့လုံးဆိုင်ရာတေးဂီတ Campaign အားမိတ်ဆက်ခဲ့သည်။ အဆိုပါ Campaign အရ Tuborg ၏ မြန်မာနိုင်ငံအတွက် အမှတ်တံဆိပ်သံတမန်များ (Funbassadors) ဖြစ်သောရေချမ်း(Idiots) နှင့် Sophia Everest တို့သည် နာမည်ကျော်နိုင်ငံတကာ ဂီတပညာရှင်များနှင့်တွဲဖက်၍ တေးသီချင်းတစ်ပုဒ်အားဖန်တီးခွင့်ရရှိခဲ့သည်။ ထိုအပြင် Tuborg မှအသစ်ပြောင်းလဲ ဖန်တီးထားသောဒီဇိုင်းအသစ်နှင့် မကြာမီပြုလုပ်ကျင်းပသွားမည့် တေးဂီတဖျော်ဖြေပွဲအပါအဝင်လတ်တလော ဆန်းသစ်တီထွင်မှုများနှင့် အစီအစဉ်များအကြောင်းကိုလည်း အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

စားသုံးသူများအနေနှင့် ဆန်းသစ်သောအရာများကို စူးစမ်းလေ့လာခြင်းမှတဆင့် အတွေ့အကြုံသစ်များရရှိစေနိုင်ကြောင်း တိုက်တွန်းလိုသောရည်ရွယ်ချက်ဖြင့် 'Tuborg Open' Campaign အားပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နာမည်ကျော် တေးဂီတ ပညာရှင်များသည်မတူညီသော နိုင်ငံတကာနှင့် မြန်မာ့ရိုးရာဂီတ တူရိယာတေးသံစဉ်များအားအသုံးပြု၍ "Stay Open" ဟူသောအမှာ စကားနှင့်အညီတေးသီချင်းအား လက်တွဲဖန်တီးနိုင်ခဲ့သည်။ ပရိသတ်များအနေနှင့် အဆိုပါတေးသီချင်းတွင် ရေချမ်း(Idiots) နှင့် Sophia Everset တို့၏ကိုယ်ပိုင်သီဆိုဟန်များ အပြင်ကိုဗီရာမိုရ်၏နိုင်ငံတကာတေးသီချင်းတစ်ပုဒ်အားမြန်မာ့ရိုးရာတေးဂီတသံစဉ်များဖြင့် ပေါင်းစပ်ဖန်တီးမှုများကိုလည်း နားဆင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

CERELAC "စားကြစို့" ပွဲတော်များကိုပြုလုပ်ကျင်းပလျက်ရှိ

CERELAC "စားကြစို့" အသိပညာပေးပွဲတော်များကို မြန်မာနိုင်ငံရှိမြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

Junction City ၌ကျင်းပပြုလုပ်ခဲ့သော CERELAC "စားကြစို့"၊ အသိပညာပေးပွဲတော်သို့ စာနယ်ဇင်းများ၊ အနုပညာရှင်မိဘများဖြစ်ကြသည့် ပိုင်ဇေရဲထွန်းနှင့်ဇနီးတို့တက်ရောက်ခဲ့ကြသည်။ CERELAC က လေးဖြည့်စွက်စာ Cereal သည်အရည်အသွေးပြည့်မီပြီး ကောင်းမွန်သောအာဟာရကို ပေးစွမ်းလျက်ရှိသော နက်စလေထုတ်ကုန်များထဲမှ တစ်ခုဖြစ်သည်။ ထိုပွဲတွင်နက်စလေကလေးအာဟာရ လုပ်ငန်းစု၏ Country Business Manager ဖြစ်သူ Mrs. Maila Ailah Capanzana မှ CERELAC "စားကြစို့" အသိပညာပေးပွဲတော်များကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် မိသားစုတစ်ခုလုံးအတွက်သာမက ကလေးများအတွက်ရည်ရွယ်သည့် အစားအစာဆိုင်ရာအသိပညာ၊ ဗဟုသုတအစီအစဉ်များအကြောင်းကို ရှင်းလင်းတင်ပြသွားခဲ့သည်။

CERELAC "စားကြစို့" ပွဲတော်များကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များရှိဈေးဝယ်စင်တာများတွင် ကျင်းပပြုလုပ်ခဲ့ပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ရန်ကုန်နှင့် မန္တလေးမြို့များတွင်ထပ်မံကျင်းပရန်ရှိကြောင်းသိရသည်။

ကျော်ကျော်

မြောက်ကိုရီးယားမှ နျူးကလီးယားဒုံးလက်နက်စမ်းသပ်သည့် နေရာတစ်ခုပိတ်ရန် သဘောတူ

နျူးကလီးယားလက်နက်စမ်းသပ်သည့်နေရာများထဲမှ တစ်ခုကို အပြီး သတ်ပိတ်သိမ်းရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်းက သဘောတူလိုက်သည်ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းကပြောသည်။

မြောက်ကိုရီးယားမြို့တော် ပြုံယမ်းတွေ့ဆုံပွဲတွင် နျူးကလီးယားဖျက်သိမ်းရေး အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် နှစ်ဘက်ခေါင်းဆောင်များက သဘောတူခဲ့သည်ဟု သိရသည်။ ယခုသဘောတူညီမှုသည် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးအတွက် ရှေ့ကို ဦးတည်သည့် မြန်ဆန်သော ခြေလှမ်းတစ်ခုဖြစ်သည်ဟု ကင်ကပြောသည်။ ဆိုးလ်မြို့ကိုလည်း မကြာတော့သည့်အနာဂတ်တွင် သွားရောက်ရန်မျှော်လင့်သည်ဟု ကင်ကပြောသည်။

မြောက်ကိုရီးယားနျူးကလီးယားဖျက်သိမ်းရေးအစီအစဉ်ကို ဆွေးနွေးရန် တောင်နှင့် မြောက် ခေါင်းဆောင်နှစ်ယောက်သည် ပြုံယမ်းတွင် ပထမဆုံးတွေ့ဆုံနေခြင်းဖြစ်သည်။ ယခုနှစ်ဧပြီလနှင့် မေလတွင် သမ္မတမွန်ဂျေအင်းနှင့် ခေါင်းဆောင်ကင်ဂျုံအွန်းတို့ တောင်နှင့်မြောက်နှစ်နိုင်ငံနယ်စပ်တွင် တွေ့ဆုံခဲ့စဉ်က နျူးကလီးယားဖျက်သိမ်းရေးကိစ္စကို ဆွေးနွေးခဲ့ခြင်းမရှိပါ။ ယခုခရီးစဉ်သည် အရေးပါသည့်ခရီးစဉ်လည်းဖြစ်သည်။

လရောင်

တရားသူကြီးအဖြစ် အဆိုပြုခံထားရသူအား အမျိုးသမီးတစ်ဦး စွပ်စွဲ

အမေရိကန်တရားရုံးချုပ်တရားသူကြီးအဖြစ် သမ္မတမှ အဆိုပြုထားသည့် ဘရက်ကာဗန်နော့ဗ်သည် ကိုယ်ထိလက်ရောက်ကျူးလွန်သူများ ပြုလုပ်ခဲ့ကြောင်း အမျိုးသမီးတစ်ဦးမှ စွပ်စွဲပြောကြားလိုက်သည်။ မစ္စတာကာဗန်အနေဖြင့် ဆယ်ကျော်သက်အရွယ်တွင် ၎င်းကို အိပ်ယာထဲသို့ဆွဲလှဲပြီး အဝတ်အစားများကိုချွတ်ရန် ကြိုးစားခဲ့ကြောင်း ထိုအမျိုးသမီးမှ ပြောကြားခဲ့သည်။

ထွက်ပေါ်လာသည့် စွပ်စွဲပြောကြားချက်များကို မစ္စတာကာဗန်ကငြင်းဆိုထားသည်။ အထက်လွှတ်တော်မှ စစ်ဆေးကော်မတီအနေဖြင့်မစ္စတာကာဗန်နှင့် မစ္စဖိုဒ်ကိုပါ မေးမြန်းရန်ဆောင်ရွက်နေသည်။ ဆီးနိတ်ကော်မတီအနေဖြင့် တရားရုံးချုပ်တရားသူကြီးအနေဖြင့် ခန့်အပ်ခံရမည့်သူ၏ နောက်ကြောင်းရာဇဝင်စစ်ဆေးမှုအတွက် နှစ်ဘက်စလုံးကို မေးမြန်းရန် ဆောင်ရွက်နေကြောင်း အထက်လွှတ်တော်အမတ်မှ ပြောသည်။

တရားရုံးချုပ်တရားသူကြီးအဖြစ် သမ္မတထရမ့်မှ အဆိုပြုထားသည့် အသက် ၅၃နှစ်အရွယ် မစ္စတာကာဗန်ကို ဆီးနိတ်ကော်မတီမှ ၄ရက်ကြာ မေးမြန်းမှုများလည်း ပြီးဆုံးသွားပြီဖြစ်သည်။ တရားသူကြီးအဖြစ်ခန့်အပ်ရန်ကို အထက်လွှတ်တော်မှ မဲပေးရွေးချယ်နိုင်ရန်အတွက် ယခုစစ်ဆေးရေးကော်မတီမှ မဲပေးဆုံးဖြတ်ကြရန်လည်းရှိသည်။

လရောင်

တရုတ်ပြည်တွင် အင်အားပြင်းတိုက်ဖွန်းကြောင့် သေဆုံးသူများရှိလာ

ဆယ်စုနှစ်အတွင်း အာရှဒေသတွင် အင်အားအကြီးမားဆုံး မုန်တိုင်းဖြစ်သည့် တိုက်ဖွန်း မန်ခွတ်သည် ယခုအခါတွင် တရုတ်နိုင်ငံတောင်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့သည်။ တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တွင် မုန်တိုင်းဒဏ်ကြောင့်လူနှစ်ဦးသေဆုံးခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ထားသည်။ ထိုပြည်နယ်တွင်ရှိသည့် ဟိုင်နန်ကျွန်းပေါ်မှ လူနှစ်သန်းခွဲကို အရေးပေါ်ကယ်ဆယ်မှုများ ပြုလုပ်ထားရသည်ဟု သတင်းများတွင်ဖော်ပြထားသည်။

ဟောင်ကောင်တွင် မုန်တိုင်းဒဏ်ကြောင့် အဆောက်အဦအများအပြားပျက်စီးဆုံးရှုံးခဲ့ခြင်းကြောင့် လမ်းများကို ပိတ်ထားရသည်။ မန်ခွတ်မုန်တိုင်းသည် ကုန်တွင်းပိုင်းကို ရွေ့လျားနေပြီး မကြာမီအချိန်တွင် ကွမ်ကျိုး၊ ချုံချင်းနှင့် ယူနန်ပြည်နယ်သို့ ရောက်ရှိနိုင်သည်။

ဖိလစ်ပိုင်နိုင်ငံ အီတိုဂွမ်နှင့် ဘန်ဂွဲပြည်နယ်တွင် မုန်တိုင်းဒဏ်ကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး သတ္တုတွင်းလုပ်သား ၃၃ဦးသေဆုံးခဲ့ရသည်။ ၂၉ဦးသည်လည်း ပျောက်ဆုံးနေပြီး ဆက်လက်ရှာဖွေမှုများပြုလုပ်နေပြီး သေဆုံးသူအရေအတွက်တိုးလာနိုင်သည်ဟု အီတိုဂွမ်မြို့တော်ဝန်ကပြောသည်။

ဟောင်ကောင်လူမှုကွန်ယက်မီဒီယာများတွင် မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ပြိုကျပျက်စီးနေသည်ကို မြင်တွေ့နိုင်သည်။ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း ပိတ်ထားရပြီး လေယာဉ်ခရီးစဉ်များနှင့် သင်္ဘောခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရသည်။

စတင်ဝင်ရောက်ချိန်တွင် မန်ခွတ်သည် တစ်နာရီကို လေတိုက်နှုန်းမိုင် ၁၁၀နှုန်းဖြင့် တိုက်ခိုက်ခဲ့သည်ဟု တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။ မုန်တိုင်းအန္တရာယ်တွင် ကျရောက်နေသည့်သူများကို အပြင်မထွက်ကြရန် သတိပေးချက်များထုတ်ပြန်ထားသည်။ လရောင်

အမေရိကန်မှ တရုတ်ကို အခွန်နှုန်းထားသစ်များချမှတ်

အမေရိကန်သည် ဒေါ်လာဘီလီယံ (၂၀၀)တန်ဖိုးရှိသည့် သွင်းကုန်ပစ္စည်းများအပေါ်တွင် အခွန်နှုန်းထားအသစ်များ ချမှတ်ကောက်ခံတော့မည်ဖြစ်သည်။ ကုန်သွယ်ရေးစစ်ပွဲကို တိုးမြှင့်လိုက်ခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောဆိုလိုက်သည်။ ယခုမြှင့်တင်လိုက်သည့် အခွန်နှုန်းထားအသစ်များထဲတွင် ကုန်ပစ္စည်းအမျိုးအစားပေါင်း (၆၀၀၀)နီးပါးပါဝင်မည်ဖြစ်ပြီး အမေရိကန်မှ အကြီးဆုံးအခွန်ကို တိုးမြှင့်ကောက်ခံလိုက်ခြင်းလည်းဖြစ်သည်။

တိုးမြှင့်ကောက်ခံလိုက်သည့်အခွန်နှုန်းထားသစ်များထဲတွင် လက်ကိုင်အိတ်၊ ဆန်နှင့် အဝတ်အထည်ကုန်ပစ္စည်းများအပေါ်တွင် အခွန်နှုန်းထားတိုးမြှင့်မည်ဖြစ်ပြီး စမတ်နာရီကဲ့သို့ နည်းပညာကုန်ပစ္စည်းအချို့နှင့် လူသုံးကုန်ပစ္စည်းအချို့ အခွန်တိုးမြှင့်မည့်အထဲတွင် ပါဝင်ခြင်းမရှိပါ။

တရုတ်နိုင်ငံအနေဖြင့်လည်း အမေရိကန်တို့၏ အခွန်တိုးမြှင့်ကောက်ခံမှုကို တုံ့ပြန်မည်ဟု အစဉ်တစိုက်ပြောဆိုခဲ့သည်။ ယခုအသစ်ချမှတ်လိုက်သည့် အခွန်တိုးမြှင့်မှုကို မည်သို့တုံ့ပြန်မည်ကို ပြန်လည်ပြောဆိုထားခြင်းမရှိပါ။

စက်တင်ဘာ (၂၄)ရက်မှစပြီး အခွန်နှုန်းထားသစ်များကို ကျင့်သုံးမည်ဖြစ်သည်။ စတင်ချိန်တွင် (၁၀) ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား သဘောတူညီမှုမရခဲ့လျှင် နောင်နှစ်တွင် (၂၅)ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် မျှတမှုမရှိသည့် ကုန်သွယ်ရေးစနစ်ကျင့်သုံးခြင်းများ၊ အစိုးရမှ ထောက်ပံ့မှုပေးနေသည့် ကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံခြားမိတ်ဖက်ကုမ္ပဏီများ ဝင်ရောက်ရာတွင်ကျင့်သုံးရသည့် အစိုးရ၏ ဥပဒေများသည် မမျှတသည့်အတွက် တုံ့ပြန်ရခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။

တရုတ်နိုင်ငံအနေဖြင့် မည်သို့သောအကြောင်းအရာများကို ပြုပြင်ပြောင်းလဲရမည်ဆိုခြင်းကို အမေရိကန်နိုင်ငံအနေဖြင့် ပြောဆိုထားပြီးဖြစ်သည်။ အမေရိကန်ကို မျှတစွာဆက်ဆံရေးလုပ်နိုင်ရန်အတွက် ပြင်ဆင်နိုင်စရာများကို ပြင်ဆင်ရန် အခွင့်အရေးပေးပြီးဟု ထရမ့်က ပြောသည်။ ထရမ်း၏ ပြောဆိုမှုအတိုင်း လုပ်ဆောင်လာမည်ဆိုလျှင် တရုတ်၏ သွင်းကုန်များအားလုံးနီးပါး ဥပဒေသစ်အရ အခွန်ပေးဆောင်ရတော့မည်ဖြစ်သည်။

လရောင်

ရေချိုသုံးစွဲပမာဏနှင့် ဆက်စပ်နေသည့် အစားအသောက်ပုံစံ

ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်အဟာရမျိုးကို ပြောင်းလဲစားသုံးခြင်းဖြင့် အစားအသောက်ထုတ်လုပ်သည့်အခါ သုံးစွဲရသည့် ရေပမာဏကိုလည်း ၅၅ရာခိုင်နှုန်းချွေတာရရောက်ကြောင်းကိုလည်း လေ့လာဆန်းစစ်မှုအသစ်တစ်ရပ်က ဆိုသည်။ အသားမစားဘဲ အသီးအရွက်များသာ ပြောင်းလဲစားမည်ဆိုလျှင် water footprint ဟုခေါ်သော ရေချိုသုံးစွဲမှုပမာဏ လျှော့နည်းနိုင်မည်ဖြစ်သည်။

လူတစ်ယောက်ချင်းစီအတွက် ကျန်းမာရေးကိုလည်းကောင်း၊ ရေဖြုန်းတီးမှုကိုလည်း သက်သာစေနိုင်သည့် အစာအဟာရမျိုးများ ပြောင်းလဲစားသုံးခြင်းသည် အားလုံးအတွက် အကျိုးရှိစေမည့်အခြေအနေဟု ဥရောပယူးတွဲ

သုတေသနကော်မရှင်မှ ပြောသည်။

သုတေသနလုပ်ဆောင်ရာတွင် ထွက်ပေါ်လာသည့် အချက်များမှာ ယူကေတွင် လူများ၏ စားသောက်မှုမှ ရေသုံးစွဲမှုသည် တစ်နေ့လျှင် ၂၇၅၇ လီတာ၊ ဂျာမဏီတွင် ၂၉၂၉လီတာ၊ ပြင်သစ်တွင် ၃၈၆၁လီတာ သုံးစွဲခဲ့သည်။ အသားကို သင့်တင့်မျှတစွာစားသုံးပြီး ကျန်းမာရေးနှင့် ပြည့်စုံစေမည့် စားသောက်ပုံမျိုးကို ပြောင်းလဲလိုက်လျှင် ရေသုံးစွဲမှု ၁၁မှ ၃၅ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်။

အမဲ၊ ကြက်နှင့် ဝက်စသည့်အသားများမစားတော့ဘဲ ငါးနှင့်ပုဇွန်သာ ဆက်စားမည်ဆိုလျှင် ရေသုံးစွဲမှု ၃၃မှ ၃၅ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်။ အသီးအရွက်တစ်မျိုးတည်းကိုသာ စားသုံးလျှင် ရေသုံးစွဲမှု ၅၅ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်။

အစားအသောက်ထုတ်လုပ်ရာတွင် ရေပမာဏမည်မျှကို သုံးစွဲရမည်ဆိုသည့်အပေါ် လူများအားရုံစိုက်အလေးထားမှု နည်းပါးလှသည်။ မွေးမြူရေးလုပ်ငန်းတွင် ရေပမာဏအမြောက်အမြားသုံးစွဲနေရပြီး ဆီနှင့် သကြားတို့လိုပစ္စည်းများထုတ်လုပ်ရာတွင်လည်း ရေချိုသုံးစွဲမှု ပမာဏမြင့်မားပြီး အသီးအနှံစိုက်ပျိုးရေးတွင်သုံးစွဲရသည့် ရေပမာဏနှင့် ယှဉ်လျှင်နည်းပါကြောင်း သုတေသနက ဖော်ပြထားသည်။

အစားအသောက်ပုံစံပြောင်းလဲလာအောင် တိုက်တွန်းပြီး ကျန်းမာရေးနှင့် မညီညွတ်စေသည့်အရာများကို အခွန်တိုးကောက်ခြင်း၊ အစားအသောက်များကိုထုတ်ပိုးသည့်အခါတွင် ပါဝင်သည့်အဟာရနှင့် ပတ်သက်ပြီး တိကျမှန်ကန်ပြည့်စုံသည့် စာတမ်းထိုးခြင်း တံဆိပ်ကပ်ခြင်းများ ပြုလုပ်သင့်သည်ဟု သုတေသနက အကြံပြုထားသည်။

လရောင်

ရဝမ်တာနိုင်ငံမှ ထောင် ၁၅နှစ်ကျနေသည့် အတိုက်အခံခေါင်းဆောင် ပြန်လွတ်လာ

ရဝမ်တာနိုင်ငံတွင် အကြမ်းဖက်မှုအပါအဝင် အခြားဖြစ်မှုများနှင့် ထောင် ၁၅နှစ်ကျနေသည့် အတိုက်အခံခေါင်းဆောင် ဗစ်တွားအင်ဂါဘီကို သမ္မတပေါလ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။ ၎င်းနှင့်အတူ အခြားသော အကျဉ်းသား ၂၀၀၀ကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ယခုလွတ်မြောက်လာသည့် ရဝမ်တာတွင် ထင်ရှားသည့်အတိုက်အခံ ဗစ်တွားအင်ဂါဘီသည် FDU Inkingi ပါတီမှဖြစ်ပြီး နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်မှု၊ ၁၉၉၄လူမျိုးတုံးသတ်ဖြတ်မှုကို သေးနုတ်သိမ်ငယ်သွားရန် လုပ်ဆောင်မှုစသည့် အမှုကိစ္စများကြောင့် ထောင် ၁၅နှစ်ပြစ်ဒဏ်ကျခံရခြင်းလည်းဖြစ်သည်။

သမ္မတပေါလ်ကို ထိပ်ဆုံးမှ ဝေဖန်နေသူဖြစ်ပြီး သူ့အပေါ် အပြစ်ဒဏ်ချမှတ်ခြင်းသည် နိုင်ငံရေးပရောဂဆက်နွယ်နေသည်ဟု အင်ဂါဘီမှ ပြောသည်။ မစ္စတာပေါလ်နိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည့်အပေါ်တွင် ချီးမွမ်းခံနေရပြီး လူ့အခွင့်အရေးကိစ္စတွင် စွပ်စွဲပြောဆိုမှုများကိုလည်း ကြုံတွေ့နေရသည်။ ယခင်နှစ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ၉၈.၈ရာခိုင်နှုန်းဖြင့် တတိယအကြိမ်သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရပြီး ထိုရွေးကောက်ပွဲသည် အစစ်အမှန်မဟုတ်ဟု ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများက ပြောသည်။

ယခုလွတ်လာသည့် ဗင်ကာဘီသည် သမ္မတကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပြီး ယခုလိုလွတ်လာရခြင်းသည်။ ရဝမ်တာနိုင်ငံရေးလမ်းပွင့်မှု၏ အစဖြစ်မည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောသည်။ တရားရေးဝန်ကြီးမှ ယခုလိုပြန်လွှတ်ခြင်းသည် နိုင်ငံရေးနှင့် မသက်ဆိုင်ဟုပြောဆိုခဲ့သည်။

လရောင်

စစ်အေးခေတ်နောက်ပိုင်း ရုရှား၏ အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှု

ရုရှားနိုင်ငံသည် စစ်အေးခေတ်နောက်ပိုင်းအကြီးမားဆုံးပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုကို စစ်သည်အင်အား သုံးသိန်းဝန်ကျင်ဖြင့် ဆိုက်ဘေးရီးယား အရှေ့ပိုင်းတွင်း စတင်ပြုလုပ်နေပြီဖြစ်သည်။ ဗော့စေတော့ ၂၀၁၈ဟုအမည်ပေးထားသည့် ထိုစစ်ရေးလေ့ကျင့်မှုတွင် တရုတ်နိုင်ငံလည်း ပူးပေါင်းပါဝင်ခဲ့သည်။

တရုတ်စစ်တပ်မှ သံချပ်ကာကားများ၊ လေယာဉ်ပျံများအပါအဝင် စစ်သည်အင်အား ၃၂၀၀ကိုလည်း ထိုလေ့ကျင့်မှုတွင် ပါဝင်ရန်စေလွှတ်ထားသည်။ မွန်ဂိုလီယားမှလည်း တပ်အင်အားအချို့စေလွှတ်ခဲ့သည်။ ရုရှားသည် ယခုလိုအင်အား ပမာဏမျိုးသုံးပြီး စစ်ရေးလေ့ကျင့်မှု နောက်ဆုံးပြုလုပ်ခဲ့သည့်အချိန်သည် ၁၉၈၁ခုနှစ်က ဖြစ်သည်။

နေတိုးစစ်ရေး မဟာမိတ်အဖွဲ့နှင့် ရုရှားအကြားတင်းမာမှုများ မြင့်တက်နေချိန်တွင် ယခုလိုစစ်ရေးလေ့ကျင့်မှုကို အချိန်ကာလကြာမြင့်စွာပြုလုပ်မည်ဖြစ်သည်။ ရုရှား-တရုတ်စစ်ရေးလေ့ကျင့်မှု စတင်ချိန်တွင် ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ ဗလာဒီဗော့စတော့မြို့ ဖိုရမ်အစည်းအဝေးတွင်တွေ့ဆုံခဲ့သည်။

ရုရှားနှင့် တရုတ်အကြား နိုင်ငံရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် အပြန်အလှန်ယုံကြည်စိတ်ချမှု ရှိကြသည်ဟု သမ္မတပူတင်ကပြောသည်။ ဗော့စေတော့၂၀၁၈စစ်ရေးလေ့ကျင့်မှုတွင် တင်ကားပေါင်း ၃၆၀၀၀နှင့် လူတင်သံချပ်ကာကား၊ တိုက်ခိုက်ရေး သံချပ်ကာကားများလည်းပါဝင်သည်။ လေယာဉ်၊ ရဟတ်ယာဉ်အဆင်းရေ ၁၀၀၀၀ကျော်လည်း ပါဝင်မည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ လရောင်

လူသေဆုံးမှုနှင့် ဆက်စပ်သူ ၇၅ဦးကို သေဒဏ်ပေး

အီဂျစ်နိုင်ငံတွင် ၂၀၁၃ခုနှစ် သမ္မတမိုဟာမတ်မော်ဆီ ထွက်သွားပြီးနောက် ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲတွင် လူအများကို သတ်ဖြတ်ခဲ့ခြင်းနှင့် ပတ်သက်သည့် လူ ၇၀၀ကျော်ကို တရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်သည်။

ယခုလို ချမှတ်လိုက်ရာတွင် အစ္စလာမစ်ဝါဒီ ခေါင်းဆောင်များအပါအဝင် လူ ၇၅ဦးကို သေဒဏ်ချမှတ်ခဲ့ပြီး ၄၇ဦးကို ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်လိုက်သည်။ အကြမ်းဖက်မှုကို အားပေးလှုံ့ဆော်မှု၊ လူသတ်မှုနှင့် တရားမဝင်ဆန္ဒပြရန် စည်းရုံးလှုံ့ဆော်မှုများဖြင့် စွပ်စွဲခံရသူအများစုက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည်ဟု ဆိုသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာအဖွဲ့မှ ယခုပြစ်ဒဏ်ကို မတရားဟုပြောဆိုလိုက်ပြီး အခြေခံဥပဒေကို ချိုးဖောက်သည်ဟု ဝေဖန်လိုက်သည်။ ပြစ်ဒဏ်ချမှတ်ခံရသူများတွင် ရဲတပ်ဖွဲ့ဝင်များ ပါဝင်ခြင်းမရှိဟု ထိုအဖွဲ့မှ ဆိုသည်။ ထိုဆန္ဒပြခဲ့ရာတွင် အီဂျစ်စစ်တပ်နှင့် ရဲတပ်ဖွဲ့မှ လူစုခွဲပြီး ရာနှင့်ချီသောလူများကို ဖမ်းဆီးခဲ့သည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အီဂျစ်လုံခြုံရေးတပ်ဖွဲ့သည် အနည်းဆုံးလူ ၈၀၀ကျော်သတ်ဖြတ်ခဲ့သည်ဟု ပြောဆိုထားသည်။

အစိုးရမှ ဆန္ဒပြသူအများစုသည် လက်နက်ကိုင်ထားပြီး ရဲတပ်ဖွဲ့ဝင် ၄၃ဦးကို သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။ ၂၀၁၃ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၆ ဇန်နဝါရီလအတွင်း စစ်တပ်အရာရှိများ၏ အကြမ်းဖက်နှိမ်နင်းခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ အပြစ်ပေးအရေးယူတာကို အီဂျစ်လွှတ်တော်မှ ယခုနှစ်အစောပိုင်းတွင်း ကင်းလွတ်ခွင့် ပြုထားသည်။

လရောင်

တောင်ကိုရီးယားသမ္မတ ပြုံယမ်းအားကစားကွင်းတွင် မိန့်ခွန်းပြော

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် မြောက်ကိုရီးယားလူထုအားကစားပွဲကို တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည့် ပထမဦးဆုံး ကိုရီးယားခေါင်းဆောင်ဖြစ်သည်။ ပြုံယမ်းမြို့တွင် စက်တင်ဘာ ၁၉ရက် ညနေပိုင်းက တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံသည် စစ်မဖြစ်ခင်ကလို တစ်နိုင်ငံတည်းပြန်ဖြစ်သင့်ဟု ၇မိနစ်အကြာမိန့်ခွန်းတွင် မွန်ဂျေအင်းက ပြောကြားခဲ့သည်။ သမ္မတမွန်၏ ၃ရက်ခရီးစဉ်တွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအွန်းနှင့် သမိုင်းဝင်သဘောတူညီမှုလက်မှတ်ထိုးနိုင်ခဲ့သည်။

အေရီယန်းအားကစားပွဲသည် မြောက်ကိုရီးယား၏ အကြီးဆုံးဝါဒဖြန့်ပွဲကြီးတစ်ခုဖြစ်သည်။ အင်မတန်လှပ ဆန်းပြားသည့် အကအခုန်ကျွမ်းဘားကွက်များနှင့် ကိုရီးယားသမိုင်းဒဏ္ဍာရီများကို ဖော်ကျူးသည့် ထိုပွဲကိုလူထောင်သောင်းချီပါဝင်ကြသည်။ ယခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံ ထူထောင်ခြင်း နှစ် ၇၀ပြည့်အခမ်းအနားကို ဆင်နွှဲနေကြသည်။

အနုမြူလက်နက် ဖျက်သိမ်းရေးအကြောင်းကိုလည်း မိန့်ခွန်းတွင် ထည့်ဝင်ပြောကြားသွားသည်။ ထိုလက်နက်ကိုလည်း လုံးဝဖျက်ပစ်ရမည်ဟုလည်း တောင်းဆိုခဲ့သည်။ နှစ်ပေါင်းများစွာ မကျင်းပဖြစ်ခဲ့သည့် အေရီယန်းအားကစားပွဲသည် မြောက်ကိုရီးယား၏ ပြည်တွင်းဝါဒဖြန့်ချိပွဲတွင် အရေးကြီးသည့် ညီညွတ်မှု၊ ခေါင်းဆောင်၏ ကြီးမြတ်မှုနှင့် သမိုင်းကြောင်းများကို ဖော်ထုတ်သည့်ပွဲလည်းဖြစ်သည်။

မွန်ဂျေအင်းသည် မြောက်ကိုရီးယားမှ ပြန်ချိန် လေဆိပ်တွင် လိုက်ပို့သူများကို ဦးညွှတ်နှုတ်ဆက်ခြင်းသည်လည်း ထိုနိုင်ငံထဲတွင် ဂယက်ရိုက်ကျန်ခဲ့သည်။ ယခုလိုခေါင်းကိုကွေးညွှတ်ပြီး နှုတ်ဆက်ခြင်းသည် မြောက်ကိုရီးယားတွင် နိုင်ငံသားများမှ ခေါင်းဆောင်များကို နှုတ်ဆက်ခြင်းဖြစ်ပြီး ခေါင်းဆောင်များက နှုတ်ဆက်ရခြင်းမဟုတ်ဟု မြောက်ကိုရီးယားမှ ထွက်ပြေးလာသူတစ်ယောက်ကဆိုသည်။

လရောင်

ဩစတေးလျတွင် ထိတ်လန့်နေသည့် စတော်ဘယ်ရီသီးထဲမှ အပ်

ဩစတေးလျနိုင်ငံမှပန်းသီး၊ ငှက်ပျောသီးနှင့် စတော်ဘယ်ရီသီးများထဲတွင် ချုပ်အပ်များရှာဖွေတွေ့ရှိခဲ့သည်ဟု ရဲမှထုတ်ဖော်ပြောကြားခဲ့ပြီး လူထုများအကြား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဩစတေးလျနိုင်ငံမှ ဒေသအသီးသီးတွင် စတော်ဘယ်ရီခြင်းများထဲမှ အပ်များဖွက်ထားသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ယခုလိုစားစရာများထဲတွင်အပ်များရှာတွေ့သည့်ကိစ္စသည် အင်မတန်ကြောက်စရာကောင်းသည့် ကိစ္စဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဖော်ပြောကြားထားသည်။

ယခုအချိန်တွင် ဆစ်ဒနီမြို့က စတော်ဘယ်ရီခြင်းများနှင့် ငှက်ပျော်ခြင်းများကို သီးသန့်ခွဲခြားထားလိုက်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောသည်။ စတော်ဘယ်ရီသီးများထဲတွင် အပ်များပါလာသည့်ကိစ္စသည် နယူးဆောက်ဝေးပြည်နယ်တစ်ခုတွင် အမှု ၂၀မျှရှိကြောင်း ရဲတပ်ဖွဲ့မှပြောသည်။

ထို့နောက် အသီးအနှံများထဲတွင် အပ်ပါလာသည့်အမှုသည် ဗိတိုရိယပြည်နယ် မြို့တော်ကင်ဘာရာဒေသတစ်ဝိုက်၊ နိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများထိ ပျံ့နှံ့သွားခဲ့သည်။ စတော်ဘယ်ရီထုတ်လုပ်သည့် အမှတ်တံဆိပ်အချို့လည်းသူတို့၏ ထုတ်ကုန်များကို ပြန်လည်သိမ်းဆည်းခဲ့သည်။

လရောင်

ရုရှားလေယာဉ်များယွင်း ပစ်ချခံရမှုနှင့် ပတ်သက်သည့် အချက်အလက်များ မျှဝေပေးရန် အစ္စရေးကမ်းလှမ်း

အစ္စရေးနှင့် ဆီးရီးယားပဋိပက္ခအတွင်း ကြားညှပ်ပြီး ရုရှားလေယာဉ်ပစ်ချခံခဲ့ရမှုနှင့် ပတ်သက်၍ အချက်အလက်များ မျှဝေပေးသွားရန် အစ္စရေးဘက်က ကမ်းလှမ်းမှုကို ရုရှားက လက်ခံခဲ့ကြောင်းသိရသည်။

ယခုလအစောပိုင်းက ဆီးရီးယားနိုင်ငံ၊ လာကက်တီရာရှိစစ်ရေးပစ်မှတ် အချို့ကို အစ္စရေးတိုက်လေယာဉ်များက မုံးကျဲခဲ့ပြီး ဆီးရီးယားလေကြောင်း ကာကွယ်ရေးတပ်ဖွဲ့က တုံ့ပြန်ပစ်ခတ်ခဲ့သည်။ အစ္စရေးသည် ဆီးရီးယားပြည်တွင်းစစ်တွင် ပါဝင်တိုက်ခိုက်နေသည့် ရန်သူတော် အီရန်နိုင်ငံ၏ စစ်တပ်များကို ယခင်ကလည်း ရှောင်တခင်ထိုးစစ်ဆင်လေ့ရှိသည်။

စက်တင်ဘာ ၁၇ရက် ဖြစ်စဉ်တွင် အစ္စရေးလေယာဉ်များကို ပစ်ခတ်နေသည့် ဆီးရီးယားလေကြောင်းကာကွယ်ရေးအမြောက်များက မဟာမိတ်ရုရှား၏ ကင်လှည့်လေယာဉ်တစ်စီးကို မှားယွင်းပစ်ချခဲ့သည်။ ယင်းဖြစ်ရပ်တွင် Il-20 လေယာဉ်ပေါ် လိုက်ပါလာသူ ရုရှားစစ်မှုထမ်း ၁၅ ဦးလုံးသေဆုံးခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးက ထိုဖြစ်ရပ်တွင် အစ္စရေး၏ တာဝန်မကင်းကြောင်း စွပ်စွဲဝေဖန်ခဲ့သည်။ အစ္စရေးက ရုရှားစစ်မှုထမ်းများ သေကျေခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း ကြေငြာသော်လည်း အမိကတာဝန်ရှိသူမှာ ဆီးရီးယားအစိုးရစစ်တပ်သာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

အစ္စရေးက ပေးပို့လာသည့် အချက်အလက်များကို ရုရှား၏ ကျွမ်းကျင် ပညာရှင်များက အလေးအနက် စစ်ဆေးသွားမည်ဟု ရုရှားအစိုးရတာဝန်ရှိသူတစ်ဦးက တုံ့ပြန်ခဲ့သည်။

လရောင်

အမေရိကန်သမ္မတ ထရမ့်ကို တန်ပြန်ပြီး အိန္ဒိယမှ အခွန်တိုးကောက်

အိန္ဒိယနှင့် တူရကီတို့သည် အမေရိကန်ကုန်ပစ္စည်းများအပေါ် သွင်းကုန်အခွန်သစ်များ တိုးကောက်လျက်ရှိသည်။ ဩဂုတ်လ ၄ရက်မှစ၍ အခွန်တိုးကောက်မည့် သီးနှံစရင်းကို အိန္ဒိယအစိုးရမှ ထုတ်ပြန်လိုက်ပြီး သံနှင့် သံမဏိ တို့အပေါ်လည်း အခွန်တိုးကောက်မည်ဖြစ်သည်။ အမေရိကန်မှ သွင်းသည့် ကုလားပဲကို တင်သွင်းခွန် ၆၀ ရာခိုင်နှုန်းတိုးမြှင့်မည်ဖြစ်သည်။ ပဲနီလေးကို ၃၀ရာခိုင်နှုန်း တိုးမြှင့်မှာဖြစ်သည်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

ပုဇွန်အသေးစားများအတွက် ၁၅ရာခိုင်နှုန်းတိုးမြှင့်မည်ဖြစ်ပြီး အခြားလူသုံးကုန်နှင့် ပိုးသတ်ဆေးသုံးအက်ဆစ်အမျိုးအစားများကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးတိုးမြှင့်ကောက်ခံမည်ဖြစ်သည်။ တူရကီအစိုးရကလည်း အမေရိကန်မှ ကျောက်မီးသွေး၊ ဆေးရွက်ကြီး၊ ကားနှင့် အခြားကုန်ပစ္စည်းများကို ယခုအချိန်မှစ၍ အခွန်တိုးကောက်မည်ဟု ကြေငြာထားသည်။ အိန္ဒိယနှင့်တူရကီတို့လုပ်ဆောင်ခြင်းသည် အမေရိကန်ဘက်မှ သွင်းကုန်များအပေါ် အခွန်တိုးကောက်ခြင်းအတွက် တန်ပြန်ဆောင်ရွက်လာခြင်းဖြစ်သည်။ အမေရိကန်သည် တိုးမြှင့်ကောက်ခံမည့်သံမဏိနှင့် အလူမီနီယံသွင်းကုန်အခွန်ကြောင့် အိန္ဒိယကို ၂၁၄သန်းလောက် ထိခိုက်မည်ဖြစ်သည်။

အမေရိကန်ကို အိန္ဒိယမှ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးစုစုပေါင်း ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၂.၂၁ဘီလီယံရှိပြီး အမေရိကန်မှ အိန္ဒိယကိုတင်ပို့မှုဒေါ်လာ ၂၂.၃ဘီလီယံရှိသည်။

လရောင်

အသက် ၆၁နှစ်အရွယ်တွင် အဖျားဝေဒနာကြောင့် ဗီယက်နမ်သမ္မတ ကွယ်လွန်

အဖျားဝေဒနာတစ်ရပ်ခံစားခဲ့ရပြီး ဗီယက်နမ်သမ္မတ ထရန်ဒိုင်ကွမ် ကွယ်လွန်သွားကြောင်းသိရသည်။ အသက် ၆၁နှစ်အရွယ် ကွမ်သည် ဟန်နွိုင်းမြို့ မှ စစ်ဆေးရုံတစ်ခုတွင် စက်တင်ဘာ ၂၁ရက်က ဆုံးပါးသွားခဲ့တာဖြစ်သည်။ ပြည်တွင်းပြည်ပဆရာဝန်များက ကွမ်၏ အသက်ကိုကယ်တင်ရန်အစွမ်းကုန်ကြိုးစားခဲ့ကြပြီး ပြင်ထန်သည့် ဖျားနာမှုကို မတွန်းလှန်နိုင်ခဲ့ကြောင်း သိရသည်။

ကွမ်သည် ဗီယက်နမ်၏ အမိကခေါင်းဆောင် ၃ဦးတွင် ပါဝင်မည့်ပွဲလမ်း သဘင်နှင့် အခြားအခမ်းအနားများတွင်သာ အမိကတာဝန်ယူရလေ့ရှိသည်။ ဗီယက်နမ်၏ ဖွဲ့စည်းပုံအရ သမ္မတ၊ ဝန်ကြီးချုပ်နှင့် ကွန်မြူနစ်ပါတီခေါင်းဆောင်များက ဦးဆောင်နေပြီး သမ္မတရာထူးကရုပ်ပြသဘောဆန်နေကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောသည်။

ကွမ်သည် ဟန်နွိုင်းတောင်ပိုင်းမှ တောင်သူလယ်သမားအသိုက်အဝန်းတွင် မွေးဖွားခဲ့ပြီး ပါတီထဲတွင်တဖြည်းဖြည်းရာထူးတက်လာခဲ့ပြီး သူသည်ရဲချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗီယက်နမ်၏ ဩဇာအကြီးဆုံးပေါ်လစ်ဗျူရိုအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

ကွမ်၏ ကျန်းမာရေးဆုတ်ယုတ်လာကြောင်း လူမှုကွန်ယက်မီဒီယာများတွင် ပျံ့နှံ့နေခဲ့သည်မှာ လနှင့်ချီပြီးကြာမြင့်ခဲ့သည်။ စက်တင်ဘာ ၁၁ရက်တွင် ဟန်နွိုင်းကို ရောက်လာသည့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကို လက်ခံတွေ့ဆုံချိန်တွင် ကျန်းမာရေးကောင်းမွန်နေဟန်တွေ့ခဲ့ရသည်။

လရောင်

ဆစ်ဒနီဟိုတယ်တစ်ခုတွင်အဆိပ်ဓာတ်ငွေ့ကြောင့် လူ၅ဦးဆေးရုံရောက်

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ဟိုတယ်တစ်ခု၌ အဆိပ်ဓာတ်ငွေ့ပျံ့နှံ့မှုကြောင့် အနည်းဆုံး လူ ၅ဦးမျှဆေးရုံရောက်ခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၁၈ရက်က ဟိုတယ်၏ လေသန့်စနစ်မှ တဆင့်ကလိုရင်းပါသော အဆိပ်အတောက်ဓာတ်ငွေ့တစ်မျိုး ပျံ့နှံ့လာရာလာရောက်တည်းခိုသောဧည့်သည်များ အသက်ရှူကျပ်သည့် ပြဿနာကြုံလာရသည်။ ဟိုတယ်ဝန်ထမ်းတစ်ဦးက လေသန့်စက်ထဲသို့ ကလိုရင်းပါသောဓာတ်ပစ္စည်းများ မတော်တဆထည့်သွင်းမိရာမှ ယခုလိုအခြေအနေပေါ်ပေါက်လာခြင်းဟု ရဲများကဆိုသည်။

Pullman ဟိုတယ်တွင် ဖြစ်ပွားသောအဆိပ်အတောက်ဓာတ်ငွေ့ပျံ့နှံ့မှုကြောင့် လူ၅ဦးဆေးရုံတင်ခဲ့ရသလိုဧည့်သည်အများအပြားကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း နယူးဆောက်သ်ဝေးလ်စ်ပြည်နယ်လူနာတင်ယာဉ်ဌာနက ပြောကြားခဲ့သည်။

ဟိုတယ်ဝန်ထမ်းကကလိုရင်းနှင့် ဟိုက်ဒရိုကလိုရစ်အက်ဆစ်ကို ရောနှောခဲ့ရာမှာ ဟိုက်ဒရိုကလိုရိုက်ဒ်ဓာတ်ငွေ့များပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။ ယင်းဓာတ်ငွေ့သည်လေသန့်စနစ်မှတဆင့် ဟိုတယ်အတွင်းပိုင်းသို့ ရောက်ရှိသွားခဲ့သည်။

အဆိပ်အတောက်ဓာတ်ငွေ့ရှူရှိုက်မိသူ ၃၀ကျော်မျှရှိခဲ့ပြီးအသက်ရှူကျပ်ခြင်း၊ မျက်လုံးများယားယံခြင်း၊ လည်ပင်းနာကျင်ခြင်းများ ခံစားခဲ့ကြရသည်။ လူ၅ဦးဆေးရုံတက်ခဲ့ရသော်လည်း အသက်အန္တရာယ်စိုးရိမ်ရသည့်အခြေအနေမရှိဟုလည်းသိရှိရသည်။

လရောင်

လန်ဒန်ဖက်ရှင်ရှိုးပွဲမှာ ၁၀ နှစ်အတွင်းပထမဆုံးပါဝင်ပြသတဲ့ ဗစ်တိုးရီးယားဘက်ခမ်း

နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာအဆိုတော်ဗစ်တိုးရီးယားဘက်ခမ်းသည် ကိုယ်ပိုင်ဖက်ရှင်အမှတ်တံဆိပ် တည်ထောင်ပြီး ၁၀နှစ်အတွင်း London Fashion Week ဖက်ရှင်ရှိုးပွဲ၌ ပထမဆုံးအနေဖြင့် သူ၏ ဖန်တီးမှုများကို ပါဝင်ပြသခဲ့သည်။ Spice Girls အဖွဲ့ဝင်အသက် (၄၄) နှစ်အရွယ်ဗစ်တိုးရီးယားဘက်ခမ်း သည် နှစ်များစွာအတွင်း New York's Fashion Week ရှိုးပွဲများတွင်သာ ပြသခဲ့ရာ တနင်္ဂနွေက London Fashion Week ၌၁၀နှစ်အတွင်း ပထမဆုံးပါဝင်ပြသခဲ့သည်။

တနင်္ဂနွေက ကျင်းပသော London Fashion Week ဖက်ရှင်ရှိုးပွဲ၌ ဗစ်တိုးရီးယားသည် အဝတ်အစားဒီဇိုင်း ၁၀ စုံပြသခဲ့ပြီး ခင်ပွန်းဖြစ်သူဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်းနှင့်သားသမီးလေးဦးစလုံး တက်ရောက်အားပေးခဲ့သည်။

လွန်ခဲ့သော ဆယ်နှစ်အတွင်းဗစ်တိုးရီးယား၏ ဖက်ရှင်ဒီဇိုင်းများသည် အနုပညာရှင်များအကြား ရေပန်းစားပြီး ၎င်း၏ဒီဇိုင်းများကို ဝတ်ဆင်သူများအနက် မေလက ဗြိတိန်တော်ဝင်မင်းသားဟယ်ရီနှင့် လက်ထပ်ခဲ့သော မင်းသမီးမီဂန်မာကယ်ပါဝင်သည်။

ဖက်ရှင်လုပ်ငန်းကိုသာ အာရုံစိုက်လုပ်ဆောင်နေသော ဗစ်တိုးရီးယားသည် ၂၀၁၂ လန်ဒန်မြို့တွင်ကျင်းပ သော အိုလံပစ်အားကစားဖွင့်ပွဲအခမ်းအနား၌ Spice Girls အဖွဲ့သားများနှင့်အတူ ဖျော်ဖြေခဲ့ခြင်းက နောက်ဆုံးဖြစ်သည်။

Spice Girls အဖွဲ့သည် ဂီတခရီးစဉ်တစ်ခုလုပ်လည်း ဖျော်ဖြေမည်ဖြစ်ကြောင်း ဇူလိုင်တွင်ကြေညာခဲ့ သော်လည်း ဗစ်တိုးရီးယားပါဝင်မည် မဟုတ်ကြောင်းသိရသည်။

လရောင်

BBC

နယူးယောက်ဖက်ရှင်ပွဲမှာ ဆယ်လီနာဂိုမက်ဇ်နဲ့တွေ့ဆုံခဲ့တဲ့ Black Pink အဖွဲ့ဝင်ရိုစ့်နဲ့ ဂျီဆို

Black Pink အဖွဲ့ဝင်များဖြစ်သော ရိုစ့်နှင့်ဂျီဆိုသည် 'New York Fashion Week' ဖက်ရှင်အခမ်းအနားသို့ တက်ရောက်လာစဉ် အဆိုတော်ဆယ်လီနာဂိုမက်ဇ်နှင့် တွေ့ဆုံခဲ့သည်။ စက်တင်ဘာ ၁၁ ရက်ကနယူးယောက်မြို့၌ ကျင်းပသော 'Coach' ဖက်ရှင်အမှတ်တံဆိပ်၏ ၂၀၁၉ အကြိုနွေရာသီဖက်ရှင်ရှိုးပွဲသို့ ရိုစ့်နှင့်ဂျီဆိုတို့တက် ရောက်လာစဉ်၎င်းတို့သည် နာမည်ကျော်အနုပညာရှင်များစွာနှင့်တွေ့ဆုံခဲ့သည်။

ကေပေ့ါပ်စတားနှစ်ဦးသည် အဆိုပါ ဖက်ရှင်ပွဲသို့တက်ရောက်လာသော ဆယ်လီနာဂိုမက်ဇ်နှင့်တွေ့ဆုံပြီး သုံးဦးသားအမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

ဂျီဆို၊ ဂျင်းနီ၊ ရိုစ့်၊ လီဆာ အဖွဲ့ဝင်လေးဦးဖြင့် ၂၀၁၆တွင် စတင်ဖွဲ့စည်းခဲ့သော Black Pink အဖွဲ့သည် 'Boombayah', 'Playing with Fire', 'Ddu - Du - Ddu - Du' စသည့် သီချင်းများဖြင့် အောင်မြင်မှုရရှိခဲ့ပြီး လက်ရှိတွင် အမေရိကန်အနုပညာကုမ္ပဏီများ၏ ကမ်းလှမ်းခြင်းခံထားရသည်။

လရောင်

Superman ဇာတ်ကောင်ကို စွန့်လွှတ်ပြီလို့သတင်းတွေထွက်လာတဲ့ ဟင်နရီကာဗယ်လ်

Warner Bros ကုမ္ပဏီက ဖြန့်ချိသော DC Exteanded Universe ဇာတ်လမ်းတွဲများ၏ နာမည်ကျော်စူပါဟီးရိုးဇာတ်ကောင် Superman ကို ဗြိတိန်မင်းသားဟင်နရီကာဗယ်လ်စွန့်လွှတ်မည်ဟု သတင်းများကဖော်ပြသည်။ Superman ဇာတ်ကောင်ကို ၂၀၁၃ တွင် စတင်သရုပ်ဆောင်ခဲ့သော အသက် (၃၅) နှစ်အရွယ် ဟင်နရီကာဗယ်လ်သည် ရိုက်ကူးရေး အချိန်ဇယားများ ရှုပ်ထွေးကာ Warner Bros ကုမ္ပဏီနှင့် ၎င်း၏ အနုပညာကုမ္ပဏီအကြားစာချုပ်ဆွေးနွေးမှုများ ပျက်ပြယ်ခဲ့ပြီးနောက် အဆိုပါသတင်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဟင်နရီကာဗယ်လ်သည် ၂၀၁၉ ဧပြီတွင် ဖြန့်ချိမည့် Warner Bros ကုမ္ပဏီ၏ Shazam! ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်ရန် ကနဦးစီစဉ်ထားသော်လည်း ယခုလ၌ Netflix ရုပ်ရှင်ဇာတ်လမ်းတွဲသစ်ဖြစ်သော 'The Witcher' ၏အဓိကဇာတ်ကောင်အဖြစ် သရုပ်ဆောင်ရန် လက်ခံခဲ့သဖြင့် Warner Bros ကုမ္ပဏီနှင့် ၎င်း၏ အနုပညာကုမ္ပဏီအကြား ဆွေးနွေးမှုပျက်ပြယ်ခဲ့သည်။

၂၀၁၃တွင် ထွက်ရှိလာသော Man of Steel ရုပ်ရှင်တွင် Superman ဇာတ်ကောင် စတင်သရုပ်ဆောင်ခဲ့သော ဟင်နရီကာဗယ်လ်သည် ၂၀၁၆ တွင် "Batman vs Superman: Dawn of Justice'နှင့် ၂၀၁၇ တွင်'Justice League' ရုပ်ရှင်ကား၌လည်း ထိုဇာတ်ကောင်ဖြင့် ဆက်လက်သရုပ်ဆောင်ခဲ့သည်။

ထို့အပြင် မကြာသေးမီကထွက်ရှိလာသည့် 'Mission: Impossible - Fallout' ရုပ်ရှင်တွင်လည်း ဟင်နရီကာဗယ်လ်သည် ဟောလိဝုဒ်မင်းသား တွမ်ခရုဇ်နှင့်အတူ တွဲဖက်သရုပ်ဆောင်ထားသည်။

လရောင်

၂၀၂၁ အထိ မန်စီးတီး၌ ရှိနေမည့် သက်တမ်းတိုးစာချုပ်တွင် အဂူရိုလက်မှတ်ရေးထိုး

တိုက်စစ်မှူး ဆာဂျီယို အဂူရို (၃၀)နှစ်သည် မန်စီးတီး၌ ၂၀၂၁ မတိုင်မီအထိ ရှိနေမည့် တစ်နှစ်သက်တမ်းတိုးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း မန်စီးတီးအသင်းက စက်တင်ဘာ ၂၁ ရက်၌ ပြောသည်။

၂၀၁၁ က အက်သလက်တီကို မက်ဒရစ်မှ ပြောင်းရွှေ့လာပြီးနောက်ပိုင်း အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအတွက် ပရီးမီးယားလိဂ်ဖလား သုံးကြိမ်နှင့် လိဂ်ဖလားသုံးကြိမ်ရရှိအောင် ကူညီခဲ့သည်။

ထို့အပြင် အဂူရိုသည် ၂၀၁၂ က ကျူပီအာနှင့် ရာသီပိတ်ပွဲစဉ်တွင် သွင်းယူခဲ့သော နာကျင်အချိန်ပို အနိုင်ဂိုးအပါအဝင် ၂၀၄ဂိုးဖြင့် မန်စီးတီး၏ ထာဝရဂိုးသွင်းဘုရင်အဖြစ် ရပ်တည်နေသည်။

"နောက်တစ်နှစ်သက်တမ်း တိုးနိုင်ခဲ့လို ကျွန်တော်အလွန်ပဲပျော်မိပါတယ်" ဟု မန်စီးတီးအတွက် ယခုနှစ်ရာသီတွင် လိဂ်ငါးပွဲကစားပြီး သုံးဂိုးသွင်းယူထားသူ အဂူရိုကပြောသည်။

"ကျွန်တော့်အတွေးက မန်စီးတီးမှာ ၁၀ နှစ်ရှိနေဖို့ပါ။ ကျွန်တော် ဒီကိုရောက်လာတာ ခုနစ်နှစ်ရှိခဲ့ပါပြီ။ ဒီစာချုပ်သက်တမ်းကုန်တဲ့အခါကျရင် ၁၀ နှစ်ပြည့်တော့မှာပါ။ ၁၀ နှစ်ပြည့်မယ်လို့မျှော်လင့်ရတာပဲ။ ဒါက ကျွန်တော် အခုလိုလက်မှတ်ထိုးခဲ့ရခြင်းရဲ့ အဓိက အကြောင်းရင်းတစ်ခုပါ" ဟု ၎င်းကထပ်လောင်းပြောသည်။

ငယ်ဘဝကလပ်ဖြစ်သော Independiente တွင် ကစားသမားဘဝအဆုံးသတ်လိုကြောင်း ယခင်ကပြောကြားခဲ့သော်လည်း အဂူရိုသည် (၃၃) နှစ်မတိုင်မီအထိ မန်စီးတီး၌ဆက်နေရန် သက်တမ်းတိုးခြင်းဖြင့် မွေးရပ်မြေ အာဂျင်တီးနားသို့ ပြန်သွားရေး ဆိုင်းငံ့ခြင်းဖြစ်သည်။

လတ်တလောလများအတွင်း မန်စီးတီးသည် ဦးစားပေး ပွဲထွက်ကစားသမားများဖြစ်သည့် ကီဗင်ဒီဘရိုင်၊ ဖာနန်ဒင်ဟို၊ ဒေးဗစ်ဆေးလ်ဗား၊ အော်တာမန်ဒီနှင့် ဂိုးသမား အီဒါဆင်တို့ကို နှစ်ရှည်စာချုပ်သစ်များ ချုပ်ဆိုခဲ့သည်။

မြတ်မင်းဇင်

ရော်နယ်ဒို၏ အနီကတ်သည် တရားမျှတမှုမရှိဟု ဂျူဗင်တပ်နည်းပြ အယ်လီဂရီပြောကြား

ဗလင်စီယာကို နှစ်ဂိုးပြတ်နိုင်သောပွဲတွင် ပေါ်တူဂီတိုက်စစ်မှူး ရော်နယ်ဒို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရခြင်းသည် တရားမျှတမှုမရှိဟု ဂျူဗင်တပ်နည်းပြ အယ်လီဂရီကဝေဖန်ပြောကြားသည်။

ရော်နယ်ဒိုသည် ယင်းပွဲ ၂၉ မိနစ်တွင် ဗလင်စီယာနောက်ခံလူ မိုရီလိုနှင့်တိုက်မိကာ မိုရီလို လဲကျပြီးနောက် ၎င်း၏ခေါင်းကို ထိခိုက်ခဲ့သည် (သို့မဟုတ်) ဆံပင်ဆွဲခဲ့သည်ဆိုသော စည်းကြပ်ဒိုင်၏ပြောပြချက်အရဒိုင်လူကြီး ဖီးလစ်ဘရာ့ချ်က တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။

ဂျူဗင်တပ်အနေဖြင့် အယူခံဝင်နိုင်သော်လည်း အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည့် ထင်ရှားသောအမှားမရှိကြောင်း သက်သေပြရမည်ဖြစ်၍ အယူခံအောင်မြင်ဖွယ်မရှိပေ။

ယူအီးအက်ဖ်အေက ရော်နယ်ဒိုကို စည်းကမ်းပိုင်းထိန်းသိမ်းရေး စိစစ်မှုစတင်နေပြီး ယင်းကိစ္စကို စက်တင်ဘာ ၂၇ ရက်တွင် ဆုံးဖြတ်မည်ဖြစ်သည်။

ပရီးမီးယားလိဂ်ကဲ့သို့ အလိုအလျောက် သုံးပွဲပယ်ခံရမည် မဟုတ်သော်လည်း အယူခံခွင့်မရှိဘဲ တစ်ပွဲပယ်ခံရရန် သေချာနေသည်။

ရော်နယ်ဒိုသည် အောက်တိုဘာ ၂ ရက်တွင် ကစားမည့် ယန်းဘွိုင်းနှင့်ပွဲကို လွဲချော်မည်ဖြစ်ပြီး နှစ်ပွဲပယ်ခံရပါက အောက်တိုဘာ ၂၃ ရက်၌ ၎င်း၏အသင်းဟောင်း မန်ယူနှင့် ပွဲပါလွဲချော်မည်ဖြစ်သည်။

ရော်နယ်ဒိုထုတ်ပယ်ခံရမှုနှင့် စပ်လျဉ်း၍ ကန့်ကွက်ပြောဆိုမှုများရှိသလို ထုတ်ပယ်ခံရသင့်သည်ဟု ပြောဆိုမှုများလည်း ရှိသည်။

ယူအီးအက်ဖ်အေစည်းမျဉ်း အပိုဒ် ၉အရ ပွဲကစားနေစဉ် ကွင်းထဲ၌ ဒိုင်၏ ဆုံးဖြတ်ချက်များသည် အပြီးသတ်ဆုံးဖြတ်ချက်ဖြစ်ပြီး ယူအီးအက်ဖ်အေစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ပြန်လည်သုံးသပ်ဖွယ်မရှိဟု ဆိုထားသည်။ သို့သော် ဒိုင်၏သိသာသောအမှားရှိခဲ့ပါက ယင်းဆုံးဖြတ်ချက်အတွက် စည်းကမ်းပိုင်းနောက်ဆက်တွဲအခြေအနေ ပြန်လည်သုံးသပ်နိုင်သည်။

အပိုဒ် ၅၆ အရ ဂျူဗင်တပ်အနေဖြင့် ဗလင်စီယာနှင့်ပွဲအပြီး ၂၄ နာရီအတွင်း ကျင့်ဝတ်စည်းကမ်းထိန်းချုပ်ရေးအဖွဲ့သို့ စာရေး၍ အယူခံဝင်ရမည်ဖြစ်ပြီး ယူရို ၁,၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

မြတ်မင်းဇင်

ချယ်လ်ဆီးအသင်း ဆယ်ကျော်သက်ကစားသမား အမ်ပါဒူ ငါးနှစ်စာချုပ်သစ်ချုပ်ဆို

ဝေးလ်စ်လက်ရွေးစင် အီသန်အမ်ပါဒူသည် အသင်းနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်ဟု ချယ်လ်ဆီးအသင်းက ကြေညာသည်။

၂၀၁၇ တွင် အငြင်းပွားမှုခုံရုံးက သတ်မှတ်သောကြေးဖြင့် Exeter အသင်းမှရောက်လာခဲ့ကတည်းက အမ်ပါဒူသည် စတမ်းဖို့ဒ်ဘရစ်ချ်တွင် အထင်ကြီးဖွယ်ခြေစွမ်းပြသခဲ့သည်။

"ကျွန်တော်တကယ်ဂုဏ်ယူပြီး ပျော်လည်းပျော်ပါတယ်။ နောက်ငါးနှစ်ကို မျှော်လင့်စောင့်စားနေပါတယ်"ဟု ကွင်းလယ်နှင့်နောက်တန်းတွင် ကစားနိုင်သူ အမ်ပါဒူက ပြောသည်။

ချယ်လ်ဆီးအသင်း ဒါရိုက်တာ မာရီနာဂရာနော့စကာအီအာက "လွန်ခဲ့တဲ့တစ်နှစ်က ချယ်လ်ဆီးကို ရောက်လာချိန်ကစပြီး အီသန်က အလားအလာကောင်းတွေ၊ ရင့်ကျက်မှုတွေအများကြီးပြသခဲ့ပါတယ်"ဟု ပြောကြားကာ ရှေ့လာမည့်နှစ်များတွင် ချယ်လ်ဆီးအတွက် အရေးပါသော ကစားသမားတစ်ဦးအဖြစ်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်းပြောကြားသည်။ ထို့အပြင် အချိန်တိုအတွင်းမှာပင် ယင်းကစားသမားက ထူးခြားသောအရည်အသွေးနှင့် စိတ်ဓာတ်ကို ပြသခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

မြတ်မင်းဇင်

ပရီးမီးယားလိဂ်ပွဲချိန်များ ပြောင်းလဲပေးရန် ချယ်လ်ဆီးနည်းပြတောင်းဆို

ဥရောပပြိုင်ပွဲများတွင် ပရီးမီးယားလိဂ်အသင်းများ အခြေအနေပိုကောင်းလာစေရေး ပရီးမီးယားလိဂ်ပွဲချိန်များ ပြောင်းလဲပေးရန် ချယ်လ်ဆီးနည်းပြ မော်ရီဇီယိုဆာရီကတောင်းဆို သည်။

မိမိတို့သည် ၆၄ နာရီကြာပြီး နောက်တစ်ခါပြန်ကစားနေရကာ ယင်းသည်လွယ်ကူသောအလုပ်မဟုတ်ဟု ဆာရီကပြောသည်။ ဆာရီက ၎င်း၏တိုက်စစ်မှူး ဟာဇက်သည် မောပန်းအားနည်းနေသည်ဟု မိမိကို ထုတ်ဖော်ပြောကြားသည်ဟုဆိုသည်။

ဆာရီသည် ပရီးမီးယားလိဂ် ရာသီအစတွင် ရာနှုန်းပြည့်အောင်မြင်နေပြီး ဂရိတွင် ပီအေအိုကေနှင့် ယူရိုပါလိဂ်အတွက် ဟာဇက်နှင့် လူးဝစ်ကိုအနားပေးထားသည်။ ချယ်လ်ဆီးသည် ဝက်စ်ဟမ်းပြီးနောက် ဗုဒ္ဓဟူးနေ့ လိဂ်ဖလားတွင် လီဗာပူးနှင့် ရင်ဆိုင်ကာနောင်လာမည့်စနေ့၌ လီဗာပူးကို အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်သည်။

"အီတလီမှာ ချန်ပီယံလိဂ်မှာ ကစားနေရတဲ့အသင်းဆိုရင် ပွဲကိုသောကြာနေ့မှာ ဒါမှမဟုတ် စနေမှာ ကစားဖို့တောင်းဆိုလို့ရတယ်။ ယူရိုပါလိဂ်မှာ အဝေးကွင်းသွားကစားရရင် တနင်္လာနေ့ညမှာ ကစားဖို့တောင်းဆိုနိုင်တယ်"ဟုဆာရီကပြောသည်။

ဆာရီကဲ့သို့ ပရီးမီးယားလိဂ် ပွဲစဉ်ဇယားပြောင်းလဲရေး အခြားသောနည်းပြများလည်း ယခင်က တောင်းဆိုခဲ့ဖူးသည်။

မြတ်မင်းဇင်

ယခုနှစ်တွင် လီဗာပူးအသင်း ဖလားအားလုံးကို စိန်ခေါ်နိုင်ဟု နောက်ခံလူ ဗန်ဒိုက်ပြောကြား

ယခုရာသီပြိုင်ပွဲလေးခုစလုံးတွင် လီဗာပူးသည် မည်သည့်ပြိုင်ဘက်အသင်းကိုမဆို အန္တရာယ်ဖြစ်သည်ဟု လီဗာပူးနောက်တန်းလူ ဗန်ဒိုက်ကပြောသည်။ သို့သော်မိမိတို့အနေဖြင့် ခြောက်နှစ်ကြာဖလားလက်မဲ့မှုကိုအဆုံးသတ်လိုလျှင် နှိမ့်ချစွာရှိနေရမည်ဟု၎င်းကဆက်လက် ပြောသည်။

မာဆေးဆိုက်အသင်းသည် ယခုရာသီကစားသောခြောက်ပွဲတွင် အနိုင်ရရှိထားပြီး ပီအက်စ်ဂျီကို ၃-၂ ဂိုးဖြင့် အနိုင်ရရှိသောပွဲလည်းပါဝင်သည်။

အပြစ်အနာအဆာမရှိသော ရာသီအစသည် ၂၀၁၂ က လိဂ်ဖလားရရှိပြီးနောက်ပိုင်း ဖလားလက်မဲ့ဖြစ်နေသော လီဗာပူးအတွက် ဖလားတစ်ခုကိုင်မြှောက်ခြင်းဖြင့် အဆုံးသတ်ရမည်ဟု ဗန်ဒိုက်ကပြောသည်။

"ပြီးခဲ့တဲ့နှစ်ကလိုပဲ ကျွန်တော်တို့ပြိုင်ပွဲတိုင်းမှာ ပြိုင်ဆိုင်ချင်ခဲ့တယ်။ ရာသီအစကောင်းနေပါတယ်။ ဘယ်ဖလားမှတော့ မရသေးပါဘူး။ တစ်ပတ်တိုင်း ကျွန်တော်တို့ခြေစွမ်းပြဖို့လိုပါတယ်"ဟု ဗန်ဒိုက်ကပြောသည်။

"ရာသီက အစပဲရှိပါသေးတယ်။ ကျွန်တော်တို့ အစကောင်းတယ်။ ဘာကိုမှ ကံသေကံမ ပြောလို့မရပါဘူး။ ကျွန်တော်တို့ အလုပ်ဆက်ကြိုးစားပြီး နှိမ့်ချနေရပါမယ်" ဟု ဗန်ဒိုက်ကပြောသည်။

မြတ်မင်းဇင်

မြောက်ကိုရီးယားမှ လူထုအားကစားပွဲ



မြောက်ကိုရီးယားလူထုအားကစားပွဲတွင် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ၇မိနစ်အကြာ မိန့်ခွန်းကို ပြောကြားခဲ့သည်။ ထိုပွဲကို စက်တင်ဘာလ ၁၉ရက်က ပြုံယမ်းမြို့တွင် ကျင်းပခဲ့သည်။ အေရီယန်း အားကစားပွဲသည် မြောက်ကိုရီးယား၏ အကြီးဆုံးဝါဒဖြန့်ပွဲကြီးလဲဖြစ်သည်။

အင်မတန်လှပသည့် အက၊ အခုန်၊ ကျွမ်းဘားကွက်များဖြင့် ကိုရီးယားသမိုင်း ဒဏ္ဍာရီများကို ဖော်ကျူးသည့် ထိုပွဲကို လူထောင်သောင်းချီပါဝင်ခဲ့ကြသည်။ ယခုနှစ်သည် မြောက်ကိုရီးယားနိုင်ငံထူထောင်ခြင်း နှစ် ၇၀ပြည့်အခမ်းအနားလည်းဖြစ်သည်။

ပြုံယမ်း မေဒေးအားကစားရုံကြီးထဲသို့ ခေါင်းဆောင်နှစ်ယောက် ယှဉ်တွဲဝင်လာချိန်တွင် ကွင်းထဲရှိ လူတစ်သိန်းခွဲမှ မတ်တပ်ရပ်ပြီး ကြိုဆိုခဲ့ကြသည်။ နှစ်ပေါင်းများစွာ မကျင်းပဖြစ်ခဲ့သည်။ အေရီယန်း အားကစားပွဲကြီးသည် မြောက်ကိုရီးယား၏ ပြည်တွင်းဝါဒဖြန့်ချိရေးတွင် အရေးကြီးသည်။ ညီညွတ်မှု၊ ခေါင်းဆောင်၏ ကြီးမြတ်မှုနှင့် သမိုင်းကြောင်းများကို ဖော်ထုတ်သည့်ပွဲလည်းဖြစ်သည်။

လရောင်